
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# သမုဒယ ပိုဖို

## လျှိုဝှက်တတ်သော...

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၄၇၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၇၁၁၀၁၀
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ရွှန်း ၁လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (၀၅၄၁၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်–၂၀၈၊ ၃၁လမ်း။ ၁၁–ရပ်ကွက်
ပန်းဘဲတန်း။ ရန်ကုန်။
ပထမအကြိမ်
၂၀၁၁၊ မတ်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၅၀၀ကျပ်။

၈၉၅ . ၈၃

သမုဒယပိုမို
လျှို့ဝှက်တတ်သော... / သမုဒယပိုမို ။ –ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၁။

၂၄၀–စာ၊ ၁၂X၁၇ . ၅စင်တီ။
(၁) လျှို့ဝှက်တတ်သော...

www.burmeseclassic.com

www.burmeseclassic.com



အစ . . . . .



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် တိမ်တစ်စမြူလွလွသည် ကောင်းကင်၌ လွင့်မျော နေသည်။

ရင်ထဲက အလွမ်းများကလည်း ထိုတိမ်သို့နှယ်။

နေရာအနှံ့သို့ လွမ်းဆွတ်ကြေကွဲခြင်းများက ဖြန့်ကျက်လျက်၊

သတိရခြင်း ၊ လွမ်းမောတသခြင်းတို့က ရင်ထဲ၌အပြည့် ခံစား နေရသည်။

အလွမ်းဝေဒနာနှင့်အတူ အချစ်စိတ်တို့ကလည်း အဆိပ်တက် သလို ဝေဒနာအဖြစ် တဆစ်ဆစ်နှင့် ဘယ်ဘက်ရင်အုံသို့ ကိုက်ခဲနေ သည်။

အချစ်ဦး ၊ အသည်းနင့်အောင်ချစ်ခဲ့ရသူဖြစ်၍ သတိရခြင်းတို့ခဲ တားဆီးမရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



" လွမ်းလိုက်တာ နေခြည်ရယ် "

တီးတိုးရေရွတ်လိုက်မိသည်။

နေခြည်နွေး ဆိုတဲ့ အပြုံးမျက်နှာပိုင်ရှင်လေး ဘယ်ဆီသို့ ရောက်နေပြီလဲ . . .။

မတွေ့နိုင် ၊ မမြင်နိုင် ၊ မဆုံဆည်းနိုင် ဟူသော စကားလုံးမှာ မိမိအဘိဓာန်တွင် မရှိလျှင်ကောင်းမည်ဟု ကံကောင်းဆက်သာ တွေးမိသည်။

ပြီးဆုံးခဲ့သောအကြောင်းအရာများမှာ ရင်မှာ အသစ်ဖြစ်နေဝဲပါ။

နေခြည်ရယ် . . . မနေ့တနေ့ကလိုပါပဲလား . . .မောင့်အချစ်။

မိခင်ဖြစ်သူပြောလိုက်သော စကားလုံးများ ၊ အေးစက်တင်းမာ လွန်းသော လေသံများ ကံကောင်းအဖို့ နားထဲကကို မထွက်နိုင်သေး။

သူ့မိခင်မှာ သူနှင့်နေခြည်ကို လုံးဝ သဘောမတူသည့်အပြင် ရက်ရက်စက်စက် ခွဲပစ်ရန် ကြိုးစားခဲ့သေးသည်။

တစ်ဖက်သတ် ကြည့်၍ တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သူက . . . ကံကောင်းဆက်သာ ၏ မိခင် ဒေါ်တင်တင်ထား ဖြစ်သည်။

ဒေါ်တင်တင်ထားသည် အတိတ်က ကိစ္စရပ်တွေကို ပြန်ဖော်၍ ဇာတ်လမ်းဟောင်းကို ကပြချင်သူပင်။

အဟောင်းများ အသစ်ဖြစ်လာလောက်အောင် ဒေါ်တင်တင် ထား၏ ရင်ထဲမှာ ဒဏ်ရာများ ရှိခဲ့သည်ကိုး။

သူမရင်ထဲ၌ မကျေမနပ်ဖြစ်ခဲ့ရသော အတိတ်မှ ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သားဖြစ်သူ ကံကောင်းဆက်သာနှင့် နေခြည်နွေးကို လုံးဝသဘော မတူနိုင် ဖြစ်ခဲ့ရသည်။

ယခုတော့ . . .

နေခြည် မရှိတော့တဲ့ . . .

ကံကောင်းအဖို့ ကြီးစွာသော တုန်လှုပ်ချောက်ချားမှု ဖြစ်ခဲ့ရသည်။ ရင်ထဲ အသည်းထဲ၌ နင့်သည်းပြင်းပြစွာ ခံစားရသည်။

သူ့အသည်းနှလုံးသည် ကျကွဲသွားသော မှန်တစ်ချပ်ကဲ့သို့ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခဲ့ပြီ။

အချစ်စိတ်နေရာ၌ ကြေကွဲလွမ်းဆွေးခြင်းတွေက ထပ်တိုး ဝင်ရောက်လာသည်။

ချစ်ခဲ့ကြစဉ်က ပျော်ရွှင်ကြည်နူးခဲ့ရသော အတိုင်းအတာတို့က လွန်စွာ တိုးတောင်းလှပါသည်။

ချစ်ရသူသည် သူ့အား အလွမ်းဝေဒနာကို လက်ဆောင်ပေး၍ ထွက်သွားခဲ့ချေပြီ။

သူကတော့ ချစ်သူပေးသော အလွမ်းဝေဒနာကို ကျေကျေနပ်နပ် ခံယူလိုက်မည်သာ။

အဝေးတိမ်တိုက်ဆီမှ နေခြည်၏အပြုံး၊ နေခြည်၏အလှ . . . ။ ကံကောင်းဆက်သာ မျက်ဝန်းထဲ၌ စိုစွတ်လာသည်။

" နေခြည်ရယ် . . . မောင့်အချစ် ဖြစ်မှဖြစ်ရလေ . . မောင် ဘယ်လို ဖြေရမလဲဟင် "



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က မနေ့တနေ့ကလို။

မေမြို့အတက် တစ်နေရာ၌ ကံကောင်းဆက်သာ ၊ စောထွန်း၊ နေခြည်နွေးနှင့်သီတာတို့လေးယောက် စီးလာသောကားလေးနှင့် ကုန်တင်ကားကြီးတစ်စီးတို့ တိုက်မိကြသည်။

ကားပေါ်ပါလာသူ အားလုံး ဒဏ်ရာ ရကြသည်။

သို့သော် . . .

ဒဏ်ရာသူ လေးယောက်စလုံး ဆေးရုံတစ်ခုတည်းမှာ အတူ တင်ခဲ့ပေမယ့် အဆက်အသွယ် မရကြ။ ကံကောင်းဆက်သာမှာလည်း သတိလစ် သွား၍ ဘာမှ မသိခဲ့ရ။

နေခြည်နွေး၏ ဒဏ်ရာက မျက်နှာပေါ်တွင် စိုးရိမ်ရသော အခြေအနေကြောင့် နေခြည်နွေး၏မိဘတွေက ရန်ကုန်သို့ ခေါ်သွားကြသည်။

ဤအကြောင်းကိုတော့ ကံကောင်းဆက်သာ လုံးဝမသိခဲ့ရ။ ထိုသို့ ဖြစ်ပျက်နေတုန်းက ကံကောင်းက မေ့မျော၍ နေသည်။ ကံကောင်း သတိပြန်ရလာတော့ နေခြည့်ကို အရင်ရှာမိသည်။ မတွေ့ . . .။

“ နေခြည်နွေး မရှိတော့ဘူး ဆုံးပြီ ” . . .တဲ့။

မိခင်ပြောသောစကားကို ကံကောင်းအနေနှင့် မယုံချင်ပေမယ့် ယုံခဲ့ရသည်။

နေခြည်သူငယ်ချင်း သီတာလည်း ဒဏ်ရာ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်ကို ရန်ကုန်ပြန်ခေါ်သွားစဉ်ကပင် တပါတည်း လိုက်သွားသည်။

သီတာဒေဇ်ရာ က သိပ်မများလှပါ။ လက်ကျိုးသွားသည်။ သူမလည်း သိပ်မသက်သာ။

သို့သော် နေခြည့်လောက်တော့ အခြေအနေ မဆိုး . . .။

ကံကောင်းဆက်သာ ကိုယ်တိုင်လည်း ဒဏ်ရာ မနည်းလှ။

ထို့ပြင် ခင်ဝ၌ အောင့်တက်လာသော နှလုံးသား၏ဒဏ်ရာက ပိုပြင်းထန်သည်။

ဒေါ်တင်တင်ထားကတော့ ကံကောင်းကို နောက်ထပ် မည်သည့် သတင်းစကားမှ မပြောတော့ . . .။

ထိန်ချန်ထားသည်။

ထို့ပြင် ဒေါ်တင်တင်ထားက ပြင်ပဆေးရုံမှာ ကံကောင်းကို တင်ထားတာမို့ ဆရာမများ နပ်စ်မများကို အသင့်ပြေအောင် ပေါင်းထားသည်။

ကံကောင်းဆက်သာ မေးလျှင် နေခြည်နွေး မရှိ ဟု ဖြေရန်ပင် ဖြစ်သည်။

ဒေါ်တင်တင်ထား၏ အကြံအောင်မြင်လှသည်။

ကံကောင်းဆက်သာမှာ မိခင်တင်မက ဆေးရုံက ဆရာမတွေကပါ ဝိုင်းပြောတော့ နေခြည်နွေးကို တကယ် သေသည်ဟု ယူဆသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်း စောထွန်းနှင့်ပတ်သက်၍တောင် ဒေါ်တင်တင်ထားက တစ်လုံးမှ မပြောခဲ့။

စောထွန်းက ခေါင်းကွဲသည်။ ခေါင်းကို ငါးချက်ခန့် ချုပ်ရသည်။ လက်မောင်းလည်း ရှသွား၍ ဒဏ်ရာအားလုံး ချုပ်ရသည်။

စောထွန်းလည်း ကုတင်ပေါ်၌သာရှိနေသဖြင့် ဘာအကြောင်းမှ မသိခဲ့ရချေ။

ကံကောင်းဆက်သာတို့ ပြန်ဆုံမိကြပေမယ့် တစ်ယောက်မှ ဘာမှ ရေရေလည်လည် မသိကြ။ နောက်ဆုံး နှစ်ယောက်စလုံး ရန်ကုန်သို့ ပြန်ဆင်းခဲ့ကြသည်။

ရန်ကုန်က အလုပ်တွေကလည်း သူ့အဖို့ ပစ်ထား၍ မရမှတ်လား။ ရန်ကုန်မှာမှ နားနားနေနေနှင့် ဆေးခက်ကုကြရမည်။

လုပ်ငန်း ကိစ္စနှင့် ပတ်သက်၍ ကိုယ်တိုင်ဝင်မလုပ်နိုင်သည့်တိုင် ပါးစပ်ဖြင့် ညွှန်ကြားနိုင်သည်။

ကံကောင်း၏စိတ်ထဲမှာ မိခင်ပြောသမျှကို လုံးဝယုံကြည်နေခဲ့သည်။

ထို့ကြောင့် စိတ်ပင်ပန်းစွာဖြင့် ရန်ကုန်သို့ ပြန်ဆင်းခဲ့သည်။

ရန်ကုန်သည် ချစ်သူနှင့် ပျော်ရွှင်ခဲ့ရာ နယ်မြေ။

မိမိဝေဒနာတွေကို ပြန်လည်ဖြစ်ပေါ်စေမည်ဟု သိလိုက်သည်။

ထို့ကြောင့် ရန်ကုန်ရောက်တော့ အိမ်ထဲက ဘယ်မှမထွက်။ အိမ်မှာပင် ကုပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှ မထွက်ဖြစ် . . .။

" လေးလေးကောင်း "

ခေါ်သံကြောင့် မှေးစင်းထားသော မျက်လုံးတွေ ဖွင့်ကြည့်လိုက်သည်။

သူ့တူ အခန်းဝတွင် ရပ်နေသည်။

" ဘာလဲကွ "

" ဟို . . ညှော်သည်ရောက်နေတယ် . . . ဦးစောထွန်းပါ "

" ဪအေး . . . အေး . . . အခန်းထဲ လွှတ်လိုက် "

မင်းမင်းထွက်သွားတာနှင့် အိပ်နေရာမှ ထထိုင်လိုက်သည်။

မကြာမီ စောထွန်းအခန်းထဲ ဝင်လာသည်။

စောထွန်း၏နဖူးတွင် ပက်တီးဖွေးဖွေးက ရှိနေသေးသည်။

" မင်း နေကောင်းသွားပြီလား . . . ကံကောင်း "

ကံကောင်းဆက်သာ ခေါင်းညိတ်ပြလိုက်သည်။

" အင်း . . . လူကတော့ နေကောင်းသွားပါပြီ "

စောထွန်းက ထိုင်ခုံ၌ ဝင်ထိုင်လိုက်ပြီး သူ့ကို တစ်ချက် ကြည့်ကာ . . .

" မင်းဟာကလည်း တစ်မျိုးပါလား . . . လူက နေကောင်းတယ် ဆိုတော့ စိတ်က မကောင်းဘူးပေါ့ . . . ဟုတ်လား "

ကံကောင်းဆက်သာ ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

သူ့ပါးစပ်မှ အဖြေ ထွက်ရန် အင်အားပင် မရှိ . . .။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းသာ ရှိုက်နေသည်။

" မင်း ဘယ်မှမထွက်ဘဲ အခန်းအောင်းနေတယ်ဆိုလို့ ငါပဲ လာတွေ့ရတော့တာပေါ့ . . . ဒီရောက်တော့ ထင်တဲ့အတိုင်း လွမ်းနာကျ နေတာကိုး . . . "

ကံကောင်း ငိုင်ကျသွားသည်။

မှိုင်တွေ လွမ်းဆွေးနေပုံက ဖုံးဖိ မရ . . .။

" မင်း အိမ်ကပဲ လာတာလား "

" အိမ်ကနေ ရုံးခန်းကို ခဏ ဝင်တယ်၊ ပြီးမှ လာတာ၊ ဒါနဲ့ သီတာနဲ့ နေခြည်တို့အကြောင်းရော စာကြားသေးလဲ "

" မန္တလေးမှာကတည်းက မင်းကို ငါပြောပြီးသားလေ . . နေခြည် မရှိတော့ဘူး . . . ဒီလောကကြီးမှာ မရှိတော့ဘူး ဆိုတာ လေ . . . "

ကံကောင်းဆက်သာအသံက လွမ်းဆွတ်ကွဲရှနေသည်။

စောထွန်းက ခပ်ပြုံးပြုံးဖြင့် . . .

" ဒါဆို နေခြည်ဆုံးတာ မင်းမျက်စိနဲ့ မြင်ခဲ့ရသလား . . . "

သူ ခေါင်းခါပြလိုက်သည်။ စောထွန်းက . . .

" ငါ ပြောချင်တာလည်း အဲဒါပဲ။ မင်းကိုယ်တိုင် နေခြည် သေသွားတာကို မမြင်ခဲ့ရဘူး . . ရှင်းရှင်းပြောမယ်ကွာ . . . နေခြည့်ရဲ့ ရုပ်အလောင်းကိုတောင် မမြင်ခဲ့ရဘူး မဟုတ်လား . . ပြီးတော့ ဘာခြား နေရာက ဘာသတင်းတွေ ကြားမိသေးလဲ "



www.burmeseclassic.com

www.burmeseclassic.com



စောထွန်းစကားကြောင့် ကံကောင်းဆက်သာ နှုတ်ဆိတ်သွားသည်။

သူ ချက်ချင်းစကား ပြန်မပြောနိုင်သေး။

ခဏနေတော့မှ လေးပင်စွာဖြင့် . . .

" အင်း . . . မင်းပြောတာလည်း ဟုတ်တာပဲ ၊ နေခြည်မရှိတော့ဘူးဆိုတာ ငါ မေမေ ပြောလို့သာ သိရတာ ၊ ငါ ဆေးရုံပေါ်မှာကတည်းက လုံးဝမတွေ့ရတာ ၊ နေခြည်ရဲ့ရုပ်အလောင်းတောင် မမြင်ခဲ့ရဘူး . . . နှပ်စ်မလေးတွေကို မေးကြည့်တော့လည်း မေမေ ပြောတဲ့အတိုင်းပဲ ၊ နေခြည် ဆုံးပြီတဲ့ . . . ဒီတော့ ငါလည်း ယုံလိုက်မိတာပေါ့"

စောထွန်းက လက်ဖျောက်တစ်ချက် တီးလိုက်သည်။

" ငါ ပြောချင်တာလည်း အဲဒါပဲ မင်းက မင်းအမေစကားကို ယုံကြည်နေပုံ ရတယ် ၊ နောက် မင်းနှပ်စ်မစကားတွေကိုလည်း ယုံနေတယ် ဒီမှာ . . ကံကောင်း မင်းနဲ့ငါ အရမ်းရင်းနှီးလို့ ငါ့အနေနဲ့ ဒီစကားကို ပြောရမှာ ၊ မင်းအမေစကားနဲ့ သူနာပြုစကားတွေဟာ အမှန်လို့ မင်းထင်လား . . . "

သူ တွေဝေစွာ စဉ်းစားမိပြန်သည်။ ပြန်မဖြေနိုင်သေး။

" ငါလည်း မပြောတတ်တော့ပါဘူး . . . ဇဝေဇဝါ ဖြစ်ပြီး မတွေးတတ်အောင်ပဲ . . "

" အေး အဲဒါကို ပြောတာပေါ့ကွ မင်းအမေဟာ မင်းအပေါ်မှာ မိခင်ကောင်းတစ်ယောက် ပီသခဲ့တယ် ၊ ဒါပေမယ့် မင်းချစ်သူနဲ့ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာတော့ လူကြီးတစ်ယောက် မပီသနိုင်ဘူး ၊ အတိတ်က ရန်ငြိုးကို တုန့်ပြန်ချင်နေတယ် ၊ ဒါ့ကြောင့် မင်းတို့နှစ်ယောက်ကို မကွဲကွဲအောင် ဖန်တီးမယ် ၊ ဒီကြားထဲ ကားတိုက်ပြီး ဒဏ်ရာရကြတော့ သူ့အတွက်ပိုပြီး အကွက်ဝင်သွားတာပေါ့ ''

စောထွန်းပြောသော စကားများကို သူ သေချာစဉ်းစားမိသည်။ ဖြစ်နိုင်ချေ ရှိသည်။

'' တို့အားလုံး ဆေးရုံပေါ်ရောက်နေတော့ အဆက်အသွယ် ပြတ်သွားကြတယ် ၊ အကြောင်းစုံ ဘာမှ မသိကြရဘူး ၊ တမင် နေခြည် သေပြီ လို့ ပြောလိုက်တာပဲ ဖြစ်ရမယ် ၊ ပြီးတော့ ဆေးရုံပေါ်က နပ်စ် တွေကိုရော နှုတ်ပိတ်ထားတာ မဖြစ်နိုင်ဘူးလား ၊ မင်းနေခြည်သူငယ်ချင်း သီတာနဲ့ရော တွေ့ပြီးပြီလား ''

ကံကောင်းဆက်သာ ခေါင်း ခါပြလိုက်သည်။

'' သီတာနဲ့လည်း မတွေ့ရပါဘူး . . . သူတို့ မိဘဆွေမျိုးတွေ လာခေါ်သွားတာ ဖြစ်မှာပေါ့ ''

'' ကောင်းပြီ . . . ပိုပြီး ဖြစ်နိုင်ချေရှိတာက နာရေးကြော်ငြာပဲ။ အဲဒါလည်း ငါ ရှာကြည့်ပြီးပြီ ၊ နေခြည်နဲ့ နာမည်လေးတူတာတောင် မတွေ့ဘူး ၊ ဒါဆိုရင် နေခြည် သေတာ မဖြစ်နိုင်ဘူး . . . မင်းရဲ့နေခြည် အသက်ရှင်လျက် ရှိနေနိုင်သေးပါတယ်ကွာ ''

စောထွန်းစကားတွေက ကျိုးကြောင်းခိုင်လုံနေတာကြောင့် သူ ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်မှာ မျှော်လင့်ချက် ရောင်ခြည်တွေ ယှက်သန်းလာသည်။

" မင်းပြောတာ ဖြစ်နိုင်တယ် . . . နေခြည် . . နေခြည် မသေနိုင်သေးဘူး . . . သူငယ်ချင်း ကျေးဇူးတင်တယ်ကွာ "

သူ ဓာတ်တွန်းရဲ့ပုခုံးကို ဖက်ပြီး ဝမ်းသာအားရ ပြောလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုသည် အမြင်အာရုံကို ထာဝရ စိုးမိုးနေသည်။

မြင်နိုင်တွေ့နိုင်ခြင်း မရှိခဲ့သည်မှာ ကြာလှပါပြီ။ အရာရာကို နားနှင့်သာ ခံစားနေရသည်။

အို ဘဝတစ်ခုလုံးကိုတော့ အမှောင်ထု မစိုးမိုးပါစေနှင့်ဟု ကြိတ်၍ နေခြည် ဆုတောင်းနေမိသည်။ ဝမ်းနည်းအားငယ်စိတ်ကြောင့် မျက်ရည်ကျမိသည်ကလည်း အကြိမ်ကြိမ် အခါခါ . . .

နေခြည်မှာ သူ့ကို တွေ့လိုမြင်လိုစိတ် ပြင်းပြနေမိသည်။ သူ ဘယ်လိုဖြစ်သွားလဲဆိုတာ ယနေ့ထိ နေခြည် သိခွင့်မရသေး။

နေခြည် ယခုလို ဖြစ်နေတာရော မောင် သိပါ့မလား။ နေခြည့် အခြေအနေကို မသိလို့ဘဲ နေမှာပါ။ သိလျှင် မောင် နေခြည်ထံ အပြေး ရောက်လာမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ရန်ကုန်သို့ ပြန်ရောက်မလာခင်ကတည်းကပင် အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။

နေခြည် ဘာမှ မမြင်ရသဖြင့် မည်ကဲ့သို့ မောင့်ကို ဆက်သွယ်ရပါမည်နည်း . . .။

မည်သူ့ကို အကူအညီ တောင်းရပါမည်နည်း . . .။

သီတာလည်း နေခြည့်ဆီပေါ်မလာတော့ . . . သူလည်း သူ့ဝေဒနာနဲ့ သူလေ . . .။

နေခြည်တို့ရဲ့ဇာတ်လမ်းကို အိမ်က လူကြီးတွေက ရိပ်မိနေကြသည်။ အထူးသဖြင့် နေခြည့်အဘိုးဦးလင်းထင်က ပို၍ သိသည်။ နေခြည့်အဘိုးမှတစ်ဆင့် ဖေဖေနှင့်မေမေတို့ သိသွားခဲ့ကြသည်။

မိဘနှစ်ပါးကလည်း သမီးနှင့်ပတ်သက်သောကိစ္စဖြစ်၍ အလေးအနက်ထားကာ ကံကောင်းဆက်သာအကြောင်းကို အသေအချာ စုံစမ်းကြသည်။

ကံကောင်းဆက်သာ အကျင့်စာရိတ္တနှင့် ပတ်သက်၍ အပြစ်ပြောစရာမရှိ။ ထို့ပြင် မိဘအသိုင်းအဝိုင်းအခြေအနေကလည်း မနိမ့်ပါ။ ပြည့်စုံသော တစ်ဦးတည်းသော သားဖြစ်သလို စီးရီးတွေကို ပရိဂျူဆာပေါက်စတစ်ယောက်လည်း ဖြစ်သည်။

သမီးရှင်များအနေနှင့်လည်း လုံးဝ ငြင်းပယ်စရာအကြောင်း မရှိပါ။

သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းဆက်သာ၏ မိဘများမှာ ဦးငွေအောင်နှင့်ဒေါ်တင်တင်ထား ဟူသောအမည်ကို သိလိုက်ရသည်နှင့် နေခြည်၏မိခင် ဒေါ်ခက်ခက်မှာ အစိုးရိမ်တကြီး ဖြစ်သွားရသည်။

အတိတ်မှအကြောင်းများက မိဘများကြားတွင် ရှိခဲ့သည် မဟုတ်ပါလား . . .။ အတိတ်၏အရိပ်များမှာ ယခုလက်ရှိ ကလေးတွေထိ ရိုက်ခတ်လေသည်။

ထို့ကြောင့် ဒေါ်ခက်ခက်က ခင်ပွန်းဖြစ်သူ ဦးဝေလွင်ကို ဖွင့်ပြောခဲ့သည်။ ဦးဝေလွင်ကတော့ သွေးအေးလွန်းလှသည့် သမီးအတွက် စိတ်မကောင်းဖြစ်ခြင်းတော့ ရှိ၏။

" ဪ . . .သမီးလေး ကုသိုလ်ကံက ဆိုးလိုက်တာနော် "

ဒေါ်တင်တင်ထား၏စိတ်ဓါတ်နှင့်ဆို ဒေါ်ခက်ခက်တို့လင်မယားနှစ်ယောက် ရိပ်မိပြီးသား ကြိုတင်တွက်ဆမိပြီးသား ဖြစ်တော့သည်။

အတိတ်ကအကြောင်းများကြောင့် ဒေါ်တင်တင်ထားသည် မိမိတို့နှစ်ယောက်အပေါ် မည်သည့်နည်းနဲ့မျှ ခွင့်လွှတ်နိုင်မည် မဟုတ်။

သို့သော် ဒေါ်တင်တင်ထား မသိရသေးသော လုံးဝနားမလည်ခဲ့သော အကြောင်းအရာများ ရှိနေခဲ့သည်။ ထိုအကြောင်းအရာများကို သိသော ဦးဝေလွင်ကလည်း ဖွင့်ဟပြောမည် မဟုတ်။

ဦးဝေလွင်နှင့် ဒေါ်ခင်ခင်တို့၏သမီးကို သူမ၏သားနှင့် လုံးဝသဘောတူလိမ့်မည် မထင်။ သေချာပေါက်ကို ခါးသီးစွာငြင်းပယ်မည့်အသေအချာ ဖြစ်၏။ မဖြစ်ဖြစ်သည့်နည်းနှင့် ခွဲပစ်မည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို ဦးဝေလွင်နှင့် ဒေါ်ခက်ခက်တို့ နားလည်သဘော ပေါက်ကြသည်။ ထို့ကြောင့် မိဘနှစ်ပါးစလုံးက နေခြည့်ကို ပို၍ သနားမိ ကာ ရင်ထဲမချိအောင် ခံစားရသည်။

ကံဆိုးမလေး နေခြည်နွေး။

ဒီကြားထဲမှာပင် ဒေါ်တင်တင်ထားသည် နေခြည်နှင့် ဆုံဖြစ် အောင် ဆုံခဲ့မိကြသည်။ ထိုကဲ့သို့ ဆုံဆည်းခြင်းကပင် နေခြည့်အတွက် ကံဆိုးရခြင်း ဖြစ်သည်။

ထိုစဉ်က နေခြည့်အခြေအနေမှာ မန္တလေးဆေးရုံခန်းတစ်ခု၌ မျက်နှာတပြင်လုံးပတ်တီးများ စီးနှောင်ထားရသည့် အခြေအနေဖြစ်သည်။

ဘာကိုမှ မမြင်ရသောနေခြည့်ကို ဒေါ်တင်တင်ထားက ရက် စက်စွာ ပြောဆိုသွားသည်။နေခြည့်ရင်ထဲမှာ ခါးသည်းစွာ ကျန်ရစ်ခဲ့သည်။

နေခြည် လုံးဝ မမေ့နိုင်ပါ . . .။

မောင့်မိခင်၏စကားလုံးတိုင်းက နေခြည့်အသည်းကို တစစီဖွဲ့ခြွေ လိုက်သလိုပါပဲ။ နေခြည် တစ်ခွန်းမှ တုန့်ပြန်မပြောနိုင်ခဲ့၊ မျက်ရည်များ သာ အဖေါ်ပြုပြီး ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ခဲ့ရသည်။

ဖြစ်နိုင်လျှင် မောင့်ဆီကို ပြေးသွားချင်သည်။

မောင့်ရင်ခွင်ကို မှီ၍ အကြောင်းစုံ ပြောပြချင်မိသည်။ ယခုတော့ နေခြည်သည် ဘာကိုမျှ မမြင်ရသော သီးခြားကမ္ဘာလေးထဲသို့ ရောက်နေ သလိုပင်။

မောင့်ကို မတွေ့ရတာလည်း ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်အနေနဲ့ လွမ်းဆွတ်တမ်းတရုံ၊ တိတ်တဆိတ်မျက်ရည်ကျရုံမှ လွဲ၍ ဘာမှကို မတတ်နိုင်ခဲ့။

ကံကြမ္မာသည် နေခြည့်ကိုမှ ရွေး၍ နှိပ်စက်လေသလား။

နေခြည် သက်ပြင်းချရုံမှ လွဲ၍ ဘာမှကို မတတ်နိုင်။

ဒီနေ့ . . .

နေခြည့်မျက်နှာပြင်ပေါ်မှ ပတ်တီးများကို ခွာရမည် ဖြစ်သည်။ နေခြည့်ရင်ထဲ တထိတ်ထိတ် ခုန်နေသည်။ တစ်စုံတရာကို တွေး၍ ကြောက်ရွံ့နေသည်။

ယခုတော့ နေခြည် ထိတ်လန့်နေသောအချိန်ကို ရောက်ရှိလာသည်။ နေခြည်ရောက်နေသည်က သီးသန့်ခန်းဖြစ်သည်။

နေခြည်ဘေးသို့ နပ်စ်မလေးများနှင့် ဆရာဝန်တို့ ရောက်လာကြသည်။ တရှပ်ရှပ်နှင့် ခြေသံများကို ကြားလိုက်ရသည်။ နပ်စ်မလေးသုံးယောက်ရော ဆရာဝန်ကြီးကပါ နေခြည့်ကို ကြင်နာနွေးထွေးစွာ ဆက်ဆံကြသည်။

" မနွေနေခြည်နွေး "

" ဟုတ်ကဲ့ ပြောပါဆရာ "

နေခြည့်အသံက အားငယ်စွာတ်နေသည်။

" ဒီနေ့ သမီးရဲ့မျက်နှာပေါ်က ပတ်တီးတွေကို ဖြေရတော့မယ်နော် "

" ဟုတ်ကဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာမှ မစိုးရိမ်ပါနဲ့ . . . စိတ်ကို ငြိမ်ငြိမ်လေးထားပါ "

" ဟုတ်ကဲ့ပါ ဆရာ "

ဆရာဝန်က ပတ်တီးဖြေရန် ပြောလိုက်သည်။ နပ်စမလေးများက နေခြည့်မျက်နှာပေါ်မှ ပတ်တီးများကို တလွှာပြီးတလွှာ ဖြည်းညင်းစွာ ခွါနေကြသည်။

နောက်ဆုံးအလွှာ . . .

အားလုံးက ရင်ခုန်စိတ်လှုပ်ရှားစွာ ကြည့်နေကြသည်။ သူတို့အားလုံးသည် နေခြည်၏နဂိုမူလမျက်နှာလေးကို ဓါတ်ပုံထဲ၌ မြင်တွေ့ဖူးထားကြပြီး ဖြစ်သည်။

နေခြည်သည် လှပချောမောသော မိန်းကလေးတစ်ယောက် ဖြစ်မှန်း သိခဲ့ကြသည်။

သို့သော် . . .

နောက်ဆုံးအလွှာကို အသာယာခွါချလိုက်သည်။

" အို . . "

" ဟင် . . . "

အားလုံး မျက်နှာ ပျက်သွားကြသည်။ အသံထွက်သွားမိသော ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ထားလိုက်ကြသည်။

နေခြည် ရင်ခုန်နေသည်။ မျက်ဝန်းထဲ၌ အမှောင်က ကြီးစိုးသည်။ သို့သော် မျက်စိကိုတော့ မထိခိုက်မိကြောင်း ဆရာဝန်ကြီးက ပြောထား၍ နည်းနည်းတော့ စိတ်ချမ်းသာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျက်ဝန်းကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ ဖြူဖွေးသန့်စင်နေသော အခန်းထဲသို့ နေခြည်ရောက်နေသည်။ ကြင်နာမှုအပြည့်ရှိသော ဆရာဝန်ကြီးတစ်ယောက်၊ နပ်စမလေးယောက် အားလုံးကို ကောင်းစွာ မြင်ရသည်။

သို့သော် . . .

နေခြည်သည် မိမိ၏မျက်နှာကို လက်ချောင်းကလေးများဖြင့် အလျှင်အမြန် စမ်းသပ်ကြည့်လိုက်သည်။

“ ဟင် . . .”

နေခြည် တုန်လှုပ်သွားသည်။ ရင်ထဲ၌ လှိုက်ဖိုဆူဝေ‌ဆောက်သွားသည်။ မျက်လုံးများ ပြာဝေသွားသလို ခံစားလိုက်ရသည်။

နေခြည့်မျက်နှာပေါ်၌ ကြမ်းတမ်းသောအဖုအထွေ့နှင့် အရေးအကြောင်းများကို စမ်းသပ်မိလိုက်သည်။

နေခြည်၏နဂိုမူလမျက်နှာပြင်သည် ချောမွေ့သန့်စင်လှပလွန်းသည်။ ဘာတစ်ခုမှ မရှိပါ။ ပကတိချောမောလွန်းသည်။

ယခုတော့ အမာရွတ်များ . . ဒဏ်ရာများ . . .

“ မြတ်စွာဘုရား . . .”

မျက်ရည်များ နေခြည့်ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျဆင်းလာသည်။ အားလုံးက နေခြည့်ကို ကြည့်၍ စိတ်မကောင်းဖြစ်နေကြသည်။

နဂိုက လွန်စွာလှပလွန်းသော နေခြည်သည် ယခုအခါ မျက်နှာပေါ်၌ ဒဏ်ရာများရ၍ပင် ပင်ကိုယ်ရုပ်ပျောက်နေသည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



" နေ . . နေခြည့်ကို မှန်တစ်ချပ်လောက် ရှာပေးကြပါ "

နေခြည် ကယောင်ကတန်းတောင်းတော့ ဆရာဝန်က ဖြည်းညင်းစွာ ခေါင်းငါပြသည်။

" နေခြည်ငွေး . . . စိတ်အေးအေး ထားပေးပါ ၊ သိပ်ပြီး တုန်လှုပ် မနေပါနဲ့ . . .မှန်ကို ခုချက်ချင်း မကြည့်ရသေးဘူး။ ခဏကြာမှ ကြည့်ရမယ်နော် "

နေခြည် အော်ငိုလိုက်ချင်သည်။ နေခြည့်မျက်နှာကို အမြန်ဆုံး ကြည့်ချင်နေမိသည်။

ယခင်က လှပသော မျက်နှာမျိုး မဟုတ်တာတော့ သေချာသည်။

ဤသို့ဆိုလျှင် . . .

နေခြည်သည် မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ဝမ်းနည်းစွာ ရှိုက်ကြီးတငင်ငိုကြွေးလိုက်မိသည်။ ဝမ်းနည်းကြေကွဲခြင်းက ရင်မှာ ကြီးစိုးနေသည်။

ဒီလို ဘဝမျိုးနှင့် နေခြည် မည်ကဲ့သို့ အသက်ရှင်နေထိုင်ရပါမည်နည်း . . ။

နေခြည်ရုပ်ရည်က ယခင်လို လှပနိုင်ခြင်း မရှိတော့ . . .

ဒီလိုဆိုရင် . . .

မောင်ဖရော . . . နေခြည့်ကို ချစ်နိုင်ပါမည်လော . . ။

ဒီလိုရုပ်ဆိုးမကို ချစ်သူ တော်နိုင်ပါဦးမည်လော . . .

နေခြည် ဟုပင် ဒီပုံစံကို ယုံနိုင်ပါမည်လား . . .



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရင်ထဲက အချစ်ကို ဤနေရာတွင် မှတ်ကျောက်တင်ရမည် ဖြစ်သည်။

သို့သော် နေခြည် မောင့်ကို စိတ်မဆင်းရဲစေလိုပါ။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အကျည်းတန်ရုပ်ဆိုးမကို ချစ်ရမည်ဆိုလျှင် မောင်ချစ်နိုင်ပါမည်လား . . .။

နေခြည် ခေါင်းကို ခါယမ်းလိုက်သည်။

နေခြည့်ရင်ထဲမှာ ကံကောင်းဆက်သာ ဟူသော အမည်ကို အပြီးအပိုင် ဖျက်ပစ်ရတော့မည် ဟု ဝမ်းနည်းစွာ ဆုံးဖြတ်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" သမီး နေခြည်နွေး "

ဆရာဝန်ကြီးက နွေးထွေးစွာ ခေါ်လိုက်တာကြောင့် နေခြည် မော့ကြည့်လိုက်သည်။

" ဆရာ . . ဆရာ နေခြည် . . . နေခြည် ဘာလုပ်ရမလဲဟင် နေခြည် သေချင်တယ် . . ဒီပုံစံနဲ့တော့ လောကကြီးထဲမှာ မနေချင်ဘူး"

" ဘာမှ စိတ်ဓါတ်ကျစရာ မလိုဘူး သမီး ၊ ဒီလောက်တိုးတက် နေတဲ့ ခေတ်ကြီးမှာ အားလုံးပလက်စတစ် ဆာဂျရီ ပြန်လုပ်လို့ ရတယ်လေ သမီးလည်း ပညာတတ်တစ်ယောက်ပဲ . . ဒါတွေ သိပါတယ် . . . လောလောဆယ် ကားမှန်တွေကို ခွဲထုတ်ထားလို့ ဒီလို ဖြစ်နေတာပါ "

နေခြည်မျက်နှာပေါ်၌ မျှော်လင့်ချင့်ချက်ရောင်ခြည်ကလေးများ တောက်ပလာသည်။ နေခြည့်၏မျက်နှာပြင်ကို ကြည့်၍ ဆရာဝန်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှိုက်လိုက်သည်။

" တကယ်လား ဆရာ "

နေခြည်က အားတက်သံလေးဖြင့် မေးလိုက်သည်။

" ဒါပေါ့ သမီးရဲ့ . . . ဘာပဲဖြစ်ဖြစ် မျက်စိ မထိခိုက်သွားတာ အများကြီး ကံကောင်းပါတယ် "

" တကယ်လား ဆရာကြီးရယ် . . . သမီး ဝမ်းသာလိုက်တာ၊ ဒါဆို နေခြည့်မျက်နှာ ပြန်ပြီး ကုသလို့ ရနိုင်တာပေါ့ "

ဆရာဝန်ကြီးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

" ရတာပေါ့ သမီးရယ် . . . ဘာမှ စိတ်ပူစရာအကြောင်း မရှိဘူး၊ သမီးသာ ကုချင်တယ်ဆိုရင် ဆရာ့အသိ ပလပ်စတစ်ဆာဂျရီ စပါယ်ရှယ်လစ်ဆီ ခေါ်သွားမှာပေါ့ "

" ဟုတ်ကဲ့ပါ ဒေါက်တာရယ် . . . နေခြည် အခုလို သိရတာ ကျေးဇူးတင်ပါတယ် ၊ နေခြည်ဆေးရုံပေါ်ကရော ဆင်းလို့ ရပြီလား"

ဆရာကြီးက ခေတ္တမျှ စဉ်းစားပြီး . . .

" နှစ်ရက်လောက် နေပြီးရင်တော့ ဆင်းလို့ရပါပြီ။ တစ်ပါတ်လောက်နားနေ လူရော ၊ စိတ်ပါ အပန်းဖြေ စိတ်ညစ်စရာတွေ မတွေးနဲ့၊ အားလုံးဒဏ်ရာတွေ အသားသေတော့ တစ်ပါတ်လောက်ပေါ့။ အဲဒီမှ ဆရာ့ဆီ လာခဲ့ . . . ပလပ်စတစ်ဆာဂျရီဆရာဝန်ကြီးဆီကို ခေါ်သွားပေးမယ်"

" ကျေးဇူးပါပဲ ဆရာကြီးရယ် "



www.burmeseclassic.com

www.burmeseclassic.com



" ကဲ . . . နေခြည် . . ဆရာသွားဦးမယ်နော် "

ဆရာဝန်ကြီးနှင့် နပ်စ်မများ ထွက်ခွာသွားသည်နှင့် နေခြည်ပိုင်၏ ကျန်ရစ်ခဲ့သည်။ တစ်ယောက်တည်း ကျန်ခဲ့တာနှင့် နေခြည့်အတွက်တော့ မောင့်အကြောင်းသာ စဉ်းစားမိသည်။

" မောင်ရယ် . . .နေခြည့်အဖြစ်ကို မြင်ပဲ မြင်လှည့်ပါဦး. . နေခြည်-ရင်တွေ ကွဲထွက်မတတ် ခံစားနေပါပြီရှင် "

ရင်ထဲမှ တီးတိုးရေရွတ်လိုက်မိသည်။ မျက်နှာပေါ်မှ ဒဏ်ရာကို အသာစမ်းကြည့်မိပြီး သက်ပြင်းအကြိမ်ကြိမ် ချမိသည်။

အိပ်စက်ခြင်းက မိမိအတွက် အကောင်းဆုံးမို့ မျက်လုံးအစုံကို တင်းတင်းမှိတ်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေပိုင်း၌ နေခြည်သည် မိဘများ လာခေါ်၍ ဆေးရုံမှ ဆင်းခဲ့သည်။

အိမ်သို့ ပြန်ရောက်ရောက်ခြင်း အဝတ်အစားလဲရန် နေခြည် မှန်ရှေ့၌ ရပ်လိုက်သည်။

မှန်ထဲမှ မိမိပုံရိပ်ကို မိမိမြင်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေကာ ပုံလျက်သား လဲကျသွားတော့သည်။

မိခင်မှာ သမီးကို ပွေ့ဖက်ရင်း . . .

"သမီး . . , သမီး . . ဖြစ်ရလေ မေ့သမီးရယ် . . အဖေကြီး လုပ်ပါဦး . . ."

နေခြည် လုံးဝ သတိလစ်သွားသည်။ သတိလစ်ရအောင်က လည်း မှန်ထဲတွင် မြင်ရသော နေခြည့်ရုပ်သွင်ကား . . ။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်သွိမ်ခင်ဒေါ်ခက်ခက်က သမီးဖြစ်သူကို ရင်ခွင်ထဲ၌ ယုယစွာ ပိုက်ထွေးထားသည်။

" ဩော် . . . ဖြစ်ရလေ မေ့သမီးရယ် . . .မေမေမွေးတုန်းက ချောချော လှလှလေး . . အခုတော့ . . . ငါ့သမီးလေး ကိုယ့်ရုပ်ကိုယ် ကြည့်ပြီး မူးမေ့သွားရတယ်လို့ . . . ဘယ်ဘဝက ဝဋ်ကြွေးများ ပါလာတာလဲ မသိပါဘူးကွယ် "

ဒေါ်ခက်ခက်မှာ ပြောရင်း မျက်ရည်စီးကျလာသည်။

ဦးဝေမွှင်မှာ သမီးကို ကုတင်ပေါ်သို့ ပွေ့တင်ပေးရင်း ဒေါ်ခက်ခက်ကို ချော့မော့ ပြောဆိုနေရသည်။

" ခက်ါ . . . စိတ်မကောင်း မဖြစ်ပါနဲ့ကွာ. .ကုလို့ရသေးတာပဲ အသက် မသေဘာပဲ ကံကောင်းလို့ပဲ မှတ်၊ မျက်စိတွေ ဘာတွေကွယ် မသွားတာဘဲ ကံကောင်းတယ်လို့ ဖြေပါ။ လှုရယ်လို့ ဖြစ်လာရင် အခက်အခဲတွေ အဆင်မပြေတာလေးတွေတော့ ရှိမှာပေါ့ကွာ "

ဒေါ်ခက်ခက် ခေါင်းခါလိုက်သည်။

" ဒါတွေ ခက် သည်းမခံနိုင်ဘူး . . . ခက်သမီးရဲ့ကုသိုလ်ကံက ဘာ့ကြောင့် ဆိုးနေရတာလဲ၊ ကံတရားက သမီးကိုမှ ရွေးပြီး နှိပ်စက်တာလား၊ ဒီအရွယ်အထိ သမီးလေးမှာ ဘာမှ မပူမပင်ဘဲ ပျော်ပျော်ရွှင်ရွှင် နေထိုင်လာခဲ့ရတယ်၊ အခုတော့ သမီးလေးရဲ့မျက်နှာကို ကြည့်စမ်းပါဦး ဘယ်လောက် ရုပ်ဆိုးအကျည်းတန်လဲ ဒီပုံစံနဲ့ ဘယ်လို လူတောတိုးမလဲ သမီးဘဝကတော့ ဆုံးပါပြီ . . . ကိုဝေရယ် "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခက်ခက် သမီးအဖြစ်ကို ကြည့်ကာ မျက်ရည်တွေ စီးကျလာသည်။

ဦးဝေလွင်ကမူ ပြတင်းပေါက်မှ အပြင်သို့ငေးကြည့်ရင်း စကားကို တစ်လုံးချင်း ပြောလိုက်သည်။

" သမီးကို ခက်တစ်ယောက်တည်း ချစ်တာ မဟုတ်ပါဘူး . . သမီးတစ်ယောက်တည်းရှိတော့ ကိုယ်လည်း သိပ်ချစ်ရပါတယ်ကွယ် . . စိတ်လည်း မကောင်းဖြစ်ရတယ်၊ ဒါပေမယ့် ကိုယ်တို့က ရှေ့က ဒါမျိုး ဖြစ်ပြနေလို့ မရဘူး . . . သမီးလေးကို အားပေးရမယ်၊ သမီးလေးရှေ့က မားမားမတ်မတ် ရပ်ပေးရမယ်လေ "

" အို . . . ရှင်က ယောက်ျားပဲ၊ ဘာဖြစ်ဖြစ် ရပ်နိုင်တာပေါ့၊ သမီးလေးမှာသာ အရုပ်ဆိုး . . အကျည်းတန် . . ."

ဒေါ်ခက်ခက်က ပြောရင်းမှ အသံတိမ်ဝင်သွားသည်။

မွေးတုန်းက ချောချောလှလှလေး။

အခုတော့ . . .

" ဒီ့အတွက် မပူပါနဲ့ ခင်ရယ် . . .ဆရာဝန်ကြီးက ပြောလိုက်တာပဲ။ ပလပ်စတစ်ဆာဂျရီနဲ့ပြန်ပြီး ကုလိုက်ရင် အရင်ကထက် ချောတဲ့ မျက်နှာကို ပြန်ရမှာပဲကွ၊ မင်း စိတ်မပူပါနဲ့ကွာ "

" ဒါ တကယ်ပဲနော် ကိုဝေ အဲဒီလို ကုလိုက်ရင် သမီးရဲ့မျက်နှာ ပြန်ကောင်းလာမှာနော် . . . "

" တကယ်ပါ ခက်ရဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဒိ တော်ပါသေးရဲ့ . . .ကိုဝေပြောသလိုဆိုရင် သမီးလေးရဲ့ မျက်နှာ လှလှပပပြန်ဖြစ်လာတာကို မြင်ရရင်ပဲ ခက် စိတ်ချမ်းသာပါပြီ"

ဦးဝေလွင် ထိုင်ခုံတစ်ခုံ ဆွဲ၍ ထိုင်လိုက်သည်။

ဦးဝေလွင်၏ မျက်နှာပေါ်တွင် တည်ကြည်လေးနက်ခြင်းတို့ ကြီးစိုးလျက် . . .

" ကိုဝေက သမီးရဲ့ရှေ့ရေးကို တွေးပြီး ရင်လေးမိတာ အမှန်ပဲ"

ဦးဝေလွင်စကား အဓိပ္ပါယ်ကို ဒေါ်ခက်ခက် နားလည်သဘော ပေါက်ပါသည်။

ထို့ကြောင့် မျက်နှာညှိုးငယ်သွားရသည်။

" မရောက်သေးတဲ့ အခြေအနေတွေကို တွေးပူမပါနဲ့ . . . ကိုဝေရယ် "

" ဪ . . .အတိတ်က အရိပ်တွေ ပြန်ထင်လာလို့ ပြော တာပါ ခက်ရယ် . . . ကိုယ်တို့တတွေက အကြောင်း မဟုတ်ဘူး . . . လောကရဲ့ဒဏ်ကို ခံနိုင်ရည် ရှိနေပါပြီ။ ဒါပေမယ့် . . . သမီးနေခြည်က ဘာမှ မသိရှာသေးဘူး။ အပြစ်မဲ့တဲ့ သမီးလေးက တို့တတွေရဲ့ ဓါးစာ ဖြစ်နေရတယ် "

" အင်းလေ . . . သမီးရဲ့ချစ်သူ မောင်ကံကောင်းဆက်သာဟာ ဒေါ်တင်တင်ထားရဲ့ သားဖြစ်နေတာက အခိုးဆုံးပဲ။ သူတို့နှစ်ယောက် ဆုံဆည်းဖို့ ဘယ်လိုများ ကံကြမ္မာက ဖန်တီးတာလဲ မသိဘူး "

ဒေါ်ခက်ခက် စိတ်ရှုပ်ထွေးစွာဖြင့် ညည်းတွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ ဒေါ်တင်တင်ထားလည်း ဒီကိစ္စအတွက် ဘာတွေများ အငြိုးတကြီးနဲ့ လျှောက်လုပ်ဦးမလဲ . . မသိပါဘူးကွာ ”

“ လုပ်လည်း ရှင့်အဆက်ဟောင်းကြီးပဲလေ . . သည်းခံလိုက်ပေါ့ရှင် ”

ဒေါ်ခက်ခက် မျက်စောင်းက ဦးဝေလွင်ထံ ရောက်လာရဟာကြောင့် ပြုံးမိသည်။

“ ထားပါတော့ . . . ဒေါ်တင်တင်ထား မသိသေးတဲ့အကြောင်းအရာတွေကိုပဲ ကိုယ်တို့မှာ ရှိသေးတာပဲ။ ပြီးတော့ ခုချိန်ထိလည်း သူသိပုံ မပေါ်သေးဘူး။ ဒါ့ကြောင့် ဒေါ်တင်တင်ထားဟာ ကိုယ်တို့နှစ်ယောက်အပေါ် အခဲကျေမှာ မဟုတ်ဘူး . .လက်တုန့်ပြန်ဖို့ အခွင့်အရေးကိုစောင့်နေမှာပဲ ၊ ဒေါ်တင်တင်ထားတို့က ချမ်းသာတယ် ဒီတော့ သူ့မှာမာနပဲ ရှိတယ် ၊ သူဖြစ်ချင်တာကို ဖြစ်အောင် လုပ်မှာပဲလေ ”

ဒေါ်ခက်ခက်က ခင်ပွန်းကို မော့ကြည့်လိုက်မိသည်။

ဦးဝေလွင်၏ မျက်နှာကလည်း တည်ငြိမ်အေးဆေးလှသည်။

“ အဲဒီအချိန်ကဆိုရင် ဒေါ်တင်တင်ထားအနေနဲ့ အတော့်ကိုခံစားခဲ့ရမှာပဲ။ ကိုယ့်အနေနဲ့ကလည်း မှန်တဲ့လမ်း ၊ အားလုံးအတွက်အဆင်အပြေဆုံးလမ်းကို ရွေးလျှောက်ခဲ့တယ် ဆိုတာကို မသိရှာဘူး၊ ဒါကို ခက်လည်း အသိပဲ . . . မဟုတ်လား ”

ဒေါ်ခက်ခက်က သက်ပြင်းချလိုက်မိသည်။

မိမိတို့ အဖြစ်အပျက်များကို မသိသော ဒေါ်တင်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



ကတော့ နာကြည်းခံပြင်းနေမှာပဲ ဟု တွေးမိသည်။

" ဒီအကြောင်းကို မသိတဲ့ ဒေါ်တင်တင်ထားကတော့ ရန်ငြိုးကို မီးအဖြစ် ရင်ထဲမှာ အလှုံ့ညီးညီးနဲ့ သိမ်းဆည်းထားမှာ အသေအချာပဲ။ အင်း . . . သမီးလေးနေခြည်နဲ့ သူ့ရဲ့ရန်ငြိုးတွေကို အကောင်အထည် ဖေါ်တော့တာပဲ . . . ကြားထဲက ကလေးနှစ်ယောက်ဟာ ဘာမှ မသိနားမလည်ဘဲ မြေစာပင် ဖြစ်ပြီး ချစ်ခြင်းမေတ္တာရဲ့ ပူလောင်ခြင်းကို ခံစားရတော့မှာပဲ . . . "

ဒေါ်ခက်ခက် ခေါင်းဆတ်ပြလိုက်သည်။

ဒေါ်တင်တင်ထားနှင့် သူမသည် ငယ်သူငယ်ချင်း အရင်းအချာ။ နောက်တော့ ချစ်သူလုဖက် ဖြစ်ခဲ့ရသည်။

အခြေအနေက မမျှော်လင့်ဘဲ ပြောင်းလဲခဲ့ရသည် မဟုတ်ပါလား . . .။

သို့သော် မိမိအမှား မဟုတ်ဟု ဒေါ်ခက်ခက် ယူဆသည်။

ဒီကိစ္စတွေကို ဆုံးဖြတ်ခဲ့သူ ကာယကံရှင်က ဦးဝေလွင် ကိုယ်တိုင်ပင် မဟုတ်ပါလား . . .။

ယခု သမီးနှင့်ပတ်သက်လာတော့ ဒေါ်ခက်ခက် ငြိမ်မနေနိုင်တော့ . . .

" အခု ခက် ဒေါ်တင်တင်ထားကို သွားတွေ့ရင် မကောင်းဘူးလား . . . ကိုဝေလွင် "

ဦးဝေလွင်က ဖြည်းညင်းစွာ ခေါင်းခါယမ်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို ဖွာရှိုက်ရင်းမှ . . .

" သွားမတွေ့တာ ကောင်းပါတယ် ခက်ရယ် . . . ကိုယ်တို့ ဘယ်လိုပဲ သွားတွေ့ပါစေ . . .တင်တင်ထားက လက်လျှော့မှာ မဟုတ်ဘူး၊ အခုချိန်က သွေးပူနေတဲ့အချိန်ဆိုတော့ ပြဿနာတောင် ပိုတက်လာနိုင်တယ် "

ဒေါ်ခက်ခက် ခေါင်းညိတ်ပြရင်း သက်ပြင်းရှိုက်လိုက်သည်။

ရင်မောဖွယ်ကောင်းလိုက်တာ . . .။

" ကဲပါလေ . . ဖြစ်လာမှတော့ စိတ်မကောင်း မဖြစ်ပါနဲ့ . . အခြေအနေနဲ့အချိန်အခါကို ကြည့်ပြီး စီစဉ်ကြတာပေါ့ . . . သမီးကို စိတ်ချမ်းသာအောင် ထားပါလေ၊ သူဖြစ်ချင်တာတွေ တတ်နိုင်သလောက် ဖြည့်ပေးပါကွာ "

" အင်းပါ . . . ခက် နားလည်ပါတယ် "

ဒေါ်ခက်ခက်မှာ သမီးဖြစ်သူကို ငုံ့ကြည့်လိုက်သည်။

သမီးလေး သည် စောစောကပင် ထိတ်လန့်သွားရာမှ သတိမေ့ပြီး အိပ်မောကျသွား ပုံရသည်။ အသက် မှန်မှန် ရှူနေသည်။

သမီးလေးမျက်နှာပြင်ပေါ်မှ ဒဏ်ရာအမာရွတ်များကို ကြည့်၍ ဒေါ်ခက်ခက် ရင်ထဲ၌ မချိပါ။

ဝမ်းနည်းကြေကွဲရပါသည်။

" ဖြစ်မှ ဖြစ်ရလေ သမီးလေးရယ် "

ဒေါ်ခက်ခက် နေခြည်ကို ယုယစွာ ရင်ခွင်၌ ပွေ့ဖက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မျက်ရည်များ ကျလာမိပြန်သည်။

သမီးလေး၏ ပါးပြင်ပေါ်သို့ ကျသွားမှာ စိုး၍ ကပျာကယာ သုတ်လိုက်သည်။

မေမေ့ရင်ခွင့်ထဲမှာ မေ့မှိုရင်း အနားယူပါတော့ သမီးလေးရယ်။

ဦးဝေလွင်ကား သားအမိနှစ်ယောက်ကိုကြည့်ရင်း စိတ်မကောင်း ဖြစ်စွာ အခန်းထဲမှ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလုံးများက တအိအိဖြင့် ပြုံဆင်းကျ၍ လာနေသည်။

ဝေးသီမြင့်မားလွန်းသော တောင်ထိပ်ဆီမှ နှင်းမှုန်လေးများ တဖွားဖွား ကျနေသည်။

ဝါးသစ်ရွက်နုနုများကို တို့ထိဖြတ်သန်းသွားသော လေတိုးသံ။

နုသစ်စွာ ဖြန့်ကျက်လာသော နေခြည်။

လွမ်းဆွတ်ဖွယ်ကောင်းသော ဂီတသံစဉ်များ။

အော်ဂင်သံသည် အခန်းထဲ၌ ဖြည်းဖြည်းမှန်မှန် ပေါ်ထွက်နေသည်။

ထိုသံစဉ်များကို ဖန်တီးနေသူကား ကံကောင်းဆက်သာ ဖြစ်သည်။ အော်ဂင်ထိုင်ခုံ၌ ထိုင်နေသည့်မျက်ဝန်းအစုံက ဖျော့တော့လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေပုံက စိတ်မပါ လက်မပါ . . ။

ဆံပင်များက အတော်ပင် ရှည်နေပြီ။

ပါးသိုင်းမွေး ၊ မုတ်ဆိတ်မွေးများက မျက်နှာပေါ်တွင် အပြည့် နည်းပါး နေရာယူထားသည်။

ကံကောင်းဆက်သာ စိတ်ညစ်နေမိသည်။

စိတ်ညစ်၍ အရာရာ ကို ဥပက္ခာပြုထားချင်သည်။

ထို့ကြောင့် ဖြစ်သလိုသာ နေလိုက်ခြင်းပင် ဖြစ်သည်။

မှုန်မှိုင်းရီဝေသော အတွေးအိမ်ထဲ၌ မြင်တွေ့ရမှုသည် မပီမပြင် ဝိုးတဝါးလေး အရိပ်တို့ကသာ ကြီးစိုးလွှမ်းရှားနေသည်။

ထို့ကြောင့် အော်ဂင်ခုံ၌ ထိုင်၍ စိတ်ပြေရာပြေကြောင်း ခလုတ် များကို တို့ထိနေခြင်း ဖြစ်သည်။ သံစဉ်တို့က အနိမ့်အမြင့် မညီမျှစွာ ပြင်းထန်စွာ ထွက်ပေါ်နေသည်။

ဆက်၍ တီးချင်စိတ် မရှိတော့သဖြင့် ကံကောင်းဆက်သာသည် အော်ဂင်ခုံပေါ်၌ မျက်နှာကို မှောက်ကာ အပ်ထားလိုက်သည်။

အလွင်းသဘားလုံးလုံး ဖြစ်နေတာ ဖမောင့်အချစ်နေခြည်မှ သိပါ လေစ . . ။

ရင်ထဲမှာ ကြေကွဲဆို့နစ်နေသည်။

နေရာတိုင်းမှာ သန့်စင်နုထွေး သော နေခြည့်အပြုံးက လွှမ်းမိုး ထားသည်။ သတိမရစေရန် ဘယ်လိုပင် အားတင်းထားပါသော်လည်း မေ့လျော့စေခြင်းငှာ မတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ် ခံစားရတော့မှပင် ရင်ကွဲ မတတ်ပါလား။

" မောင့်အချစ်ရယ် . . . ဘယ်ဆီကိုများ ရောက်နေသလဲ ၊ ဖုန်းဆက်လို့လည်း မရ။ အိမ်သွားဖို့ကလည်း မဝံ့ရဲ၊ မောင့်ကို ဘာ့ကြောင့် ပြေးရှောင်ပုန်းနေသလဲကွယ် "

ကံကောင်းဆက်သာ ထိုကဲ့သို့ ဖြစ်နေတာကို မြင်နေသူက ကံကောင်းဆက်သာ အဒေါ်ဖြစ်သူ ဒေါ်လေးသန့် ဖြစ်သည်။ တူဖြစ်သူ၏ အဖြစ်ကို ကြည့်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်တော့သည်။

" တူ . .တူ . . တူ "

ဖုန်းမြည်သံကြောင့် ဒေါ်တင်တင်ထား တင်ယောက် ဆက်တီပေါ်မှ ထကိုင်လိုက်သည်။

" မမလား . . . သန့်ပါ "

သန့်ဆိုသော အသံကြောင့် ဒေါ်တင်တင်ထား ခပ်မတ်မတ် ဖြစ်သွားသည်။

သန့်ဆိုသည်က မိမိ၏ ညီမဝမ်းကွဲဖြစ်ပြီး ရန်ကုန်တွင် သားဖြစ်သူ ကံကောင်းဆက်သာနှင့် အတူထားသူဖြစ်သည့်သန့်က ကိစ္စ မရှိဘဲ ဖုန်းဆက်တတ်သူ မဟုတ်။

" အေး . . . သန့်ပြော . . ဘာများ အရေးတကြီးကိစ္စ ရှိလို့လဲ "

" ကောင်း ကိစ္စပါ "

ဒေါ်တင်တင်ထား ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ထားရင်ဘတ်ကို လက်နှင့် ဖိထားလိုက်သည်။ သားကိုစွဆို၍ ဒေါ်တင်တင်ထား ရင်ပူသွားသည်။

" သား . .ဘာဖြစ်နေလို့လဲ၊ သန့် မြန်မြန်ပြောစမ်းပါ . . . ငါ စိတ်ပူလို့ "

" ပြောရရင်တော့ အရှည်ကြီးပဲ . . . မမရဲ့ "

" ကဲပါ . . . ပြောမှာသာ ပြောစမ်းပါ၊ လိုရင်းသာပြော . . ဒါမှ ငါ ရန်ကုန် ဆင်းလာသင့် မလာသင့် ဆုံးဖြတ်လို့ရမှာ "

ဒေါ်တင်တင်ထားက စိတ်မရှည်သလို ပြောလိုက်သည်။

" ဒီလို မမရဲ့ . . . ကောင်း ရန်ကုန်ကို ပြန်ရောက်လာကတည်းက ကျွန်မ အကဲခတ်ရသလောက် အရင်ကနဲ့ လုံးဝကို မတူတော့ဘူး . . . "

" ဘယ်လို . . . ဘယ်လို "

" ဒီလို မမရဲ့ . . . အရင်တုန်းကဆို ကောင်းဟာ သူ့အလုပ်ကို သူ တက်တက်ကြွကြွနဲ့ စိတ်ဝင်တစား လုပ်တယ်၊ အခု မန္တလေးက ပြန်ရောက်မှ အမူအယာတွေ အရမ်းပြောင်းနေတယ် "

" ဩော် . . ဒါလား၊ ဟင်း . . ဟင်း . . . ခန့်ကလည်း ဒီလောက်တော့ ရှိမှာပေါ့ကွယ် "

ဒေါ်တင်တင်ထားက အခြေအနေကို သဘောပေါက်စွာ ပြောလိုက်သည်။

" ဒါဝင် မကသေးဘူး မမရဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဘာတွေ ဖြစ်နေသေးလို့လဲ . . ."

" အိမ်က လူတွေနဲ့လည်း တစ်ယောက်နဲ့မှ စကားမပြောဘူး၊ ထမင်းလည်း စားချင်မှစားတာ ၊ မျက်နှာကလည်း တစ်ချက်ကလေးမှ မရွှင်ဘူး ၊ သူ့ဘာသာသူပဲ ငေးငေးနေတာ ၊ တစ်နေ့တခြား ပိုဆိုးလာပြီး လူက လူရုပ်နဲ့တောင် မတူတော့ဘူး . . ."

ဒေါ်တင်တင်ထား သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ခန့်က ဆက်ပြောသည်။

" အခုဆို ဖိုသီဖတ်သီနဲ့ လူရုပ် မပေါ်တော့ဘူး မုတ်ဆိတ်မွေးတွေကလည်း ရှည်လို့ . . . အရင်က ကောင်းဟာ ကိုယ်တွေ့ကိုယ်ပြောတာ မဟုတ်ဘူး ၊ လူချောတစ်ယောက်ပါ။ အခုတော့ အရက်တွေလည်း သောက်တယ် ၊ ကြာရင်တော့ အရက်သမားလုံးလုံးကို ဖြစ်တော့မှာ. . . မမရေ . . . "

" ဟင် . . . အရက်သောက်တယ် ဟုတ်လား . .သားကလေ"

ဒေါ်တင်တင်ထား အလန့်တကြား မေးလိုက်မိသည်။

" ဟုတ်တယ် . . . သူ့အခန်းထဲမှာဆိုရင် စီးကရက်ဖူးနဲ့ အရက်ပုလင်းခွံတွေချည်းပဲ "

" အို . . . ဖြစ်ရလေ "

ဒေါ်တင်တင်ထားရင်မှာ မပျော်နိုင်စွာ ချက်ချင်း ငိုင်ကျသွားသည်။

ဒီလောက်ဖြစ်သွားမည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ ဖြောင်းဆန်သွားသည်။

သား ကံကောင်းတစ်ယောက် မည်သို့ ခံစားရမည်ဆိုတာ သူမ ခန့်မှန်းရပါသည်။

သားဖြစ်သူရောဂါရဲ့ အဓိကတရားခံကတော့ ဟိုမိန်းကလေး ကြောင့်ပါ။

တင်ဘက်သတ် စွပ်စွဲနေမိသည်။

တယ်လီဖုန်းကို ပါးမှာ ကပ်၍ ငိုင်နေမိသည်။

" ဒဲဒါပဲ မမရဲ့ . . . ကျွန်မ တွေ့ရသလောက်အခြေအနေ လှမ်းပြောပြရတာ "

" အခု သား အိမ်မှာ ရှိသေးလား "

" စောစောကတော့ တွေ့တယ်၊ ဟော . . . ခုပဲ ထွက်သွား ဒေါ်ဘင်တင်ထား နာကျင်စွာ ပြုံးမိသည်။

မိမိပစ်ခွင်းလိုက်သော မြားက တစ်ဘက်မိသားစုသာမက မိမိ သားပါ ခံစားနေရပြီ ဖြစ်သည်။

" အေးလေ . . ဆက်ပြီးဂရုစိုက် ကြည့်လိုက်ပါ . . အခြေအနေ ပိုးဆိုးလာရင်တော့ ဖုန်းထပ်ဆက်ပေါ့ ဟုတ်ပြီလား "

" ဟုတ်ကဲ့ . . မမတို့ရော ရန်ကုန် ဘယ်တော့ ဆင်းလာမှာလဲ "

ဒေါ်ဘင်တင်ထား ခဏ စဉ်းစားလိုက်သည်။

" အခြေအနေအရပဲ သန့် . . . သားလေးဟာ နေခြင်း ကောင်မလေးကြောင့် ခုလိုဖြစ်နေတာ . . ဟင်း . . ဟင်း ဒါပဲ ဒိုဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကိစ္စလေးတွေကလည်း ရှိနေသေးတယ် . . ချက်ချင်းကြီး မလာနိုင်သေးဘူး ၊ ဒါပေမယ့် လာမှာပါ . . . သားကို စိုးရိမ်တယ် ၊ လာခါနီးမှ ဖုန်းဆက်မယ် ''

'' ဒါဖြင့် ဖုန်းချလိုက်တော့မယ်နော် ''

ဖုန်းချရင်း ဒေါ်တင်တင်ထား တယ်လီဖုန်းကို ငေးကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိသည်။

သား ကံကောင်းဆက်သာ အချစ်၏ဝေဒနာကို ကောင်းကောင်းကြီး ခံစားနေရမှန်း ဒေါ်တင်တင်ထား သိပါ၏။

ဒေါ်တင်တင်ထားကို လက်ပိုက်၍ ကြည့်နေသူက ဦးငွေအောင်။

'' ဩော် . . . ကိုငွေအောင် ထိုင်လေ၊ ဘာရပ်သုပ်နေတာလဲ''

'' ဖုန်း ဘယ်က လာသလဲ ''

'' ရန်ကုန်ကပါ . . . သားကိစ္စ ''

'' သားက ဘာဖြစ်လို့လဲ ''

ဒေါ်တင်တင်ထားကို အကျိုးအကြောင်း အနည်းငယ် ပြောပြလိုက်သည်။

'' ဩော် . . . တင်တင်ရယ် ၊ မင်းရဲ့မာနတွေ ၊ အာဃာတတွေ ဘယ်တော့မှ ပြေပျောက်မှာလဲကွာ ''

ဒေါ်တင်တင်ထား ဆတ်ခနဲ ဖြစ်သွားသည်။ ပါးပျဉ်းထောင်ထ လာသော မြွေဟောက်တစ်ကောင်ကဲ့သို့ပင် ဦးငွေအောင်ကို စူးစူးဝါးဝါး ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ ကိုငွေအောင် ရှင်က ဒီကိစ္စတွေ ဘယ်လောက်တောင်မှ သိထားလို့လဲ . . ."

" သိသင့်သလောက်တော့ သိပါတယ် တင်တင်ရယ် "

ဒေါ်တင်တင်ထား၏မျက်နှာပေါ်တွင် မာန်မာန အရိပ်များနှင့် ခက်ထန်နေသည်။

" တင်တင် . . မင်းလုပ်နေတာကို ကိုယ်သိတယ်နော် . . . ပြီးတာတွေ ပြီးပါစေတော့ . . . ကလေးနှစ်ယောက်ဟာ ဒီကိစ္စမှာ ဓါးစာခံ မဖြစ်သင့်ဘူးနော် "

ဒေါ်တင်တင်ထား မဲ့ပြုံးပြုံးလိုက်သည်။

" ဒီကိစ္စတွေက ကျွန်မကိစ္စတွေပါ . . . ရှင်နဲ့ မဆိုင်ပါဘူး၊ ကျွန်မသားကိစ္စ ကျွန်မသာ စီစဉ်မယ် . . . ရှင် ဝင်မပါနဲ့ "

" ဝင်မပါလို့ မရဘူးလေ . . .အခုပဲ သားခံစားနေရပြီလေ"

" ရှင် နားမလည်ပါဘူး . .ဒီကိစ္စတွေက အတိတ်က ကိစ္စတွေ ဖြစ်ပေမယ့် ကျွန်မရင်မှာ ခုထိ မကျက်နိုင်သေးတဲ့ ဒဏ်ရာတွေပဲ "

" ဒါက ယယ်ယယ်က ကိစ္စတွေပါကွာ၊ ဘာလဲ . . .တင်တင်က အဆက်ဟောင်းကြီး ကိုဝေလွင်ကို သတိရနေတုန်းမို့လား "

ဦးငွေအောင် စကားကြောင့် ဒေါ်တင်တင်ထား ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

" ရှင် စကားကို ဆင်ခြင်ပြောပါ . . . ကျွန်မကို ဘယ်လို အစားမျိုး ထင်နေလို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



ဦးငွေအောင် က လက်ကာပြ၍ ပြုံးလိုက်သည်။

" ဆောရီးပဲ တင်တင်ရယ် ကိုယ်ဆိုလိုတာ ဒီသဘော မဟုတ်ပါဘူး။ ငယ်ငယ်တုန်းက တင်တင်ရယ်၊ ခက်ခက်ရယ်၊ ကိုဝေလွင်ရယ် သုံးပွင့်ဆိုင်ဇာတ်လမ်း ဖြစ်ခဲ့ရတယ်လေ ၊ ခက်ခက်ဟာ တင်တင်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သလို ကိုဝေလွင်ကလည်း တင်တင့်ရဲ့ချစ်သူ ဖြစ်ခဲ့တယ်လေ၊ ဒီမှာ ကိုယ်က တင်တင့်ကို ရခဲ့တာ ကိုဝေလွင်နဲ့ခက်ခက် တို့ ခိုးပြေးသွားလို့ မှတ်လား ဒီတော့ ကိုယ့်အနေနဲ့ သူတို့ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေတာလေ "

" ဟွန်း. . .ရှင့်ရင်ထဲမှာ ကျေးဇူးတင်ပေမယ့် ကျွန်မ ခံရခက်လို့ ရှင့်အချစ်ဆိုတာထက် ဒင်းတို့နှစ်ယောက် သစ္စာဖေါက်သွားကြလို့ပဲ "

ဒေါ်တင်တင်ထား မကျေမချမ်း ပြောလိုက်သည်။

" ဒါနဲ့ . . . ကိုယ် မရှင်းတာ တစ်ခု မေးရဦးမယ် ကိုဝေလွင်နဲ့ ခက်ခက်က ဘာကြောင့် ခိုးပြေးသွားတာလဲ . . . "

" ဒါတော့ ကျွန်မလည်း မသိဘူး . . . သူတို့ ကျွန်မကွယ်ရာမှာ တိတ်တိတ်ဖြစ်နေလို့ နေမှာပေါ့ "

ဒေါ်တင်တင်ထားလေသံက တုန်ခါနေသည်။ ဦးငွေအောင် ဆက်ပြုံးရှိုက်လိုက်သည်။

" အို . . . ဘာလိုပဲဖြစ်ဖြစ် ကျွန်မကတော့ သားနဲ့ ဒီသစ္စာဖေါက်နှစ်ယောက်ရဲ့ သမီးကို လုံးဝ သဘောမတူဘူး . . . ဒင်းတို့သမီးက ဒင်းတို့လိုပဲ နေမှာပေါ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုလည်း မဟုတ်သေးဘူးလေ "

" အို . . .ဟုတ်ဟုတ် မဟုတ်ဟုတ် ကျွန်မကတော့ သဘော မတူဘူးဆို လုံးဝပဲ . . . ရအောင်ခွဲမှာ "

ဦးငွေအောင် သက်ပြင်း ထပ်မံရှိုက်မိသည်။

" ကောင်မလေးကို ငါ မြင်ဖူးပါတယ်၊ သားကိုလည်း တကယ် ချစ်ပုံရပါတယ် "

" ချစ်တာတွေ ဘာတွေ လုပ်မနေနဲ့ . . . ရှင့်ကိုလည်း ပြောထားတယ်နော် . . . ဒီကိစ္စထဲ ဝင်မရှုပ်နဲ့ "

" မင်းကလည်းကွာ . . ."

" ဟုတ်တယ် . . . သားကိုလည်း အပြတ်ပြောထားလိုက်ပြီ၊ မင်း ကောင်မလေး ဆုံးပြီလို့ . . . "

" ဘာ . . ."

ဦးငွေအောင် အံ့သြသွားသည်။ ခေါင်းတင်တင်ထား ဟက်ဟက် ပက်ပက် ရယ်မောလိုက်သည်။

" ဟား . .ဟား . .ဟုတ်တယ် . . .သူတို့ကို ရှင်ခွဲ ခွဲမရမှာ စိုးလို့ သေခွဲ ခွဲလိုက်တာလေ "

" မင်းကွာ . . . လူကြီးဖြစ်ပြီး မကောင်းပါဘူး . . . သား မတော်တဆ တွေ့သွားရင် မင်းကို လိမ်တယ်ဆိုပြီး အထင်သေးသွားမှာ ပေါ့ . . ဒါကို စဉ်းစားမိရဲ့လား . . ."

" အို . . . တွေ့လည်း ဒီလို ဒဏ်ရာတွေနဲ့ ရှင်သန်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်မကို ကျွန်မသားက မှတ်မိမလား . . . ရှင် စဉ်းစဉ်းစားစား ပြောပါဦး . . . ရှင်သာ ဝင်မပါနဲ့ ”

ဦးငွေအောင်လည်း ဇနီးသည်ကို စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းခါပြီး အိမ်ထဲ ဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဝေသော နံနက်ခင်းတွင် ဖြစ်သည်။

" တီ . . တီ . . တီ "

အိမ်ရှေ့တံခါးမှ ဘဲလ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

ထမင်းစားခန်းထဲတွင် နေခြည်တို့ သားအမိသားအဖသုံးယောက် ကော်ဖီအတူ သောက်နေကြသည်။

နေခြည် ဆတ်ခနဲ ဖြစ်သွားသည်။

" မေမေ . . . အိမ်ရှေ့မှာ ဘယ်သူလဲ မသိဘူး၊ မနက်စောစောဘယ်က ဧည့်သည်ပါလိမ့် "

နေခြည်က ပြောပြီး ချက်ချင်းပင် သူ၏အခန်းထဲ ဝင်သွား

ဒဏ်ရာ ရပြီးကတည်းက အိမ်သို့ ဧည့်သည်လာလျှင် ရှောင်လေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒေါ်ခက်ခက် ထိုင်နေရာမှ ထသည်။ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

" ဟင် . . . "

ဧည့်သည်ဖြစ်သူကို ကြည့်လိုက်တော့ ဒေါ်ခက်ခက် အံ့သြသွားသည်။

" သီတာ . . . လာလေ . . သမီး ဒီအထိ လိုက်လာမယ် တောင် မထင်ဘူး . . .နေခြည့်ကို သူ့အဘိုးအိမ်မှာ ရှာပြီး မတွေ့တာနဲ့ အဆက်အသွယ် မလုပ်တော့ဘူးလို့တောင် ထင်နေတာ "

ဒေါ်ခက်ခက်က တံခါးကို ကမန်းကတန်းဖြင့် ဖွင့်ပေးလိုက်သည်။ သီတာက အပြုံးမပျက်ပင် . . .

" ဟုတ်တယ် အန်တီရဲ့ . . .သမီးလည်း နေခြည့်ကို တွေ့ချင် နေတာ . . . ရှိတယ် မှတ်လား . . . "

" ရှိတော့ ရှိတယ် . . . ဒါပေမယ့် သမီးလေးက ဘယ်သူ့ကိုမှ အတွေ့ မခံဘူးကွယ့် . . . သီတာဆိုရင်တော့ အတွေ့ခံမလား မသိဘူး။ သီတာရဲ့သူငယ်ချင်းကို သွားတွေ့လိုက်ပါဦး "

နေခြည့်အခန်းထဲသို့ သီတာ ဝင်လာသည်။

အခန်းထဲ၌ လင်း၍ နေသည်။

ပြတင်းပေါက်မှ ဖြတ်၍ တိုးဝင်လာသော နေရောင်ခြည်က တစ်ခန်းလုံးကို လင်းနေစေသည်။

အပြာနုရောင် ခန်းဆီးစများက တဖျပ်ဖျပ် လွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝကို ကျောပေးလျက် ပြတင်းပေါက်မှ ငေးမောကြည့်နေသည်။

နေခြည် အခန်းဝသို့ လှည့်မကြည့်။

သီတာ နေခြည့်ထံသို့ မရောက်တာကြာပြီ ဟု ဆိုနိုင်သည်။

သူငယ်ချင်းနှစ်ယောက် အဆက်အသွယ် ပြတ်နေကြသည်။

ကားချင်းတိုက်မိပြီး ဒဏ်ရာရပြီးကတည်းက မဆုံကြတာ အခုမှ ပထမဆုံးအကြိမ် ပြန်လည်ဆုံတွေ့ရတာ ဖြစ်သည်။

သီတာ့မှာလည်း နေခြည့်အဖိုးတွေအိမ်ကို အရင် သွားရှာ။ မတွေ့တော့ မိဘတွေအိမ်ကို စုံစမ်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကြာနေပြီး ယခုမှသာ ရောက်လာခြင်း ဖြစ်သည်။

ယခုအခြေအနေ တစ်စုံတစ်ခု ထူးခြားနေသည်ကိုမူ သီတာ ရိပ်မိသည်။

အခန်းဝမှ သီတာ အကဲခတ် ကြည့်မိသည်။

ကျောပေး၍ ထိုင်နေသူမှာ နေခြည်မှန်း သိသည်။ သို့သော် သီတာ့စိတ်ထဲ တစ်စုံတရာကို စိုးရိမ်နေမိသလိုပင်။

" နေခြည် . ."

နေခြည့်ထံမှ တုန့်ပြန်မှု မရှိ။

အရုပ်ကလေး တစ်ရုပ်ပမာ ငြိမ်သက်စွာ ထိုင်နေသည်။ နေခြည့်ကို စိုးရိမ်စိတ်ဖြင့် ဒုတိယအကြိမ် ခေါ်လိုက်သည်။

" နေခြည် . . ."



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ကတော့ သီတာ့ကို လုံးဝ လှည့်မကြည့်။

" သီတာလား . . . "

" ဟုတ်တယ် နေခြည် . . . သီတာ အခန်းထဲ ဝင်ခဲ့မယ်နော်"

" ဝင်ခဲ့လေ သီတာ "

သီတာ့မှာ ဝင်သာ ဝင်လာရသည်။ စိတ်ကတော့ ထင့်နေသည်။

" နေခြည် . . . ဘာဖြစ်နေတာလဲဟင် "

နေခြည် သက်ပြင်းရှိုက်လိုက်သည်။ သီတာ့ကို လှည့်မကြည့်ဘဲ နှင့် ထိုင်ခုံတစ်ခုကို လက်ညှိုးထိုးကာ ထိုင်ခိုင်းလိုက်သည်။

" အဲဒီမှာ ထိုင်လေ . . . သီတာ "

သီတာ ခုံပေါ်မှာ ဝင်ထိုင်လိုက်သည်။

" နေခြည်ရယ် . . . သီတာ့ဘက်ကို လှည့်ပါဦး . . ဘာဖြစ်လို့ ဒီဘက်ကို မလှည့်တာလဲဟင် "

သီတာ့စကားကြောင့် နေခြည် နာနာကျင်ကျင် ခပ်တိုးတိုး ရယ်မောလိုက်သည်။

" သီတာ လန့်သွားလိမ့်မယ် "

" ဘာဖြစ်လို့လဲ နေခြည်ရယ် . . . "

" ဟုတ်တယ် သီတာ . . . နေခြည်ဟာ အရင်ကပုံ မဟုတ်တော့ဘူး။ သီတာ့ကိုသာ အတွေ့ခံတာ၊ တခြားလူတွေ အို . . ကုန်ကုန်ပြောမယ် . . . ခွေးမျိုးတွေဆိုရင်တောင် အတွေ့မခံဘူး "

သီတာ ရင်ထိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် နေခြည်ရယ်၊ သီတာ့ကိုတော့ နေခြည့်မျက်နှာလေး လှည့်ပြပါဦး . . . "

နေခြည် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သီတာဟာ မိမိ အချစ်ဆုံးသူငယ်ချင်းမို့ ဖုံးကွယ်ခြင်းလည်း မပြုလိုပေ။

သို့သော်လည်း အကျည်းတန်လွန်းသော မိမိ၏မျက်နှာကို သီတာ့ကို လှည့်မပြရက်။ ပြလည်း မပြဝံ့ . . .။

" ကောင်းပြီလေ . . . သီတာ ကြည့်ချင်တယ်ဆိုရင်လည်း နေခြည် ပြပါ့မယ် . . . ဒါပေမယ့် သီတာ စိတ်ခိုင်ခိုင်ထားနော် "

နေခြည်သည စိတ်မကောင်းစွာ ပြောရင်း သူမမျက်နှာကို ဖြည်းညင်းစွာ သီတာ့ဘက်သို့ လှည့်လိုက်သည်။

" အို . . မြတ်စွာဘုရား . . . "

သီတာမျက်လုံး ပြာဝေကာ လွန်စွာ အံ့သြသွားရသည်၊ ရင်ထဲ၌လည်း စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်သွားရသည်။

" ဖြစ်မှဖြစ်ရလေ နေခြည်ရယ် . . . "

" ကဲ . . သီတာ နေခြည့်မျက်နှာကို တွေ့ပြီမှတ်လား . . "

ရုတ်တရက် သီတာ ဘာမှ ပြန်မပြောနိုင်သေး။

နေခြည်မျက်နှာ ကိုသာ ငေးစိုက်ကြည့်နေမိရှာသည်။

ရင်ဘတ်ကို လက်ဖြင့် အလန့်တကြား ဖိထားမိသည်။

နေခြည့်မျက်နှာပေါ်မှာ ဒဏ်ရာ၊ ဒဏ်ချက်များသည် နေခြည်၏



www.burmeseclassic.com

www.burmeseclassic.com



အလှအပများကို ဆွဲယူဖယ်ရှားပစ်လိုက်တာနှင့် အတူတူပင်။

ထို့ကြောင့် သီတာမှာ ယူကျုံးမရ ဖြစ်မိသည်။ သူငယ်ချင်း အဖြစ်ကို ကြည့်ကာ . . .

" ဒါ . . ဒါ သီတာတို့ ကားချင်းတိုက်မိတုန်းက ရခဲ့တဲ့ဒဏ်ရာ လားဟင် နေခြည် . . ဟုတ်လား . . . ပြောစမ်းပါ . . ."

နေခြည်၏ မျက်နှာလှလှပေါ်မှ ဒဏ်ရာများက အကျည်းတန် ရုပ်ဆိုးစေပါသည်။

နေခြည်မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

" ဟုတ်ပါတယ် သီတာ . . .အဲဒီတုန်းက ရခဲ့တဲ့ဒဏ်ရာတွေပါ"

နေခြည့်မျက်ဝန်းထဲတွင် မျက်ရည်များ စီးကျလာသည်။

ဝမ်းနည်းကြေကွဲစိတ်ကြောင့် မျက်ရည်များက ထိန်းမရ။ ပိုးပိုး ပေါက်ပေါက်နှင့် နေခြည် ရှိုက်၍ ငိုကြွေးလိုက်မိသည်။

သီတာ့မှာ ထိုင်ရာမှထ၍ နေခြည့်ကို ဖက်ထားလိုက်သည်။

" မငိုပါနဲ့ နေခြည်ရယ် . . .တိတ်ပါ သီတာတစ်ယောက်လုံး ရှိပါသေးတယ် ဘာမှ စိတ်မကောင်း မဖြစ်နဲ့ . . . သီတာ တတ်နိုင် သလောက် ကူညီပေးပါ့မယ် ၊ သီတာလည်း စိတ်မကောင်းပါဘူးဟာ"

ဘယ်လိုပဲ ချော့မော့ပါစေ၊ နေခြည့် ရှိုက်သံက မစဲသေးပါ။ ရှိုက်ကြီးတငင် ငိုနေဆဲဖြစ်သည်။

သီတာ့အနေနှင့် နေခြည့်ကို သနားသည်။ ကံကြမ္မာကိုလည်း အံ့သြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည် ငိုနေတာကို တိတ်အောင်ချော့ရင်း အငိုရပ်သွားတော့မှ သီတာက . . .

" ဒါနဲ့ ကံကောင်းဆက်သာနဲ့ရော တွေ့ပြီးပြီလား . . ."

နေခြည်မျက်နှာလေး ညှိုးလျော့သွားသည်။

" သူ . . သူနဲ့ နေခြည် တစ်ခါမှ မတွေ့ရသေးဘူး သီတာ"

" ဒါဆို . . . နေခြည် ခုလို ဒဏ်ရာရထားတာ သူ ဘယ်သိပါဦးမလဲ . . ."

" ဟင့်အင်း . . . သိပုံလည်း ပေါ်မယ် မထင်ဘူး . . . သူကတော့ နေခြည့်ကို လိုက်ရှာနေတယ် ထင်တယ် . . . နေခြည်လည်း သူ့ကို သိပ်တွေ့ချင်ပါတယ်၊ ဒါပေမယ့် နေခြည်က အရင်က နေခြည် မဟုတ်တော့ဘူးလေ . . . ဒါ့ကြောင့် သူ့ကို တွေ့ဖို့လည်း မကြိုးစားတော့ပါဘူး သီတာရယ် . . . အခုအချိန်ထိ သူ နေခြည်ကို ရှာနေဦးမှာ သေချာတယ်၊ နေခြည်လေ သူ့ကို ဒီပုံနဲ့ တွေ့ရမယ့်အစား သေသာ သေချင်တော့တယ် သီတာရယ် "

" အို . . . ဖြစ်ရလေ နေခြည်ရယ် "

ချစ်သူနှစ်ယောက်ချစ်လျက်နှင့် ကွဲကွာရသော အဖြစ်ဆိုးကြားမှာ လူလာဖြစ်သော ချစ်သူနှစ်ယောက်အဖို့ သီတာပင် ရင်ထဲမှာ နင့်ခနဲ နာကျင်သွားရသည်။

" ပြီးတော့လေ . . . သူ့အမေက နေခြည့်ကို ပြောဆိုသွားသေးတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဘာတွေပြောသွားလို့လဲ . . ."

" အို . . စုံနေတာပါပဲ . . . အဓိက,ကတော့ သူ့သားနဲ့ သဘော မတူဘူး ဆိုတာပဲပေါ့ "

နေခြည်က ပြောရင်း မျက်ရည်ကျမိသည်၊

" ဟင် . . . ဘာလို့ ဒီလောက် နေမကောင်းဖြစ်နေတဲ့သူကိုမှ လာပြောရတာလဲ "

ထိုအခါ နေခြည်က မိဘများဖြစ်သောဦးဝေလွင်နှင့်ဒေါ်ခက်ခက်တို့အကြောင်း ကံကောင်းဆက်သာ၏ မိဘများဖြစ်သော ဦးငွေအောင်ဒေါ်တင်တင်ထားတို့နှင့် ပတ်သက်ခဲ့သောဇာတ်လမ်းများနှင့် ဒေါ်တင်တင်ထား၏ အငြိုးအတေးများကို ပြောပြလိုက်သည်။

ဒီလိုပြောပြလိုက်မှပင် နေခြည့်ရင်ထဲ ပေါ့ပါးသွားရသည်။

သီတာက ဇာတ်လမ်းအစုံကို နားထောင်ရင်း စိတ်မောသွားရသည်။

" ဒီတော့ နေခြည့်အနေနဲ့ ဘယ်လိုဆက်ပြီးလုပ်မလဲ "

" ဘာကိုလဲ . . ."

" ဒီလိုလေ . . . နေခြည် ရှေ့ဆက်ဘာလုပ်မလဲ . . သီတာ ဘာကူညီရမလဲ . . . ပြောလေကွာ "

သီတာက နေခြည့်လက်ကလေးကို ဆုပ်ကိုင်ပြီး ပြောလိုက်သည်။

" ဘာလုပ်ရမှန်းကို မသိပါဘူးကွာ . . ."

" ဒါဖြင့် ကိုကံကောင်းကိုရော . . ."



www.burmeseclassic.com

www.burmeseclassic.com



နေခြည် ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်သည်။

" နေခြည် ဒီလောက် အရုပ်ဆိုး အကျည်းတန်သွားမှတော့ နေခြည် သူ့ကို မတွေ့ရဲတော့ပါဘူး သီတာရယ် . . . နေခြည့်ကို မြင်ရင်လည်း သူ စိတ်ပျက်သွားမှာပါ "

နေခြည်မှာ ဆွေးဆွေးမြည့်မြည့်လေး ပြောသည်။

" ဒီလို တစ်ထစ်ချတော့ ပြောလို့ မရသေးဘူးကွ . . . ကိုကံကောင်းဆက်သာက နေခြည့်အပေါ်မှာ တော်တော်လေး ချစ်ရှာသားပဲ ၊ ဒီလို ရုပ်ဆိုးသွားတာနဲ့ မချစ်နိုင်တော့ဘူးဆိုရင် သူ့ရဲ့အချစ်ဟာ မစစ်မှန်လို့ပဲ ဖြစ်ရမှာပေါ့ "

နေခြည် ပြုံးမိသည်။

သီတာပြောတာကို သဘောကျပါသည်။ သဘာဝလည်း ကျပါသည်။

သို့သော် နေခြည့်အနေနှင့် မိမိ၏ရုပ်သွင်ကို မြင်ပြီး ချစ်ရသူ စိတ်မဆင်းရဲစေလိုပါ။

မောင်တစ်ယောက် ဆုံးဖြတ်ရခက်သော ဝေဒနာကို မခံစားစေချင်ပါ။

နေခြည့် ရင်ထဲရှိတဲ့အချစ်ကို နားလည်ရင်ပဲ ကျေနပ်လှပါပြီ။

" ဘာပဲဖြစ်ဖြစ် နေခြည် မတွေ့ချင်တော့ပါဘူး . . ."

" ဒါပေမယ့် နေခြည် ခုချိန်ထိ သူ့ကို ချစ်နေတုန်းပဲမှတ်လား "

" ဒါလည်း အမှန်ပါပဲ . . . နေခြည် မညာချင်ပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



သီတာက စဉ်းစားသလို လုပ်ရင်း . . .

" ဒါဖြင့် ကိုကံကောင်းနဲ့ တွေ့လိုက်ပါလား ၊ သူသာ နေခြည့်ကို မေတ္တာစစ်နဲ့ချစ်ရင် ဒါတွေ ပူနေစရာ မလိုပါဘူးကွယ် "

" အို . .နေခြည် သူ့ကို သိပ်တွေ့ချင်ပါကြယ်၊ ဒါပေမယ့် . မတွေ့ရက်ဘူး . . . နေခြည်တစ်ယောက်တည်းပဲ ကြိတ်ခံစားပါရစေတော့ . . ."

" ဒါဆို နေခြည် ဒီလိုပဲဆက်နေသွားတော့မှာလား . . ."

နေခြည်က ခေါင်းခပ်ဖွဖွ ခါယမ်းရင်း . . .

" ဒီတိုင်းတော့ မနေပါဘူး . . .မျက်နှာကို ပလပ်စတစ်ဆာဂျရီ နည်းနဲ့ ပြုပြင်ရဦးမှာပါ။ ဆရာဝန်ကြီးက ပလပ်စတစ်ဆာဂျရီ စပါရှယ် လစ်နဲ့ လွှဲပေးမယ်တဲ့ ၊ အဲဒီဆရာဝန်ကြီးနဲ့ ဆက်ကုမယ်လေ "

" တော်ပါသေးရဲ့ သူငယ်ချင်းရယ် . . . ဒါဆို နေခြည့်မျက်နှာ အရင်အတိုင်း ပြန်ဖြစ်မှာ သေချာပါပဲ "

" အင်းပေါ့ . . . နေခြည်လည်း ဒီမျှော်လင့်ချက်ကလေးနဲ့ပဲ နေ , နေရတာပေါ့ "

နေခြည်က သက်ပြင်းရှိုက်ရင်း ပြောလိုက်သည်။

" ဒါနဲ့ ပလပ်စတစ်ဆာဂျရီက ဘယ်နေ့ စလုပ်မှာလဲ "

" မနက်ဖြန် "

နေခြည့် အသံထဲ၌ အားတက်မှုနှင့် မျှော်လင့်ချက်များ ပါဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" အိုကေ . . . ဒါဆို သီတာ မနက်ဖြန် စောစောလာခဲ့မယ် သီလား "

နေခြည် ခေါင်းညိတ်ပြလိုက်သည်။

သီတာ့မှာတော့ နေခြည့်မျက်နှာလေး ငေးကြည့်ရင်း နေခြည့် မျက်နှာလေး နဂိုအတိုင်း ချောချောလေး ပြန်ဖြစ်လာပါစေဟု ကြိတ်၍ ဆုတောင်းပေးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်း အုံ့အုံ့ဆိုင်းဆိုင်းဖြစ်သောနှင်းအငွေ့တို့က ကားဆီး လျက် ရှိနေသည်။

အနည်းငယ် ပို၍ အေးစိမ့်လာသည်။

ဆိတ်ဆိတ်နေချိန်ဆိုလျှင် သစ်ရွက်ပေါ်သို့ နှင်းပွင့်လေးများ ကျဆင်းသံကို တီးတိုးကြားနေရသည်။

ရုတ်တရက် တိုက်ခတ်လာသော လေနုအေးကြောင့် စိမ့်ခနဲ အေးသွားသည်။

သို့သော် ကံကောင်းဆက်သာ၏ ရင်ထဲ၌ နှင်းပွင့်တို့၏ အအေး ငွေ့က အရာထင်နိုင်စွမ်း မရှိပါ။

အေးစိမ့်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပူလောင်ပြင်းရှခြင်း တို့ ကြီးစိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြီးစိုးမှုက နှင်းငွေ့ကို မြင်တွေ့နေသည့်ကြားမှ မောဟိုက် မွန်းကြပ်စွာ ခံစားရသည်။

အတူရှိနေစဉ်က ကြင်နာယုယခဲ့ကြပုံများကို ပြန်လည် မြင်ယောင်လာမိသည်။

နေခြည်ရယ် . . မောင့်အချစ်ရယ် . .မောင့်ဘဝထဲကို နေခြည် နွေးနွေးလေး ပြန်လည်ပက်ဖြန်းပေးပါတော့ကွာ . . .

ထုံးစံအတိုင်း ကံကောင်းဆက်သာ ခြံထဲ ဆင်းထိုင်ပြီး လွမ်းမောနေခြင်းဖြစ်သည်။

နှင်းရည်စက်တို့ စားပွဲပေါ်ရှိ ဖန်ခွက်တွင် စွတ်စိုနေသည်။ စားပွဲအောက်မှ ပုလင်းကို ဆွဲထုတ်လိုက်သည်။

ဒီနံနက်အတော် အေးသားပဲ ဟု တစ်ကိုယ်တည်း ရေရွတ်မိပြီး ပုလင်းအဖုံးကို ဖွင့်လိုက်သည်။

ဝါရွှေဖန့် ၊ ပယင်းရောင်အရည်များကို ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်သည်။

စားပွဲပေါ်၌ ဆိုဒါ ပုလင်း၊ ရေခဲခွက်၊ မီးခြစ်နှင့် စီးကရက် အားလုံး စုံနေပြီ။

အိမ်ဘက်သို့ တစ်ချက်လှမ်းကြည့်ကာ အော်လိုက်သည်။

“ မင်းမင်း . . . ဟော့ကောင် မင်မင်း ”

လှမ်း၍ အော်ခေါ်လိုက်သည်။

“ ခင်ဗျာ . . . လေးလေးကောင်း ”



www.burmeseclassic.com

www.burmeseclassic.com



" မြန်မြန်လုပ်လေကွာ . . . "

" ဟုတ်ကဲ့ . . ရပါပြီ . . လာပြီ "

မကြာခင်မှာပင် မင်းမင်း ပန်းကန်ပြားတစ်ချပ်ကို ကိုင်လျက် ခြံထဲ ဆင်းလာသည်။

လက်ထဲတွင် အငွေ့ငွေ့တထောင်းထောင်း ထနေသော ပန်းကန်ပြားတစ်ချပ်။

မင်းမင်းက ပန်းကန်ပြားကို စားပွဲပေါ်သို့ ချပေးပြီး တစ်ရှူး ဘောက်စ်ကိုပါ ချပေးသည်။

" အေးကွာ . . . ကျေးဇူးပဲ "

မင်းမင်းက သူ့ကို ခပ်ငေးငေးကြည့်ရင်း . . .

" လေးလေး . . . မနေ့ညကလည်း ဘာမှမစားဘဲ အိပ်တယ် မဟုတ်လား "

" အေးလေ . . . "

" လေးလေးကလည်း ထမင်းကို ဝင်အောင် စားဦးမှပေါ့ . . ဒါမှ လူက ခံနိုင်ရည်ရှိမှာ . . . အခု လေးလေးအတွက် သေသေချာချာ ကြော်ယူလာတာ ကုန်အောင်စားနော် "

ကံကောင်းဆက်သာ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။

မင်းမင်း က ဒေါ်လေးသန့်၏သားပေမယ့် ညီအစ်ကို အရင်း ထက်တောင် ပို၍ နီးကပ်ခင်မင်သည်။

မင်းမင်း၏ စေတနာ စကားများကြောင့် သူ မပြုံးချင် ပြုံးချင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံး၍ . . .

" အေးလေကွာ . . . လေးလေးကောင်းကို ဒီလို ဂရုတစိုက် လုပ်ပေးလို့ ကျေးဇူးအများကြီးတင်ပါတယ်၊ ကုန်အောင်စားပါ့မယ်ကွာ"

မင်းမင်းက ပြောပြီးလှည့်ထွက်သွားလေတော့သည်။

အမှန်တော့ . . . သူ အစားအသောက်တွေကိုလည်း အရသာ မခံစားတတ်တာ ကြာရှည်ပြီ . . . ။

မင်းမင်း စိတ်မကောင်း မဖြစ်စေရန် ပန်းကန်ထဲရှိ အသား ကြော်များကို ယူစားလိုက်သည်။

ထို့နောက် အယ်ကိုဟောခွက်ကို သောက်လိုက်နှင့် အလုပ်ဖြစ် နေတော့သည်။

ယစ်ဒေရှုရည်တို့က တစ်ခွက်ပြီးတစ်ခွက်။

ဖန်ခွက်ဘေး၌ အအေးပုံ၍ အငွေ့အစက်တို့က ဆီး၍နေသည်။

လူက ယစ်ရီဝေလာပေမယ့် နေခြည်ရဲ့ပုံရိပ်က မျက်ဝန်းထဲမှ မထွက်နိုင်။

နေခြည် . . နေခြည် . . မောင့်အချစ် မင်းဘယ်ရောက်နေ လဲဟင် . . အချစ်ရယ် . . .။

ကုန်သွားသော ဖန်ခွက်ထဲသို့ ပုလင်းစောင်း၍ လောင်းထည့် လိုက်သည်။

ရောဖျော၍ သောက်ရန် ပြင်သည်။

" ကံကောင်းဆက်သာ "



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အသံကြား၍ လှည့်ကြည့်လိုက်ပါသည်။

တွေ့လိုက်ပါပြီ . . .။

" ဟာ . . . စောထွန်း စောစောစီးစီး ဘယ်ကနေ လှည့်လာတာလဲကွ "

" ငါက စောစောစီးစီးလာတာကိစ္စ မရှိဘူး . . . မင်းကမှ စောစောစီးစီး ဘာလို့ ဒီလောက် သောက်နေရတာလဲ "

စောထွန်းက မကျေမနပ်နှင့် ပြောလိုက်သည်။

ကံကောင်းဆက်သာ မချိပြုံး ပြုံးလိုက်သည်။

စောထွန်းက သူ သောက်စားနေပုံကို ကြည့်ပြီး . . .

" ကံကောင်း . . . မင်း ဒီလောက် အရက် မသောက်သင့်ဘူးလို့ ထင်တယ်ကွ "

ကံကောင်းဆက်သာ ခေါင်းငုံ့သွားသည်။

သူ့အနေနှင့် ဘာမှ ပြေရှင်းချက် မပေးချင်။

ရေငုံနှုတ်ပိတ်နေ၍သာ။

" သောက်တယ် စားတယ်ဆို တော်ရုံတန်ရုံ ကောင်းတယ်၊ အခုတော့ . . . အလုပ်လည်း ပစ်ထားပြီး သောက်စားပဲနေတယ်ဆိုတော့ ဒီပုံအတိုင်း ဆက်နေရင် မင်းဒုက္ခ ရောက်သွားနိုင်တယ် "

" အေးပါကွာ . . . ငါ သိပါတယ် "

သူ့လေသံက တိုးပျော့နေသည်။

စောထွန်းက သူ့ကို စူးစိုက်၍ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံကို ကြည့်၍ စောထွန်း ကရုဏာ သက်လွှားဟန်တူသည်။ ဆက်၍ အပြစ်မတင်တော့။

" ကိုယ့်ကိုယ်ကိုလည်း ဒီလောက်အထိ အထိခိုက်မခံနဲ့လေကွာ . . . လုပ်စရာရှိတာ လုပ်မှပေါ့ "

ကံကောင်းဆက်သာ ခေါင်းခါယမ်းရင်း . . .

" ငါ နားလည်ပါတယ် စောထွန်းရာ . . ."

" ဟ . . . မင်းက နားလည်တယ်သာဆိုတယ် ၊ လုပ်နေတာတွေက စောက်တလွဲတွေချည်းပဲ "

သူ မချိပြုံး ပြုံးလိုက်သည်။

" ငါ ဘယ်လောက် ခံစားနေရတယ်ဆိုတာ မင်း သိလား . စောထွန်း "

သူ့အသံ ဆို့နင့်ကြေကွဲနေသည်။

ထို့ပြင် မျက်လုံးအစုံက ရီဝေနေသည်။

" ငါ နားလည်ပါတယ် သူငယ်ချင်း . . . မင်း နေခြည့်အတွက် သိပ်ခံစားနေရတယ်ဆိုတာ ငါ သိတယ် "

" အေးကွာ . . . မင်း ငါ့အပေါ် နားလည်စာနာပေးတာ ဖေတ်သေးတာပေါ့ . . . အခု နေခြည်ဘယ်မှာလဲဆိုတာ ငါ လုံးဝစုံစမ်းလို့မရဘူး . . . သူ့အဖိုးအိမ်ကို ဖုန်းဆက်ကြည့်တော့လည်း မရှိဘူးတဲ့ ၊ ဒါပေမယ့် . . . နေခြည်ကားတိုက်တုန်းက ဒဏ်ရာရသွားတယ် ဆိုတာ သူ့ သူငယ်ချင်းအိမ်က ကြားမိတယ် ၊ ဒါကြောင့် . . . ငါ့ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုစိုးရိမ်တယ် . . . သူ ဘယ်လိုများနေမလဲ မသိဘူး . . . ငါ သူ့ကို သိပ်တွေ့ချင်နေတယ် . . . ဘယ်မှာ ရှာရမှန်းတောင် မသိတော့ပါဘူး ကွာ . . . လုံးဝခြေရာ ဖျောက်ထားတယ် ''

စောထွန်း သက်ပြင်းရှိုက်လိုက်သည်။

'' နေခြည့်ကို ငါ သိပ်ချစ်တယ် သူငယ်ချင်း . . . အရမ်းချစ်တယ် . . . ငါ ချစ်သလို သူကလည်း ချစ်တယ်ဆိုတာ ယုံတယ် . . အဲဒါတွေကြောင့် ငါ အရမ်း ခံစားနေရတာကွ . . ကြာရင် ငါ ရူးတော့မယ် ''

'' ဒါ့ကြောင့် မင်းအရက်တွေ သောက်နေတာပေါ့ . . . ဟုတ်လား ''

'' ဒီဝေဒနာတွေကို ခဏလောက်မေ့ပျောက်နိုင်ရင် ငါအဖို့ ခဏ သက်သာရာ ရမှာမို့ . . . နောက်ပြီး အစားထိုးစရာ ငါ့မှာ မရှိဘူး . . . ဒါ့ကြောင့် ငါ့အနေနဲ့ မကောင်းမှန်းသိလျက်နဲ့ သောက်နေမိတာ ''

သူသည် လက်တစ်ဘက်မှ ဖန်ခွက်ကို ဆုပ်ကိုင်ထားသည်။

မျက်လုံးအစုံက ရှေ့တူယူ အဝေးဆုံးနေရာသို့ မျှော်ငေးကြည့်နေသည်။

'' မင်းဘဝမှာ နေခြည်တစ်ယောက်တည်းမှ မိန်းကလေး မဟုတ်သေးပါဘူးကွာ . . . တခြားမိန်းကလေးတွေလည်း ရှိပါသေးတယ်ကွ . . . ''



www.burmeseclassic.com

www.burmeseclassic.com



" ဟင်း . . ဟင်း ငါ့ဘဝမှာ နေခြည်တစ်ယောက်တည်းပဲ ရှိပါတယ် စောထွန်းရာ . . . ဘယ်မိန်းကလေးမှ အစားထိုးလို့ ရမှာ မဟုတ်ဘူး . . . အစားလဲ ထိုးမှာ မဟုတ်ဘူး သူငယ်ချင်း ၊ ငါ သူ့ကိုပဲ ချစ်တယ် . . . သူ့ကိုပဲ မတွေ့ တွေ့အောင် ရှာမယ် . . . သူ ဘာပဲဖြစ်ဖြစ် ဘယ်အခြေအနေပဲ ရောက်ရောက် သူကလွဲပြီး ငါ ဘယ်သူ့ကိုမှ လက်မတွဲနိုင်ဘူး . . . သူ့ကိုပဲ ငါလက်တွဲမယ် "

ကံကောင်းဆက်သာသည့် ရင်ထဲရှိသမျှ ပြောလိုက်သည်။

ထို့ကြောင့် စောထွန်းက နှစ်သိမ့်ရသည်။

ပြောရာပြေကြောင်း ပြောရတော့သည်။

" အေးပါ . . .မင်းပြောတာကို ငါ သဘောပေါက်ပါတယ် ၊ နေခြည်တစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲ ချစ်တတ်တဲ့ မင်းရဲ့သစ္စာတရားကိုလည်း ငါ လေးစားပါတယ်ကွာ ၊ ဒါပေမယ့် ဒီလိုပဲ အရက်ဆက်သောက်နေလို့ မဖြစ်သေးဘူး . . ."

" ငါ နားလည်ပါတယ် "

" နားလည်ရင် သင်ခြင်ပေါ့ကွာ . . . အရက်က သောက်ပါများရင် စွဲသွားတတ်တယ်ဆိုတာ မင်းသိပါတယ် . . . ဒီလိုဆို မင်း ဒုက္ခရောက်လိမ့်မယ် "

စောထွန်းက သူငယ်ချင်း ကောင်းစားရေးအတွက် အမုန်းခံပြီး ပြောလိုက်သည်။

" ငါ သိပါတယ်ကွာ "



www.burmeseclassic.com

www.burmeseclassic.com



" သိရင်လည်း သိတဲ့အတိုင်း လုပ်ပေါ့ကွာ . . . တခါတလေ သောက်ရင် ငါ မပြောပါဘူး ၊ အခု မင်း တရားလွန်နေပြီ . . . စိတ်လျှော့လိုက်တာလည်း လွန်ရော . . . နေခြည့်ကို မတွေ့တာနဲ့ ဆွေးနေတယ်၊ နေခြည် အခု စုံစမ်းရသလောက် နေခြည်မသေသေးဘူး ဆိုရင် ပြီးတာပဲပေါ့ . . . မသေသေးရင် ပြန်တွေ့ရမှာပဲ . . . ဒီလိုပဲ ကြိုးစားစုံစမ်းရမှာပေါ့ သူငယ်ချင်းရာ . . . "

သူ စောထွန်းစကားကို တွေဝေ၍ နားထောင်နေမိသည်။

ဦးခေါင်းထဲ၌ ရီဝေနေသည်။

သူ သောက်တာ မနည်းတော့ . . .။

ထပ်သောက်ချင်သေးသည်။

သို့သော် စောထွန်းရှိနေ၍ မဖြစ် . . .။

ဒီကောင်က ပြောမရလျှင် ထိုးချင် ထိုးမည့်အကောင် ထို့ကြောင့် အသာ ငြိမ်နေလိုက်သည်။

" အလုပ်ကိစ္စ ဟိုနေ့က အဆိုတော်နဲ့ စကားပြောတော့လည်း မပြေလည်ဘူးဆို . . . "

ကံကောင်းဆက်သာ ငြိမ်၍ စောထွန်း ဆူပူသမျှ ခံနေလိုက်သည်။

စောထွန်း ဆူလို့ပြီးမှ . . .

" ဘာပဲဖြစ်ဖြစ်ကွာ ငါ့ကို အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ၊ ငါလည်း ကြိုးစားပြုပြင်ပါ့မယ်ကွာ . . . "



www.burmeseclassic.com

www.burmeseclassic.com



စောထွန်းက ကျေနပ်စွာ ပြုံးလိုက်သည်။

" မင်းရဲ့စိတ်ကို ငါ နားလည်ပါတယ်ကွာ ၊ စိတ်နုတယ်၊ ခံစားချက် ပြင်းထန်တယ် . . .စိတ်မလျှော့စမ်းပါနဲ့ . . . နေခြည် မသေသေးရင် တစ်နေ့ ဆုံမှာပါကွာ . . ."

" အေးကွာ . . . မင်း ပြောသလိုဖြစ်ပါစေလို့ ဆုတောင်းရမှာပါပဲ "

" ကဲ . . .ဒါဖြင့် လာ . . ဒါတွေ ဒီမှာပဲ ထား၊ ဆက်သောက် မနေနဲ့ . . အခုတောင် များနေပြီ ၊ အိမ်ပေါ်ကိုပဲ သွားကြရအောင် "

စောထွန်းက ကံကောင်းဆက်သာကို တွဲ၍ တက်လာခဲ့သည်။

အိမ်ပေါ်ရောက်တော့ ဒေါ်လေးသန့်နှင့် မင်းမင်းတို့နှစ်ယောက်က သူတို့သူငယ်ချင်းနှစ်ယောက်ကို ငေးကြည့်နေသည်။

စောထွန်းက ကံကောင်းကို ကုတင်ပေါ် ချပေးလိုက်သည်။ စောထွန်း ကုတင်ဘေးရှိ ထိုင်ခုံ၌ ဝင်ထိုင်လိုက်သည်။

ကံကောင်းဆက်သာက မူးမူးနှင့် သူပြောချင်တာတွေ ဆက်ပြောနေသည်။

စောထွန်းက မပျင်းမရှိ နားထောင်ရသည်။

နေခြည်နှင့် ပတ်သက်သောအရာများက ကံကောင်းအတွက် ပြော၍ မကုန်နိုင်။

ပြီးဆုံးခြင်း မရှိ။

ပြောရင်း ပြောရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



မူးမူးနှင့် အိပ်ပျော်သွားတော့သည်။

စောထွန်းလည်း သူငယ်ချင်းကို ကြည့်ပြီး ခေါင်းတစ်ချက်ခါယမ်းရင်း အခန်းထဲမှ ထွက်ခဲ့သည်။

ပြီးမှ ပြန်ခဲ့ရသည်။

သူငယ်ချင်းဆိုသည့်သံယောဇဉ်ကလည်း ကြီးမားလှတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အလယ်၌ .....



www.burmeseclassic.com

www.burmeseclassic.com



*အချစ်သည် . . .*
*ရုပ်တစ်ခု ပြောင်းလဲသွားရုံနှင့်*
*ပြောင်းလဲသွားတတ်ပါလား . . ။*



www.burmeseclassic.com

www.burmeseclassic.com



ဆေးနံ့သင်းသင်းတို့က ဆေးခန်းတစ်ခုလုံး၌ ပျံ့နှံ့နေသည်။

ယနေ့ . . .။

နေခြည့်ခွေး မျက်နှာ ပတ်တီးဖြေရမည့်နေ့ . . .။

ထို့ကြောင့် ဆေးခန်းအပြင်ဘက်၌ နေခြည်မိတာနှစ်ပါး ၊ နေခြည်၏ ဘိုးဘိုး ဦးအောင်မင်းနှင့် သီတာတို့ ရောက်ရှိနေကြသည်။

အားလုံး၏ရင်ထဲ၌ တထိတ်ထိတ် ခုန်နေကြသည်။

စိတ်လှုပ်ရှား နေမိကြသဖြင့် စကား မပြောဖြစ်ကြ။

အဲကွန်းမှ ထွက်ပေါ်နေသော အသံသဲ့သဲ့ကိုပင် ကောင်းစွာ ကြားနေရသည်။

နေခြည့်ကို တာဝန်ယူ ကုသပေးသူမှာ ဆရာဝန်ကြီး ဒေါက်တာ ကြည်ဖင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ဖင်သည် နေခြည်တို့နှင့် ဆွေမျိုးတော်စပ်နေသူဖြစ်ကြောင်း ယခုလို ဆုံဆည်းတော့မှ သိကြရသည်။

ဆွေမျိုးတွေ အမှတ်မထင် ပြန်ဆုံကြခြင်း ဖြစ်သည်။

ဒေါက်တာကြည်ဖင်အား နေခြည့်၏ဘကြီးအဖြစ် ဆွေမျိုးစပ်လျှင် ရနိုင်ပေသည်။

ဒေါက်တာကြည်ဖင်သည် နေခြည့်၏မူလရုပ်သွင်ကို ဓါတ်ပုံထဲ၌ မြင်မိပြီး ယူကျုံးမရဖြစ်ကာ နေခြည့်၏မိဘများကိုလည်း ဆူပစ်သည်။

ယခုလည်း နေခြည်အတွက် အစွမ်းကုန်ကြိုးစားထားသည်။

နပ်စ်မလေးတစ်ယောက်က အပြင်ဘက်ရှိ လူစုကို လာခေါ်သည်။

ဦးဝေလွင်က လက်ထဲမှ စီးကရက်ကို အပြင်သို့ တောက်ပစ်လိုက်သည်။

ဦးဝေလွင် ၊ ဒေါ်ခက်ခက် ၊ ဦးအောင်မင်းနှင့် သီတာတို့လေးယောက်သား အခန်းထဲသို့ လိုက်သွားကြသည်။

အခန်းထဲ၌ နေခြည်သည် ဆိုဖာကုတင်ပေါ်တွင် ခပ်မတ်မတ်ထိုင်နေတာ တွေ့ရသည်။

နေခြည့်၏မျက်နှာလေးကို မမြင်ရသေး။

မျက်နှာပေါ်၌ ပတ်တီးဖြူဖြူတို့က ဖွေးနေသည်။ နေခြည်သည် ထိုင်ခုံပေါ်၌ ငြိမ်သက်စွာ ထိုင်နေသည်။

စိတ်မောနေမိမှာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုထိတိုင် မည်သူမျှ စကားမဆိုမိကြ။

ဒေါက်တာကြည်ဇင်က နေခြည့်ရှေ့ရပ်လိုက်ပြီး . . .

" ဆရာမ သူ့ကို ပတ်တီး စဖြေလို့ ရပါပြီ "

" ဟုတ်ကဲ့ပါ ဒေါက်တာ "

နပ်စ်မလေးက နေခြည့်ဘေးမှ နေ၍ ပတ်တီးများကို ဖြည်းညင်းစွာ တစ်လွှာချင်း ခွာပေးနေသည်။

အားလုံးမှာ ပတ်တီးဖြေနေသည်ကို စိတ်ဝင်တစားကြည့်နေကြတာမို့ အသက်ရှူရန်ပင် မေ့လျော့နေကြသည်။

ပတ်တီးဖြူဖြူအောက်မှ နေခြည့်မျက်နှာလေးကိုပင် မြင်လိုနေကြပြီ . . .။

ယခင်က နေခြည့်မျက်နှာလေးပဲလား . . . ။

သို့မဟုတ်ပါက . . .

မည်သို့ ဖြစ်မည်နည်း . . .။

နပ်စ်မလေးက ဖြည်းညင်းစွာ သတိထား၍ ပတ်တီးများကို ဖြည်ပေးနေသည်။

အားလုံးမှာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေကြသည်။

တစ်ထပ်ပြီး တစ်ထပ် . . .။

ပါးလွှာသော နောက်ဆုံးအထပ် . . .။

နပ်စ်မလေးက ဒေါက်တာကြည်ဇင်ကို မော့ကြည့်သည်။

" ဆက်ဖြေပါ ဆရာမ . . . ရပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



နပ်စ်မလေးက နောက်ဆုံးပတ်တီးအလွှာကို အသာဖြေ၍ ပေးလိုက်သည်။

ပတ်တီးဖြေပြီးတော့ နေခြည်မျက်နှာပြင်လေး ပေါ်ထွက်လာသည်၊

လှပချောမောသော နေခြည့်မျက်နှာလေးပေါ်ပါ . . .။

အားလုံး၏မျက်နှာပေါ်၌ အပြုံးရိပ်များ ထင်းဟပ်သွားသည်။

အခုတော့ နေခြည့်မျက်နှာသည် ဒဏ်ရာရထားတုန်း နေခြည်၏မျက်နှာနှင့် တခြားစီမှ တခြားစီသာ ဖြစ်သည်။

နေခြည်က မိမိ၏မျက်နှာကို လက်ကလေးနှင့် စမ်းကြည့်သည်။

နဂိုအတိုင်း ချောမွေ့လျက် ရှိသည်ကို သိရှိခိုက်ရသဖြင့် ဝမ်းသာကြည်နူးကာ ပြုံးပျော်သွားသည်။

ဒေါက်တာကြည်ဖင်ကလည်း ပြုံးရွှင်သောမျက်နှာဖြင့် နေခြည့်ကို ကြည့်ကာ . . .

" ငါ့သမီးလေး အခုမှ ပိုပြီး ချောလာတယ် . . .ကြည့်စမ်း"

နေခြည်က လက်အုပ်ကလေးချီလျက် . . .

" ဘဘဒေါက်တာကို သမီး ဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိတော့ပါဘူးရှင် "

အားလုံး ပျော်ရွှင်မဆုံး တပြုံးပြုံး ဖြစ်ကြသည်။

ဒေါက်တာကြည်ဖင် မှာလည်း မိမိ၏လက်ရာကို ကြည့်ပြီး ကျေနပ်အားရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိခင်ဒေါ်ခက်ခက်ကတော့ မျက်ရည်တွေ ဝေသီပြီး သမီးလေးကို ကြည့်မဝနိုင်။

နေခြည့်သေား၌ သီတာက ဝင်ထိုင်ပြီး လက်ကလေးကို ဆုပ်ကိုင်ထားသည်။

ဖခင်ဦးဝေလွင်ကတော့ ကျေနပ်စွာဖြင့် ခေါင်းတညိတ်ညိတ်နှင့်ရှိနေသည်။

သမီးလေး၏မျက်နှာမှာ ပြန်လည်ချောမွေ့လာပြီဖြစ်၍ ကျေနပ်မဆုံးနိုင် . . .။

နေခြည့်ကို နောက်ထပ် တစ်ရက်လောက် ဆေးခန်း၌ ထပ်ထားရဦးမည် ဟု ပြော၏။

နေခြည်ကတော့ မျက်နှာကလေး ထူးခြားစွာ ကြည်လင်လျက် အားလုံးပြောသမျှကို ခေါင်းလေး တညိတ်ညိတ်ဖြင့် နားထောင်နေသည်။

" ဖေဖေကော နေကောင်းရဲ့လား . . ."

" ကောင်းပါ့ဗျာ "

နေခြည်က ကြည်နူးစွာ အသံသာသာလေးဖြင့် ရယ်မောလိုက်သည်။

" ဘိုးဘိုးရော နေကောင်းရဲ့လား . . မနက်တိုင်း လမ်းလျှောက်ရော ထွက်ဖြစ်လား . . ."

" ကောင်းပါ့ဗျာ . . . လမ်းလျှောက်တာကတော့ ဘယ်အနက် ခံနိုင်ပါ့မလဲ သမီးရဲ့ "



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်မျက်နှာလေး ပြန်လည် ချော့မော့လာတော့ အားလုံး ဝမ်းသာရွှင်မြူးကြကာ ပြောလက်စ မကုန်နိုင်ကြ။

စိတ်ညစ်စရာတွေ တစ်ခုမှ မပြောကြ။

အားလုံး အကြာကြီးနေပြီးမှ နေခြည့်ကို နှုတ်ဆက်ကာ ပြန်သွားကြသည်။

နေခြည်က သူတို့အားလုံးကို လှေခါးထိပ်အထိ လိုက်ပို့ပေးလိုက်သည်။

ပြီးတော့မှ အခန်းထဲသို့ ပြန်ဝင်ခဲ့သည်။

တစ်ယောက်တည်းဆိုတော့လည်း ကြာကော့ ပျင်းလာမိသည်။

နေခြည့်အနေနှင့် စိုးရိမ်အားငယ်စရာ မရှိတော့။

ထို့ကြောင့် အခန်းတွင်းရှိ ပြတင်းပေါက်မှ နေ၍ အောက်သို့ သုမ်းကြည့်မိသည်။

ဒီလိုပဲ တွေးရင်းငေးရင်းနှင့် ရင်ထဲမှ ခုစ်ရသူကိုသာ ဦးစွာ သတိရမိ ၊ တမ်းတမိသည်။

မောင့်ကို လွမ်းသည် . . ။

အရမ်းလွမ်းသည် . . .။

မတွေ့ရ ၊ မမြင်ရ ၊ စကား မပြောတော့ နေ့ရက်များက ညည်ကြာခဲ့ပေသည်။ နေခြည် မောင့်ကို အရမ်းတွေ့ချင်နေမိသည်။

ကိန္နရီ မောင်နှံပုံပြင်ထဲက လိုပင် တစ်ညဘာလေး ကွဲခဲ့သည့် အရေး တွေးပြီး ငိုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နေခြည်တို့ ခွဲခွာပြီး နေခဲ့ကြသည်။

ရက်တွေ မနည်းတော့။

မောင့်ရင်ခွင်ကို ပြေးဝင်ပြီး ဖွဲ့နွဲ့ငိုကြွေး လိုက်ချင်ပါသည်။

ခုမှ နေခြည် သတိရမိသည့် အခန်းထဲ၌ တယ်လီဖုန်း ရှိသားပဲ။ နေခြည်သည် ရပ်နေရာမှ တယ်လီဖုန်းဖြူဖြူလေးရှိရာသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

တယ်လီဖုန်းကို ကိုင်ပြီး အလွတ်ရနေသော ဂဏန်းများကို သွက်လက်စွာ နှိပ်လိုက်သည်။

" မောင် . . ဒီအချိန် ရှိမှ ရှိပါ့မလား . . . . "

ဟု တွေးမိသေးသည်။

တစ်ဘက်မှ လာကိုင်သူမရှိသေးသဖြင့် ဖုန်းလေးက တတူတူ မြည်နေသည်။ နေခြည် စိတ်ရှည်စွာ စောင့်နေမိသည်။

ဖုန်းကိုင်ရင်းမှ လေးဘက်လေးတန်သို့ နေခြည့်မျက်ဝန်းလေး တွေ လှည့်ပတ်ကြည့်နေမိသည်။

နံရံများက သန့်စင်နေသည်။

ထိုစဉ်မှာပင် နေခြည်နှင့် တည့်တည့်နံရံပေါ်တွင် မှန်တစ်ချပ် ချိတ်ထားသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ မှန်ထဲတွင် နေခြည်၏ ရုပ်သွင်က အထင်းသားပေါ်လွင်နေသည်။

ရုတ်တရက် မကြည့်ရဲသေးပါ။ နေခြည့်မှာ မဝံ့မရဲနှင့် မှန်ကို လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" အား . . ."

နေခြည် ထိတ်လန့်တကြား အော်ဟစ်လိုက်မိသည်။

မှန်ထဲမှ ရုပ်သွင်သည် နေခြည်၏ရုပ်သွင်အစစ်သာ ဖြစ်သည်။

ယခင်ကကဲ့သို့ သူမ၏မျက်နှာပေါ်၌ ဒဏ်ရာများလည်း လုံးဝမရှိဘဲ ချောမွတ်နေပြီဖြစ်သည်။

ထို့ပြင် နေခြည့်၏ရုပ်သွင်ကို ကြည့်ပြီး ချောမောလှပသော ချပ်လေးဟု မြင်သူတိုင်းပြောကြမည်သာ ဖြစ်သည်။

မှန်ထဲမှ နေခြည်၏မျက်နှာပြင်ကလေးသည် ချောချောမွတ်မွတ် လှလှပပလေးအဖြစ် ရှိနေပါသည်။

သို့သော် . . .

ဒဏ်ရာ လုံးဝမရှိခဲ့သော ယခင်က နေခြည်နွေး၏မျက်နှာပုံစံမျိုးတော့ မဟုတ်တော့။ ခြားနားနေသည်။

နေခြည်၏ယခင်က ရုပ်သွင်နှင့် မတူလှ။ မျက်နှာပြင်က ပြောင်းလဲ၍ နေသည်။ မှန်ထဲရှိ ရုပ်ပုံကို ကြည့်ရင်း နေခြည်တွေဝေငေးမောသွားသည်။ အလိုလိုဝမ်းနည်းလာမိသည်။

ဝမ်းနည်းစိတ်တို့က တစ်ကိုယ်လုံး ပျံ့နှံ့လာပြီ။

မျက်ရည်တို့က စီးကျလာပြန်သည်။

" ဂျောက် "

လက်ထဲတွင် ကိုင်ထားသော ဖုန်းမှာ စားပွဲပေါ်သို့ လွတ်ကျသွားသည့်တိုင် နေခြည် သတိမထားမိပါ။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်အနေနှင့် ဒဏ်ရာ ပျောက်သွားတာ ဝမ်းသာပေမယ့် မူလ ပင်ကိုယ်ရုပ်သွင်အတိုင်းသာ ပြန်လိုချင်နေမိသည်။

ယခု နေခြည့်မျက်နှာကလေးမှာ ယခင်က မျက်နှာနှင့် ခြားနား၍ နေသည်။

ယခု ပြုပြင်ထားသောမျက်နှာမှာ ယခင်က မျက်နှာနှင့် မတူ။

အစိမ်းသက်သက် ခြားနားနေသည်။ ယခု ရရှိသော မျက်နှာပြင်ကို နေခြည် မကျေနပ်။ သဘောကျခြင်း လုံးဝ မရှိ . . ။

သို့သော် ဤမျှအထိ ချောမွတ်နေသောနေခြည်၏မျက်နှာကို နေခြည် ကျေနပ်ရမည်သာ ဖြစ်သည်။

နေခြည် ဝမ်းနည်းစွာ ထပ်မံငိုကြွေးလိုက်မိသည်။

" အဟင့် . . . ဟင့် . . ဟင့် . . "

တစ်ဘက်မှ ကံကောင်းဆက်သာ ဖုန်းကို ကိုင်သည်။

" ဟယ်လို . . ဟယ်လို . . ."

" ဟယ်လို . . အခု ကံကောင်းဆက်သာ စကားပြောနေပါတယ်၊ အခု ဆက်နေတာ ဘယ်သူပါလဲ . . ဘယ်သူနဲ့ ပြောချင်လို့ပါလဲ "

တစ်ဘက်မှ ဘာအသံမှ မကြားရ . . ။

ထူးခြားသော တယ်လီဖုန်းခေါ်သံကြောင့် ကံကောင်းဆက်သာ စိတ်ထဲ၌ တစ်ခုခုဖြစ်တော့ တစ်ခုခုပဲ ဟု တွေးကာ ထူးဆန်းနေသည်။

" ဟယ်လို ဟယ်လို "



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင် ထူးပါစေ။ တစ်ဘက်မှ ဖုန်းကိုင်မည့်သူ မရှိ။ ဖုန်းကို ဘေးချထားမှန်း သိသာသည်။ ဟမ်းဖုန်းဆိုလျှင်လည်း တစ်ဘက်မှ ခေါ်သည့်နံပါတ်ကို ပြန်ကြည့်လို့ရသည်။ ယခုက ကြိုးဖုန်းဆိုတော့ ကြည့်လို့ မရ . . .။

သေချာနားစိုက်ထောင်ကြည့်မှ ငိုရှိုက်သံလိုလို အသံသဲ့သဲ့ကို ကြားနေရသည်။

အချိန်အတန်ကြာသည်အထိ ကံကောင်းဆက်သာ စောင့်နေပါသေးသည်။ ဘာမှ ထူးခြားခြင်း မရှိတော့မှ စိတ်လေးလံစွာဖြင့် ဖုန်းကို ပြန်ချလိုက်သည်။

ယခုကဲ့သို့ ထူးဆန်းသော ဖုန်းခေါ်သံကို မည်သို့မှ တွေးမရ။ နှိုးသံကြားကြားခြင်း သွား၍မကိုင်လိုက်နိုင်တာကိုပင် မိမိကိုယ်ကို အပြစ်တင်နေမိတော့သည်။

❖ ❖ ❖

dreams books

www.burmeseclassic.com

www.burmeseclassic.com



အခန်း၀မှ ဖြတ်သွားသော နပ်စ်မတစ်ယောက်က နေခြည် ဝမ်းနည်းစွာ ငိုကြွေးနေသည်ကို တွေ့သွားသည်။

ထို့ကြောင့် ဆရာဝန်ကြီးကို ချက်ချင်း သွားပြောပြလိုက်သည်။ ဒေါက်တာကြည်ဇင်က ချက်ချင်းပင် ထ၍ လိုက်လာသည်။

ဒေါက်တာကြည်ဇင် တွေ့မြင်လိုက်ရသည်က ဖုန်းခွက်က စားပွဲပေါ်က ကျနေပြီး နေခြည်နွေးနှင့် မျက်နှာချင်းဆိုင်တွင် မှန်တစ်ချပ်။

အတွေ့အကြုံများနေပြီဖြစ်သော ဒေါက်တာကြည်တင်က အခြေအနေကို ရိပ်စားမိလိုက်သည်။

" သမီး . . . နေခြည် "

နေခြည်က ငိုရှိုက်နေရာမှ မော့ကြည့်သည်။

" ဘာဖြစ်လို့များ ဒီလောက် ဝမ်းနည်းတကြီး ငိုနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေခြည် ချက်ချင်း မဖြေနိုင်။ ရှက်၍ရှက်၍သာ ငိုနေမိသည်။ ဒေါက်တာကြည်တင်က သိမ်မွေ့စွာ ပြုံး၍ ဖုန်းကို ကြည့်ကာ . . .

" သမီးက ဘယ်ကို ဖုန်းဆက်ချင်လို့လဲ "

နေခြည် ခေါင်းလေးကို ခါယမ်းသည်။

ဒေါက်တာကြည်ဖင် နားလည်လိုက်ပါပြီ။ နေခြည်တစ်ယောက် အိမ်ကို ဖုန်းဆက်စရာ အကြောင်းမရှိနိုင်။ စောစောကပင် နေခြည့်အိမ်မှ တစ်စုတဝေးကြီး လာသွားကြပြီးပြီ ဖြစ်သည်။ တပျော်ကပါး ပြုံးရွှင်စွာဖြင့် စကားပြောဆိုသွားပြီးပြီ။

ဒီတော့ နေခြည် ဖုန်းဆက်စရာနေရာဆို၍ သူမဇာတ်တစ်ဦး တယောက်ထံသာ ဖြစ်နိုင်သည်ဟု တွက်လိုက်၏။ ထိုအခါ ဖုန်းဆက်ရင်း နံရံမှ မှန်ကို ကြည့်မိရင်း ဝမ်းနည်းစွာ ငိုရှိက်ခြင်း ဖြစ်ပေလိမ့်မည်။

" သမီး . . . နံရံက မှန်ကို ကြည့်မိတယ်၊ မဟုတ်လား "

" ဟုတ် . .ဟုတ်ပါတယ် "

ဒေါက်တာကြည်ဖင် ခပ်ပေါ့ပေါ့ဟန်ဖြင့် ရယ်မောလိုက်သည်။

" မှန်ကြည့်ပြီးမျှားငိုရတယ်လို့ သမီးရုပ်က သိပ်ဆိုးနေလို့လား"

" ရုပ်ဆိုးလို့တော့ မဟုတ်ပါဘူး ဘဘဒေါက်တာရယ် . . . ဒါပေမယ့် . . ဒါပေမယ့် . . ."

နေခြည် ပြောချင်သည်ကို ဒေါက်တာကြည်ဖင် နားလည်သည်။ မူလရုပ်သွင် အတိအကျအတိုင်း ပြန်လိုချင်ရှာသော နေခြည့်ဆန္ဒကိုလည်း သူ့အနေနှင့် ဖြည့်စွမ်းပေးနိုင်ခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



“ ဖြစ်မှ ဖြစ်ရလေ သမီးရယ် . .သမီးရဲ့ နဂိုအတိုင်း ထပ်တူ ထပ်မျှတော့ ဘယ်ရပ့်ါမလဲကွယ် . . . ပြုပြင်ထားတာဆိုတော့ နည်းနည်း ပါးပါးတော့ ကွဲပြားခြားနားနေမှာပေ့ါ ၊ သမီးရဲ့မျက်နှာမှာ ရထားတဲ့ဒဏ်ရာ တွေက တော်တော်လေး များတာကိုးကွယ် . . . အရင်ကလို အမာရွတ် တွေနဲ့မှ မဟုတ်တာ ၊ ဒီလောက်တော့ စိတ်ဆွင်းရဲခဲ့ပြီး ငိုမနေပါနဲ့နော် တိတ်ပါကွယ် . . .”

နေခြည်လည်း စိတ်ဖြေပြီး မျက်ရည်သုတ်လိုက်သည်။ ဒေါက်တာ ကြည်ဇင်က ဆက်ပြောသည်။

“ သမီးအနေနဲ့ ဒီရုပ်နဲ့လူ့လောကထဲ တိုးလို့ ရပြီပဲ။ သမီးကို မြင်ကဲ့သူမှန်သမျှ ဘယ်သူမှ ကဲ့ရဲ့မှာ မဟုတ်တော့ဘူး ၊ သမီးရဲ့လှပတဲ့ မျက်နှာနုနုကလေးကိုသာ အားကျပြီး ငေးမောကြည့်မိကြမှာ သေချာပါ တယ်ကွယ် . . .”

နေခြည့်မျက်နှာမှာ အကျည်းတန်ခြင်း မရှိတော့။ လှပချောမွေ့ လျက်သာ ရှိနေပါသည်။ သို့သော် နေခြည့်အတွက်ကတော့ ယခုမျက်နှာ သည် မိမိအတွက် စိမ်းသက်နေသည်။

“ ဒီလောကကြီးမှာ သမီးလောက် ရုပ်မချောတဲ့သူတွေ တပုံကြီး သမီးလို ရုပ်ရည်မျိုး မရှိလို့ ပြင်ကြဆင်ကြရတဲ့ မိန်းကလေးတွေ အများ ကြီးပါကွယ် ၊ အခု သမီးရဲ့မျက်နှာပေါ်မှာ နှာခေါင်းပုံစံလေးသာ ပြောင်း သွားတာပါ ။ ကျန်တာတွေက အတတ်နိုင်ဆုံး အရင်ကနဲ့ တူအောင် ပြင်ထားတာပါ။ ဒီလောက်လေး ပြောင်းသွားတာနဲ့ သမီးရဲ့မူလရုပ်ရည်ကို



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိဘူးလို့ မပြောနိုင်ပါဘူး . . . ဘာပဲဖြစ်ဖြစ် သမီးက အခုလည်း မိန်းမချောတစ်ယောက်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး ”

ဒေါက်တာကြည်ဖင်က စိတ်ထိခိုက်နေသူကို ရှည်ရှည်ဝေးဝေး ချော့မော့လိုက်သည်။

ဒါတွေကို နေခြည်သိပါသည်။ မိမိ၏ ရုပ်ရည်ချောမော လှပတာကိုလည်း မြင်ပါသည်။ သို့သော် ယခင်နေခြည်နွေးကို သံပြီးသားသူ့အနေနှင့် ယခု အချိန် နေခြည့်ကို တွေ့လျှင် နေခြည်မှန်းသိရန် မလွယ်ကူတော့။ အမှန်တကယ်လည်း နေခြည့်ရုပ် ပြောင်းလဲသွားသည် မဟုတ်ပါလား။

ဒေါက်တာကြည်ဖင်ကတော့ နေခြည့်ကို အမျိုးမျိုး ချော့မော့၍ အားပေးစကားပြောဆိုနေရှာပါသည်။

ထို့ကြောင့် နေခြည် မျက်ရည်များ တဖြည်းဖြည်း စဲလို့တော့ လာပါပြီ။

နောက်ဆုံး နေခြည် စိတ်ကို တင်းလိုက်သည်။

နံရံပေါ်ရှိ မှန်ထဲမှ သူ၏ ရုပ်သွင်ကို စိုက်ကြည့်လိုက်မိသည်။

ဒေါက်တာကြည်ဖင်ကတော့ နေခြည့်အမူအယာကို စိုက်ကြည့်နေသည်။

နေခြည် ဆတ်ခနဲ ထ၍ မှန်ရှေ့သွားရပ်သည်။

ဒေါက်တာ ကြည်ဖင် လိုက်၍ မသွားဘဲ စူးစိုက်၍သာ ကြည့်နေသည်။

နေခြည် ဘာလုပ်မည်နည်း . . .။



www.burmeseclassic.com

www.burmeseclassic.com



မည်ကဲ့သို့ ခံစားရမည်နည်း . . .။

နေခြည်သံနွယ်နုနုလေးများက လေအဝှေ့တွင် တဖျပ်ဖျပ် လွင့်နေသည်။ ယခုအချိန်တွင် နေခြည်၏ ရုပ်သွင်နုနု ချောချောလေးက မှန်ပြင်ပေါ်မှာ ထင်ရှားစွာ ပေါ်လွင်နေသည်။

သို့သော် . . . စိမ်းသောမျက်နှာ။

နေခြည်၏ ယခင်မျက်နှာမျိုး မဟုတ်တော့။

မျက်နှာပြင်ပေါ်မှ အလှအပကို နေခြည် စိမ်းမနေရအောင် အားတင်းပြီး ကြည့်ရပါလိမ့်မည်။

မှတ်သားထားရပါလိမ့်မည်။

ဒါမှ မိမိကိုယ်ကို စိမ်းမနေတော့မှာ ဟု တွေးမိသည်။

မှန်ထဲမှ မိမိ၏ရုပ်ပုံကို ပြန်၍ သေချာစွာကြည့်မိသည်။ နေခြည် မသိမသာ သက်ပြင်းရှိုက်ကာ ပြုံးလိုက်မိသည်။ မှန်ထဲမှ စိမ်းသောမိမိပုံရိပ်ကလည်း ပြန်လည် ပြုံးပြသည်။ ဘာပဲပြောပြော လှပသော ပုံရိပ်တစ်ခု ဆိုတာကိုတော့ နေခြည် မငြင်းနိုင်ပါ။

မသိမသာ မိမိ၏ ဘယ်ဘက်လက်ချောင်းလေးများကို ပွတ်လိုက်မိသည်။ လက်သူကြွယ်ကို ငုံ့ကြည့်မိသည်။ ထိုလက်သူကြွယ်၌ ချစ်သူမောင် ပေးထားသောလက်စွပ်ကလေးက တဖျပ်ဖျပ် လက်နေသည်။

လက်စွပ်ကလေးကိုမြင်တိုင်း မောင့်ကို သတိရစေဖို့ အမှတ်တရရှိစေဖို့ ဘဝတစ်သက်တာ အမှတ်တရ ချစ်သက်လက်ဆောင် ဟူပြီး ကံကောင်းဆက်သာ ပေးခဲ့သော လက်စွပ်ကလေးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်မှာ လက်စွပ်ကလေးကို အသာအယာပွတ်သပ်ကြည့်မိရင်းမှ ကြည်နူးစွာ ပြုံးလိုက်မိသည်။

ပြုံးနေသောနေခြည်နွေးကို ဒေါက်တာကြည်ဇင် ကြည့်၍ ယခုမှပင် သက်ပြင်းချကာ တဆတ်ဆတ်ညိတ်၍ ထွက်ခွာသွားလေတော့သည်။

ယခုအခါ အခန်းထဲ၌ မှန်ရှေ့တွင် နေခြည် တစ်ယောက်တည်း နှမ်းလျစွာ ရပ်လျက် . . .။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ကံကောင်းဆက်သော ယခင်ကလို မဟုတ်တော့။

နှုတ်ခမ်းမွေးများ ပါးသိုင်းမွေးများ၊ မှုတ်ဆိတ်မွေးများကို ရိတ်ပစ်လိုက်သည်။ ရှည်လျားနေသော ဆံပင်ကိုလည်း ညှပ်လိုက်သည်။

ဟိုးယခင်ကလိုပင် သပ်သပ်ရပ်ရပ် ပြန်၍ နေထိုင်သည်။ အရက်သောက်ဘာကိုလည်း လျှော့ပစ်လိုက်သည်။

သူ၏လုပ်ငန်းများကိုလည်း ပစ်ထားရာမှ ပြန်၍ ကြိုးကြပ်သည်။

လှည့်မကြည့်လို့လည်း မဖြစ်တော့။

သူ့ရဲ့ ပရိဂျူဆာလုပ်ငန်းမှ အခွေ မထွက်တာလည်း ကြာပြီမို့ သူ့လုပ်ငန်းမှ အခွေထွက်ရန် ပြန်ကြိုးစားနေရသည်။

*Live Show* အခွေမို့ အဆိုတော်တွေ လိုက်စု၊ ပွဲ စီစဉ်ရင်း အလုပ်ရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က အလုပ်ရှုပ်နေသဖြင့် ဖုန်းမြည်တာ ချက်ချင်း မကိုင်မိခြင်း ဖြစ်သည်။

ထို့ကြောင့် သူ့စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။

နောက်နေ့ နံနက်ပိုင်းတွင် သူနှင့်စောထွန်းတို့ စပ်တူဖွင့်ထားသော မြို့ထဲရှိ ခွေဆိုင်နှင့် တေးသံသွင်းဆိုင်သို့ ထွက်ခဲ့သည်။

စောထွန်းကို ဆိုင်ထဲတွင် အဆင်သင့် တွေ့လိုက်ရသည်။

" ဘယ်က ဘယ်လို မျက်စိလည်လာတာလဲကွ . . . "

စောထွန်းက သူ့ကို အကဲခတ်သလို သဘောကျကျေနပ်စွာ ပြောသည်။

" ဟာ . . . ငါ့ဆိုင် ငါလာပြီး အလုပ် လုပ်တာလေကွာ "

" ဟုတ်ပါပြီ ဆိုင်ရှင်ကြီးရယ် . . . ထိုင်စမ်းပါဦး "

စောထွန်းက ကောင်တာနောက်၌ သူ့ကို အတင်းထိုင်ခိုင်းသည်။

အမှန်ဆို သူ မလုပ်လို့သာ စောထွန်းက သူ့အလုပ်တွေကို ဝင်လုပ်ပေးနေခြင်း ဖြစ်သည်။

သူ့ဘာသာသူဆို စောထွန်း အချိန်ရှိသရွေ့ ပန်းချီဆွဲနေ ဟတ် သည်။ ဆိုင်ကို သူ့ကို တွေ့ချင် ဒါမှမဟုတ် အသုံးပြုတ်နေသည့်အချိန်မှ လာတတ်သည့်လူ ဖြစ်သည်။

ယခုလည်း . . .

" မင်း ဆိုင်ပြန်ထိုင်ပြီဆိုရင် ငါလည်း ငါ့ရဲ့ပန်းချီခန်းကို ပြန် တော့မယ် . . . ဟဲ . . ဟဲ "



www.burmeseclassic.com

www.burmeseclassic.com



စောငွှန်းက စီးကရက် ဖွာရှိုက်ရင်းနှင့် ပြောလိုက်သည်။

" မင်းကို ငါ ပြောစရာရှိလို့ကွ "

" ကဲ . . . ဆိုစမ်းပါဦး ၊ ဘာကိစ္စလဲ "

ကံကောင်းဆက်သာက ခပ်တွေတွေ အမူအယာဖြင့် အဝေးသို့ ငေးကြည့်သည်။

" ဒီလိုကွာ . . . မနေ့က မနက်ပိုင်းလောက်မှာ ငါ့ဆီကို ဖုန်းလာတယ် "

စောငွှန်းက အရေးမကြီးသည့် ပုံစံဖြင့် . . .

" ဒါများကွာ . . . ကဲ . . ပြောစမ်းပါဦး . . .ဘယ်သူ့ဆီက ဖုန်းလဲ မင်းနဲ့ ပြောတာလား . . ."

" အဲဒီပြောတဲ့အဆင့်ကို မရောက်ဘူး . . . ငါကွာ . . . ဒီဘက်က ဟမ်းဖုန်းနဲ့ အဆိုတော်တစ်ယောက်ကို ဒိတ်ချိတ်နေတာနဲ့ အိမ်ဖုန်းကို ချက်ချင်း မကိုင်နိုင်သေးဘူး . . . ဖုန်းက ဆက်တိုက်မြည် နေလို့ ငါလည်း ဒီမှာ စကားမြန်မြန် ဖြတ်ပြီး သွားကိုင်လိုက်တယ် "

စောငွှန်းက မျက်ခုံးပင့်ပြီး . . .

" သွားကိုင်တော့ စတွေ့ရောလား . . ."

စောငွှန်းက နောက်ချင်ဟန်ဖြင့် ပြောသည်။

" အေး . . . တွေ့ရင်တော့ ကောင်းတာပေါ့ . . .အခုဟာက တစ်ဘက်က ဘာသံမှ မကြားရဘူး . . ဖုန်းချသွားတာလည်း မဟုတ်ဘူး ကွာ . . ဒါပေမယ့်ကို ဖုန်းကို ကိုင်မထားဘူး . . . ဘေးချထားတယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတယ်၊ အသံတွေ ဝင်နေတယ်၊ ငါလည်း စောင့်ပြီး ဘယ်သူလဲလို့ မေးပါသေးတယ် . . ဒါပေမယ့် ဘာသံမှကို မကြားရဘူး . . .”

စောထွန်းက သဘောကျစွာ ရယ်မော၍ . . .

“ ကောင်ကွ . . . မင်းကို ဖုန်းဇာတ်လမ်း လုပ်ပြီးနဲ့ တူပါတယ်၊ ဒါမျိုးတွေ ရှိနေပြီ . . ဟား . . .ဟား . . .ဟား ”

ကံကောင်းဆက်သာကတော့ မရယ်နိုင်ပါ။

“ အဲဒီမှာ ငါ အသံတစ်သံကို ကြားလိုက်ရတယ် ”

“ ဘာသံလဲကွ . . .”

“ မိန်းကလေးတစ်ယောက်ရဲ့ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရတယ် . . .”

စောထွန်းက ရယ်လျက် . . .

“ ငါ ပြောတာ ဟုတ်ရင်ဟုတ် မဟုတ်ရင် မင်းကို ဖုန်းသရဲ ခြောက်တာနေမှာပေါ့ . . .”

“ မင်း ပြောတာတွေ တစ်ခုမှ ဟုတ်မယ် မထင်ဘူးကွ ၊ အဲဒီအသံသဲ့သဲ့ကို ကြားလိုက်တာနဲ့ ငါ့ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားတယ်၊ သူကလည်း ကတုန်ကယင်နဲ့ တုန်လှုပ်သွားမိတယ်ကွာ ငါ ခံစားလိုက်ရတာ တစ်မျိုးကြီးပဲ၊ ပြောမပြတတ်ဘူးကွာ . . . ဒါပေမယ့် ငါ့စိတ်ထဲမှာ အရမ်းကို ဝမ်းနည်းသွားတယ် ”

စောထွန်း မျက်မှောင် ကျုံ့သွားသည်။

“ မင်း စိတ်ထင်တာ နေမှာပေါ့ . . . ဒါမှမဟုတ် အရက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ သောက်ထားလို့ကြောင့်များလား . . .”

“ နိုး . . နိုး . . အဲဒီလိုမျိုး မဟုတ်ဘူး မနေ့က ငါ့ပါးစပ်ထဲ အယ်ကိုဟော တစ်စက်ကလေးမှ ဝင်မနေဘူး ”

သူပြောပြီး စိတ်မောစွာ ခေါင်းယမ်း၍ ဆက်တီကို နောက်ကျောသို့ မှီလိုက်သည်။

“ မဟုတ်ဘူးကွာ . . . အဲဒီဖုန်းထဲက ဝိုသံကြားတော့ ငါ တော်တော် စိတ်မကောင်းဖြစ်မိတယ် ၊ ဘယ်သူများ ဖြစ်မလဲ . . . ဒါမှမဟုတ် ငါ ထင်တာများ ဖြစ်နေမလားကွာ . . . ”

ကံကောင်းဆက်သာ မျက်နှာပျက်နေသည်။ ဖျော့တော့ညှိုးနွမ်း၍ နေသည်။

“ မင်းက ဘယ်လိုထင်လို့လဲ . . .”

“ ငါ့ဆီ နေခြည်များ ဖုန်းဆက်တာဖြစ်နေမလားလို့ ”

သူ့စကားကြောင့် စောထွန်းပါ ငိုင်သွားသည်။ ဘယ်လိုပြောရမှန်း မသိတော့ . . ။

သူ့အမူအယာနှင့် ပြောပုံဆိုပုံက ထိုဖုန်းသံကို နားထောင်ပြီးကတည်းက နင့်နဲ့သောဝေဒနာတစ်ရပ်ကို ခံစားနေရပုံပေါ်သည်။

သို့သော် စွဲလန်းခြင်းတွေ သူငယ်ချင်းဖြစ်သူမှာ လွန်ကဲမှာစိုး၍ စောထွန်းက . . .

“ မင်း စိတ်ထင်တာ နေမှာပေါ့ကွာ . . . နေခြည့်ဆီက ဖုန်း ဆို နေခြည်က မင်းကို ခေါ်မှာပေါ့ ၊ စကားပြောမှာပေါ့ကွာ ၊ စကားမပြော



www.burmeseclassic.com

www.burmeseclassic.com



အဆိုကတည်းက မဟုတ်လို့ နေမှာပေါ့ . . .”

စောထွန်း ဘယ်လို ပြောပါစေ . . . သူ့ရင်ထဲ မရှင်းလင်းနိုင်။

စောထွန်းက ထပ်ပြောပြန်သည်။

“ ဒီမှာ ကံကောင်း . . . တစ်ယောက်ယောက် ဖုန်းဆက်တာလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ ၊ နောက်တာလည်း ဖြစ်နိုင်တာပဲ၊ ဒါတွေး ဒီတွေးနဲ့ အတွေး မချော်စမ်းပါနဲ့ကွာ ”

စောထွန်း ပြောမှ သူ စဉ်းစားမိသွားသည်။ ဘာပဲပြောပြော စောထွန်းစကားကြောင့် စိတ်သက်သာရာ ရသွားသည်။

“ အင်းလေ . . . ငါ စိတ်ထင်တာလည်း ဖြစ်နိုင်ပါတယ်၊ နောက်ပြောတာလည်း ဖြစ်နိုင်တာပဲ ”

“ ကဲပါကွာ . . . ထားလိုက်ပါတော့ . . မင်း အခုရင်အခြေအနေဆို ဟားတိုက်တောင် ရယ်ပစ်ဦးမှာ . . တော်ကွာ . . ဒီကိစ္စ မေ့လိုက်တော့ . . . ငါလည်း ထမင်း မစားရသေးဘူး . . . ထမင်း သွားစားကြရအောင် . . .”

ကံကောင်းဆက်သာ ခေါင်းညိတ်လိုက်သည်။

နှစ်ယောက်သား ဆိုင်ကို အကူကောင်လေးကို သေချာမှာ၍ တစ်ယောက် ပုခုံး တစ်ယောက်ဖက်ကာ ထွက်လာခဲ့သည်။

စောထွန်းကတော့ သူ့အတွက် သူငယ်ချင်း ကောင်းပီသလွန်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်နွေး အိမ်သို့ ပြန်ရောက်ခဲ့ပြီ။

ဘဝသစ်ကို ပြန်စ၍ အားလုံးကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ရန် စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့် ယခင်က မတွေ့ဘဲ ရှောင်နေခဲ့သူများကို ပြန်၍ တွေ့ဆုံသည်။

နေခြည့်သတင်းကို ကြားကြသော သူငယ်ချင်းများ ရောက်လာကြ၏။

အားလုံး ဝမ်းသာဝမ်းနည်း ဖြစ်ကြရသည်။

သို့သော် နေခြည့်ကို လှလှပပ ကျန်းကျန်းမာမာ အနေအထားနှင့် ပြန်တွေ့ကြ၍ ပိုစိတ်ချမ်းသာကြသည်။

သီတာကတော့ နေခြည့်ဘေးတွင် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်သွားလေရာသို့ သီတာ အမြဲ အဖော်လိုက်ပေးသည်။

နေခြည်နှင့် ခင်မင်သိကျွမ်းသူ အားလုံးလိုလိုပင် နေခြည့်ကို တွေ့စဉ် ကြောင်နေကြသည်။

နေခြည်မှန်း မမှတ်မိကြ။

နေခြည်ကတော့ မျက်နှာ ပျက်ခြင်း မရှိ။

မျှော်လင့်ထားပြီးသားမို့ ခပ်ပြုံးပြုံးအမူအယာဖြင့် ယခင်က ကဲ့သို့ပင် ဖော်ရွေရင်းနှီးစွာ ဆက်ဆံသည်။

မျက်နှာပုံစံလေး ပြောင်းလဲသွားသည်မှလွဲ၍ နေခြည့် ဟန်ပန်များ ၊ အသံများ ပြောင်းလဲခြင်း မရှိ ၊ ဆံပင်ပုံစံက အစ ၊ ဝတ်ပုံစားပုံ အဆုံး ယခင်က နေခြည်အတိုင်းပါပဲ။

ဒါဆို နေခြည့်သူငယ်ချင်း အဆိုတော်မလေး 'အသက်'သတင်း ကြားသည်နှင့် ကားလေးဖြင့် ချက်ချင်း လာမေးသည်။

နေခြည့်ကို မြင်တော့ အသက် ပါးစပ်အဟောင်းသားနှင့် အံ့သြ သွားသည်။

" ဟင် "

" အသက် . . . လာလေဟာ . . နင်ကလည်း "

အမြဲတမ်း နောက်တတ်ပြောင်တတ်သော အသက်၏မျက်နှာ လေးမှာ တည်သွားသည်။

ခဏကြာတော့ နေခြည့်အသံနှင့် ဟန်ကလေးများကို မှတ်မိ၍ မျက်နှာပေါ်၌ အပြုံးစကလေးများ ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



" နေခြည်ရယ် . . . နှင့်မျက်နှာက အများကြီး ပြောင်းလဲသွားတယ်နော် "

နေခြည်က ပြုံးပြုံးလေး နေလိုက်သည်။

အိမ်ထဲမှာ ထိုင်ကြတော့ အသက်က နေခြည့်မျက်နှာနုနုကို သေချာစွာ ကြည့်ပြီး . . .

" အများကြီးလည်း မပြောင်းလဲပါဘူး . . အင်း . .နှာခေါင်းပုံလေးနဲ့ မျက်ခုံးက အရင်ကနဲ့ မတူတော့ နေခြည့်ရဲ့ရုပ်ကို ရုတ်တရက် ဘယ်လိုမှ အဂဲဖမ်းလို့ မရတော့သလို ဖြစ်သွားတာပေါ့ . . . ဒါပေမယ့် ကိုယ့်သူငယ်ချင်း နေခြည်က နေခြည်ပါပဲလေ ၊ တကယ့် နေခြည်အစစ်ပါပဲ . . . "

အသက်က နေခြည့်ကို ကြင်နာစွာ ဖက်၍ ဝမ်းနည်းသံလေးနှင့် ပြောသည်။

အသက်ရော နေခြည်ပါ ပြောရင်း မျက်ရည်လည်သွားမိသည်။

နေခြည်အဖြစ်ကလည်း ဝမ်းနည်းစရာပင် . . .။

သို့သော် . . . နေခြည် အားလုံးကို ရင်ဆိုင်ရဲနေပြီ ဖြစ်သည်။

သို့သော် တစ်ယောက်သောသူကိုတော့ ရင်မဆိုင်ချင်သေးပါ။

ထိုသူက ချစ်သောမောင်။

နေခြည့်ချစ်သူ ကံကောင်းဆက်သာပင် ဖြစ်သည်။

သူ့ကို တွေ့ချင်လွန်းပါသော်လည်း တတ်နိုင်သမျှ ထိန်းချုပ်ထားသည်။ စိတ်ကို အလို မလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်၌ မျက်နှာတစ်ခုလုံးတွင် ပတ်တီးစည်းထားရစဉ်က အဖြစ်ကို တွေးမိတိုင်း ရင်နာရသည်။

ထိုစဉ်က နေခြည် ဘာကိုမှ မမြင်ရ။

မိခင်ဒေါ်တင်တင်ထား၏ ရက်စက်ပြတ်သားစွာ ပြောသွားခဲ့သည့်စကားလုံးများသည် သံချွန်များနှယ် နေခြည့်အသည်းနှလုံးမှာ ဖူးနစ်ဝင်ခဲ့သည်။

နေခြည် မေ့မရတော့။

ထို့ကြောင့် မောင်နှင့် မဆက်သွယ်ဘဲနေခြင်းက အားလုံးအတွက် ပို၍ မှန်ကန်သည်ဟု တွက်မိသည်။

နေခြည်ကလည်း မျက်နှာကို ပလပ်စတစ် ဆာဂျရီနှင့် ပြုပြင်ပြီးကတည်းက သိပ်စိတ်ညစ်မခံတော့။

ပျော်ပျော်နေသည်။ သီချင်း နားထောင်သည်။ ရုပ်ရှင်ကြည့်ဝတ္ထုဖတ် သင်တန်းတက်နှင့် အလုပ်ရှုပ်နေသည်။

မိသားစုကလည်း နေခြည့်ကို ယခင်က့ထက် ပို၍ ဂရုစိုက်ကြသည်။

ညဘက် အိပ်မပျော်လျှင်လည်း မောင့်အကြောင်းစဉ်းစားမိမှာစိုး၍ အိပ်ဆေးသောက် အိပ်ပစ်လိုက်သည်။

" ဘာတွေ စဉ်းစားနေတာလဲ နေခြည်ရယ် . . . "

အတွေးလွန်နေသော နေခြည့်လက်ကလေးကို အသက်က ဆုပ်ကိုင်ရင်း မေးလိုက်တော့ နေခြည် ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒါနဲ့ နေခြည် ရှေ့ဆက် ဘာလုပ်မယ် စိတ်ကူးထားလဲ "

အသက်က တစ်စုံတရာကို သတိရဟန်ဖြင့် စိတ်လိုလက်ရ မေးလိုက်သည်။

နေခြည် ခပ်တွေတွေလေး စဉ်းစားနေသည်။

" အင်း . . . နေခြည် ကျောင်းဆရာမပဲ ဝင်လုပ်ရင် ကောင်းမလားလို့ အသက်ရယ် . ."

" အင်း . . ကောင်းတာပေါ့၊ ဪ . . ဒါနဲ့ နေခြည်လည်း သီချင်းဆိုတာ ဝါသနာပါတယ် မဟုတ်လား . ."

အသက်က အားရပါးရ မေးလိုက်သည်။

" အဟင်း . . . သီချင်းဆိုတာကတော့ ငယ်ငယ်ကတည်းက ဟိုညည်း ဒီညည်းနဲ့ ဝါသနာပါခဲ့ပါတယ် . . . ခုထိပဲ "

အသက်စကားကို နေခြည်မျက်လုံး မှေးစင်း၍ စဉ်းစားနေသည်။ ဘေးမှ ထိုင်နေသော သီတာကလည်း . . .

" ဟုတ်သားပဲ နေခြည် . . . နေခြည် ကာရာအိုကေ ဆိုရင် အသံကောင်းလို့ ခဏ ခဏ ပြောနေတာ၊ ဖြစ်နိုင်တယ် ကိုယ့်လူငယ်ချင်းမို့ ပြောတာမဟုတ်ဘူး ၊ ကြိုးစားပါလား . . ."

နေခြည် ကျေနပ်စွာ ပြုံးလိုက်သည်။

သီချင်းဆိုဖို့ နေခြည်လည်း ဝါသနာ ပါပါသည်။

ထို့ကြောင့်ပင် အဆိုတော်ဖြစ်ချင်ခဲ့၍ ပရိဂျူဆာ (ထုတ်လုပ်သူ) ရှာရင်းမှ မောင်နှင့် ချစ်သူတွေ ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လည်း နေခြည့်ကို သီချင်းကိစ္စစိစဉ်ပေးသည် ပြောခဲ့ပေမယ့် နှစ်ယောက်သား တွေ့လျှင် အချစ်ကိစ္စက ရှေ့တန်းတင်နေတာမို့ သီချင်းကိစ္စက နောက်ရောက်သွားခြင်း ဖြစ်သည်။

နေခြည့်မျက်လုံး အစုံမှာ တလက်လက် တောက်ပနေသည်။

" အေးလေ . . .နေခြည်က အစတုန်းကတည်းက အဆိုတော်ဖြစ်ချင်လို့ အသက်က ထုတ်လုပ်သူ ကိုကံကောင်းဆက်သာနဲ့ နေခြည့်ကို မိတ်ဆက်ပေးခဲ့တာပေါ့ ၊ အခုတော့ . . .အဆိုတော် မဖြစ်ဘဲ ချစ်သူတွေ ဖြစ်သွားကြတာကိုး . . . "

" တော်ပါတော့ အသက်ရယ် . . . ဒီအကြောင်းတွေ မပြောပါနဲ့တော့ "

နေခြည်က မောင်နှင့်ပတ်သက်ပြီး ဆက်မပြောချင်၍ ပိတ်ပြောလိုက်သည်။ ထိုအခါမှ အသက်လည်း တစ်စုံတစ်ခုသတိရပြီး . . .

" ဟင် . . . ဒါဆို နေခြည်က အခုချိန်ထိ ကိုကံကောင်းနဲ့ မတွေ့ရသေးဘူး "

" မတွေ့ရသေးပါဘူး . . အဖြစ်အပျက်က ဒီလိုပေါ့ . . . "

နေခြည်က စိတ်နာနာနှင့်ပင် မောင့်မိခင် ဒေါ်တင်တင်ထား၏ သဘောထားများနှင့် သူမကို ပြောသွားသောစကားသုံးများကို ပြောပြလိုက်သည်။

ဒေါ်တင်တင်ထားကို စိတ်နာသည်။

ရင်မဆိုင်ချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်း ပြောလိုစိတ် မရှိတော့ပါ။

သို့သော် . . . နေခြည်က လူငယ် မဟုတ်လား။ ဒါ့ကြောင့် စိတ်ကို လျှော့ချထားလိုက်သည်။

နေခြည့် စကားဆုံးတော့ . . .

" အေးလေ . . ဘာပဲဖြစ်ဖြစ် နေခြည့်ကို အသက် ဘာကူညီပေးရမလဲ . . ပရိုဂျူဆာ ထပ်ရှာပေးရမလား . . ."

အသက်က ကရုဏာဖြင့် မေးတော့ နေခြည် အားတက်ရသည်။

" အေးလေ . . အသက် အသိထဲက သင့်တော်မယ့်ပရိုဂျူဆာရှိရင်လည်း တို့ကို ဆက်သွယ်ပေးပါကွာ . . မောင် အဲ . . ကံကောင်းဆက်သွားနဲ့တုန်းကလိုတော့ ချစ်သူတွေ မဖြစ်စေရပါဘူးကွာ ဟင်း . . ဟင်း"

နေခြည်က ပြောလည်း ပြော ၊ ရယ်လည်း ရယ်မိသည်။

" အဆင်ပြေမှာပါ နေခြည်ရယ် . . . ဒီလိုပဲ တစ်ပုဒ်နှစ်ပုဒ်စ,ဆိုရင်း အဆင်ပြေသွားမှာပါ၊ အသက်လည်း ရှိတာပဲ . . . အသက် အဆက်အသွယ်တွေလည်း အများကြီးပဲလေ "

သီတာကပါ ဝင်အားပေးသည်။

" နေခြည့်အနေနဲ့ကတော့ အုပ်စုဖွဲ့ ဘာညာ မလုပ်ချင်ဘူး အသက်လို ကိုယ့်တာသာ တစ်ယောက်တည်း ရပ်တည်ချင်တာ၊ အုပ်စုနဲ့ဆို သူများစိတ်ကို ကိုယ်က လိုက်လျှောရတယ်လေ "

နေခြည်က စဉ်းစဉ်းစားစား ပြောလိုက်သည်။ တကယ်တမ်း အဆိုတော်ဖြစ်ဖို့ တိုင်ပင်ကြတော့ မလွယ်ကူလှ . . .။



www.burmeseclassic.com

www.burmeseclassic.com



" နေခြည့်အနေနဲ့က ပထမအခွေ အဲ . .စုပေါင်းစပ်ပေါင်းအခွေပဲ ဖြစ်ဖြစ်ပေါ့ ၊ နေခြည် ငွေထည့်မှာပါ ၊ နေခြည့်သီချင်းကိစ္စအတွက် နိုးနိုးတို့ဆီက ဟိုးအရင်က မတောင်းထားတဲ့ ပိုက်ဆံတွေလည်း ရှိတယ်၊ ရှယ်ယာဖြစ်ဖြစ် ထည့်မှာပါ "

" ကောင်းပြီလေ. .အသက် စိတ်ချတဲ့ ပရိုဂျူဆာ(ထုတ်လုပ်သူ) တစ်ယောက် ရှာလိုက်ဦးမယ် ၊ အဆင်ပြေရင် ဖုန်းဆက်လိုက်မယ်လေ"

" အဟင်း . . .ကံကောင်းဆက်သာတို့ ထုတ်လုပ်ရေးလုပ်ငန်းတော့ မဖြစ်စေနဲ့နော် "

သီတာက နောက်သလို ဝင်ပြောသည်။

နေခြည်ကတော့ ဖြည်းညင်းစွာ သက်ပြင်းချလိုက်မိသည်။

အသက်ပြောသလို အဆင်ပြေလျှင် ကောင်းမည်။

အို . . .မိမိကလည်း ငွေစိုက်ထုတ်မည် ဆိုလျှင်တော့ အဆင်ပြေနိုင်ပါတယ်လေ။ အောင်မြင်တာ မအောင်မြင်တာကတော့ ကိုယ့်ကံပဲပေါ့ ဟု တွေးလိုက်မိသည်။

" ဒါပေမယ့် နေခြည် တစ်ခုတော့ ကြိုပြောပါရစေ အသက်"

" ဘာများလဲ နေခြည်ရဲ့ "

" ဪ . . . အခွေထုတ်ဖြစ်ရင်တော့ နေခြည်နဲ့ အဆင်ပြေမယ့် အဆိုတော်ရယ် ၊ တီးဝိုင်းရယ်ကိုတော့ ရွေးပါရစေ။ ကိုယ်က တစ်ဝက်တောင် စိုက်ထုတ်ရမှာမို့ ဒီလိုပြောတာ မဟုတ်ပါဘူး . .ကိုယ်နဲ့ တွဲတဲ့ လူက ကောင်းမှ အခွေက ဖြစ်မှာလေ "



www.burmeseclassic.com

www.burmeseclassic.com



" အေးပါကွာ . . . ကိုယ် နားလည်ပါတယ် "

အသက်က သူငယ်ချင်းကို နားလည်ဟန်ဖြင့် ခေါင်းညိတ်သည်။

" ဘာပဲဖြစ်ဖြစ် နေခြည်က လုပ်ပြီဆိုရင် ဖြစ်အောင်ပဲ လုပ်ချင်တယ်။ ပြီးတော့ ခဏလောက်ပဲ နာမည်ကြီးတဲ့ အဆိုတော်မျိုးလည်း မဖြစ်ချင်ဘူး . . . လုပ်ပြီဆိုကတည်းက ဖြစ်အောင် အောင်မြင်အောင်၊ ကြာရှည်ခံအောင်ပဲ လုပ်ချင်တယ်။ ခဏလေးပေါ်ပြီး ပျောက်သွားတာမျိုးလည်း မဖြစ်ချင်ဘူးကွာ "

နေခြည်၏ ရည်ရွယ်ချက်က ကြီးမားလှသည်။ မျှော်မှန်းချက်က ထုနှင့်ထည်နှင့်။ အသက်ပင် အံ့သြမိသည်။ နေခြည့်မှာ ဤမျှရည်မှန်းချက် ကြီးမားလှမည်ဟု မထင်မိပေ။

ယခုတော့လည်း နေခြည်သည် သူမထင်ထားတာထက်ပင် ပို၍ ရည်ရွယ်ချက် ကြီးမားနေသည်။

" အေးပါ . . ငါ နားလည်ပါပြီ . . . နေခြည်ရဲ့စိတ်ဓါတ်မျိုးနဲ့ဆိုရင်တော့ . . . အဆိုတော် လောကထဲဝင်ရင် အောင်မြင်တဲ့အဆိုတော် တစ်ယောက် ဖြစ်မှာ အသေအချာပဲ "

" ကျေးဇူးပါပဲ အသက်ရယ် . . ."

" နေခြည်ဖြစ်ချင်တဲ့ အကြောင်းအရာတွေကိုပါ တစ်ခါတည်း ပြောလိုက်မယ် ၊ တစ်ပါတ်နှစ်ပါတ်အတွင်း အကြောင်းပြန်မယ် . . ဟုတ်ပြီလား . . ."

နေခြည် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ အသက်နှင့်သီတာ ပြန်သွားသည်။

အပြန်လမ်းတွင် တစ်လျှောက်လုံး အသက်မှာ အံ့ဩစိတ်များ လွှမ်းမိုးနေသည်။ နေခြည်သည် မျက်နှာပုံစံ ပြောင်းသွားရုံမျှမက စိတ်ဓါတ်ပါ မာကျောထက်မြက်မှု ရှိလာပြီဟု တွေးမိသည်။

ဤအတိုင်းသာဆို နေခြည်အနေနှင့် အချိန်အနည်းငယ်အတွင်း အောင်မြင်သော အဆိုတော်တစ်ယောက် ဖြစ်လာလိမ့်မည်။

အောင်မြင်ပါစေ သူငယ်ချင်းရယ် . . ။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်သည် ဘဝသစ်ထံသို့ တဖြည်းဖြည်း နေသားကျလာပြီဟု ဆိုနိုင်သည်။

ဝင်လည်း ဝင်ဆံ့လာပြီ၊ မျက်နှာလေး ပြောင်းသွားတာကလွဲလို့ အားလုံးက နေခြည်နွေး အနေနှင့်ပဲ ဆက်ဆံကြသည်။

ယခုတော့ နေခြည့်အနေဖြင့် သူမ၏ရုပ်သွင်ကို မစိမ်းတော့၊ မိမရုပ်သွင်ကို ကောင်းစွာ လက်ခံပြီး ရင်းနှီးလက်ခံရသောအခြေအနေသို့ ရောက်ခဲ့ရပါပြီ။

သီချင်းဆိုရန် ကိစ္စကလည်း အသက်၏ စီမံပေးမှုဖြင့် အဆင်ပြေသလောက်နည်းပါး ဖြစ်နေသည်။

ကော်ပီသီချင်းက တစ်ပုဒ်နှစ်ပုဒ်။ Hip Hop အဖွဲ့တွေထဲမှာ မယ်လိုဒီကို တစ်ပုဒ်နှစ်ပုဒ် ဝင်ဆိုပေးရန်ကလည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကပင် ဦးဆောင်၍ စားရေးဆရာတွေနှင့် တွေ့ပေး၊ ပရိုဂျူဆာနှင့် မိတ်ဆက်ပေးနှင့်၊ အဆင်ပြေတာလည်းရှိသလို မပြေတာလည်း ရှိပါသည်။

နေခြည်၏ ခံစားချက်များကို ရေးထားသော သီချင်းလေး တစ်ပုဒ်လည်း ရှိပါသည်။ ဒါကိုတော့ ဘယ်သူ့ကိုမှ ပြောလို့မဖြစ်သလို မပြရသေး။ အသာ လျှို့ဝှက်ထားသည်။

သီချင်းအားလုံးရေးပြီး စိတ်တိုင်းကျမှပင် ထုတ်ပြောမည်ဟု ဆုံးဖြတ်ထားသည်။

• ဦးဝေလွင်နှင့် ဒေါ်ခက်ခက်တို့ကလည်း ငွေကြေးတတ်နိုင်သူတွေမို့ သမီးစိတ်ကြိုက် ပြုထားသည်။

ထူးထူးထွေထွေ ဘာမှမပြော။

နေခြည် စိတ်ချမ်းသာရေးသာ အဓိက . . .။

တစ်ဦးတည်းသောသမီးလေးဖြစ်၍ မျက်နှာ အညိုးမခံကြ။

နေခြည့်အသိုင်းအဝိုင်းထဲတွင် နေခြည် အဆိုတော်လုပ်မည် ဆိုသော သတင်းက ပျံ့နှံ့နေသည်။

အားလုံးကတော့ နေခြည့်ကို သနားကရုဏာသက်၍ အားပေးကြသည်။

အကူအညီပေးရန် လက်ကမ်းကြသည်။

ထိုကဲ့သို့ အားပေးမှုကြောင့် နေခြည့်ရင်ထဲမှာ ကြိတ်၍ ဝမ်းသာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးလည်း တော်စပ်၊ နေခြည့်ကို မျက်နှာလွှဲစိပ်ပေးသော ဒေါက်တာကြည်ဇင်ကလည်း တပြုံးပြုံးဖြင့် . . .

" အေးကွယ် . . . သမီးလေးက ရုပ်ကလေးကလည်း ချော၊ အသံလေးကလည်း ကောင်း၊ ရည်မှန်းချက်ကလည်း ကြီးမား၊ ကူညီမယ့် သူငယ်ချင်းတွေကလည်း ရှိဆိုတော့ အောင်မြင်ကျော်ကြားတဲ့ အဆိုတော်ကြီးတစ်ယောက် ဖြစ်လာမှာပါကွယ် . . ."

ဒေါက်တာကြည်ဇင်၏ဇနီး ဒေါ်ခင်မိုးကလည်း နေခြည့်ကို တုန်နေအောင် ချစ်သည်။

သူတို့မှာ သားသမီးအရင်းကလည်း မရှိ။

ယခုမှ ပြန်တွေ့သော တူမလေးလည်း ဖြစ်၍ သမီး . .သမီးနှင့် ပါးစပ်ဖျားက မချတော့။

နေခြည့်ကိုလည်း သူတို့အိမ်သို့ အတင်းခေါ်ထားကြသည်။ နေခြည်ကလည်း စိတ်ပြေလက်ပျောက် သွားနေသည်။

တဖြည်းဖြည်းနှင့် နေခြည်ကိုယ်တိုင်ကလည်း ဒေါက်တာကြည်ဇင်နှင့် အန်တီခင်မိုးကို သံယောဇဉ် တွယ်လာပြီး ချစ်ခင်လာမိသည်။

မေမေကို့ကလည်း တစ်ဦးတည်းသော သမီးလေးမို့ နေခြည်နှင့် မခွဲနိုင်ကြ။

ထို့ကြောင့် တစ်ပါတ်လျှင် မေမေတို့အိမ်မှာ လေးရက်နေပြီး ဒေါက်တာကြည်ဇင်တို့အိမ်မှာ သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက် နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းချစ်ကြတာမို့ ၅၂၈ ဖေတ္တာရိပ်အောက်မှာ အေးချမ်းစွာ ဝင်ရောက်ခိုလှုံရတာမို့ ၁၅၀၀ ၏ ပူလောင်ခြင်းများကို ခေတ္တ မေ့လျော့ပစ်နိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့တစ်နေ့၏ ညနေပိုင်း။

အနည်းငယ် ချမ်းစိမ့်စိမ့်ကလေး ရှိသေးသည်။

နေကလေးက စောင်းရုံသာ ရှိသေးသည်။ လုံးဝ ဝင်မသွားသေးပါ။

ဘဘဒေါက်တာကြည်ဖေနှင့် လိုက်သွားစရာရှိသဖြင့် နေခြည် ပြင်ဆင်နေသည်။ အားလုံးဖြီးလိမ်းပြင်ဆင်ဝတ်စားပြီးတော့မှပင် အခန်းထဲက ထွက်လာသည်။

“ ဟယ် . . . သမီးလေးက တကယ့်ကို ချစ်စရာလေးပဲ. . ကြည့်စမ်းပါဦး . . . ပိုပြီးတော့တောင် လှလာတယ် ”

ဒေါ်ခင်မိုးက အားပါးတရ ပြောချလိုက်သည်။

နေခြည်က ရှက်ပြုံးပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီလောက်လည်း မဟုတ်ပါဘူး အန်တီရဲ့ "

" ဟုတ်ပါတယ်ကွယ် . . . အန်တီ့သမီးလေးက နဂိုကတည်းက ချောပြီးသား လှပြီးသား . . . ခုလို ပြင်လိုက်တော့ ပိုပြီး လှလာတာလေ ဟင်း . .ဟင်း "

နေခြည်ကပါ မိမိပုံရိပ်ကို ကျေနပ်စွာဖြင့် ရယ်မောလိုက်မိသည်။ ဘဂ်အားဖြင့် အားလုံးကို မေ့ပျောက်ကြည်နူးသွားသယောင်။

ဒေါက်တာကြည်ဇင်က မိတ်ဆွေတစ်ယောက်၏ပါတီသို့ မသွားမဖြစ် သွားရမည်ဆိုပြီး နေခြည့်ကိုပါ အပါခေါ်ခြင်း ဖြစ်သည်။

နေခြည်ကလည်း မငြင်းပါ။ ဘဘတို့နှင့် သွားရမည်ပဲလေ။

ဤသို့ဖြင့် ဒေါက်တာကြည်ဇင်၏ မာစီဒီးဖြင့် ထွက်ခဲ့သည်။

ကားလေးမှာ အင်းလျားလမ်းအတိုင်း ဝင်လာပြီး မီးရောင်စုံ ထွန်းညှိထားသည့် ခြံဝင်းရှေ့ရှိ ကားတန်းနောက်တွင် ဝဲ့ရပ်လိုက်သည်။ ညစာစားပွဲကျင်းပပြုလုပ်သည့် ခြံဝင်းထဲသို့ ဒေါက်တာကြည်ဇင်နှင့်အတူ နေခြည်ပါ ရောက်လာကြသည်။

ဒေါက်တာကြည်ဇင်ကို ရှိသေစွာလာကြိုဆို၍ နေရာချပေးသည်။

ခြံထဲတွင် လူ တော်တော်များများ ရောက်နေပြီ ဖြစ်သည်။ ဘယ်သူ့ညစာစားပွဲလဲ ဟုလည်း နေခြည် မမေးမိ။ ဘဘတို့နှင့် အတော် ခင်းနီးလို့ပဲ ဖြစ်မှာဟု တွေးမိသည်။

ပါတီမှာ လူကြီးရော ၊ လူငယ်ပါ စုံ၍ ရောနှောနေသည်။ ကျွေးတာက ဘူဖေးစနစ်ဖြစ်ပြီး တီးဝိုင်းလည်း ပါပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်မှာ တီးဝိုင်းစင်ကို ငေးမော ကြည့်မိသည်။

တီဝိုင်းနာမည်က *STROM* တဲ့၊ နာမည်ကြီးတီးဝိုင်းတစ်ခုဟု စိတ်ထဲမှာ သိလိုက်သည်။ ခဏကြာတော့ တီးဝိုင်းမှ အသံစမ်းသံအချို့ ပေါ်ထွက်လာသည်။

တီးခတ်ခြင်းတော့ မပြုသေး။

နေခြည့်မှာ ဘာမှစားချင်စိတ် မရှိသေး၍ ဘာမှ ယူမစား။ အဲအေးတစ်ဗူးကိုသာ ဖေါက်သောက်နေသည်။ လူကြီးဝိုင်းမှာ ထိုင်နေရတာကြောင့် စိတ်တော့ အနည်းငယ် ကျဉ်းကြပ်နေမိသည်။

တစ်ယောက်တည်း ပျင်းနေမိသည်၊ အမှန်ဆို နေခြည့်အနေနှင့် လူသိပ်စည်ကားများပြားသော နေရာများသို့ သွားချင်စိတ် မရှိ၊ သို့သော် စိတ်အပြောင်းအလဲလေးများ ဖြစ်လာမလားဟု လိုက်ခဲ့မိခြင်းသာ. . .။

လိုက်လာမိပြီးမှတော့ ချက်ချင်းကြီး ထပြန်၍တော့ မကောင်းပါ။ ထို့ကြောင့် နေခြည်ဒီအတိုင်း ငြိမ်သက်နေခြင်း ဖြစ်သည်။

ထိုစဉ်မှာပင် နေခြည့်ရင်ထဲ၌ တုန်ခါစေသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည်။ နေခြည် ထိုင်နေသောနေရာမှာ ကုန်အမြင့်ပိုင်း အနည်းငယ် ရောက်၍ ညှော်ခံပွဲတစ်ခုလုံးကို ကောင်းစွာ လှမ်းကြည့်လျှင် မြင်နိုင်သော နေရာမျိုး ဖြစ်သည်။

မီးထိန်ထိန်လင်းနေသော သစ်ပင်ကြီးတစ်ပင်၏အောက်၌ နေခြည့်ရင်ထဲ အသည်းနှလုံး၏ အရှင်သခင် ချစ်သူကံကောင်းဆိုသာ ရပ်၍ ခြံထဲကို ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ထုံးစံအတိုင်း ရှပ်အင်္ကျီ အကွက်စိပ်ကလေးနှင့် စတိုင်ပန်ကို သပ်ရပ်ခန့်ငြားစွာ ဝတ်ဆင်ထားသည်။

နေခြည် ငေးကြည့်မိသွားသည်။

" အင်း . . . မောင်ကတော့ အရင်အတိုင်းပါပဲလား . . . အမြဲတမ်း လန်းနေတာပဲ "

ကံကောင်းဆက်သာကလည်း ခြံထဲရှိ စားပွဲခေါင်းများကို လှမ်းကြည့်နေသည်။ မကြာမီပင် နေခြည်နှင့် ဒေါက်တာကြည်ဇင်တို့ ခေါင်းစီသို့ အကြည့်ရောက်လာသည်။ နေခြည်နှင့် အကြည့်ချင်း ဆုံသွားသည်။

နေခြည်ကတော့ မောင့်ကို ကောင်းကောင်းမှတ်မိသည်။ ရင်ထဲမှာ တလှပ်လှပ် တုန်ခါနေသည်။ တစ်ကိုယ်လုံးလည်း အေးစက်တုန်ယင်နေသည်။ စိတ်ထဲမှ . . .

" မောင် . . နေခြည်လေ . . နေခြည်ပါကွယ် . . သေချာကြည့်စမ်းပါ "

ရင်ထဲမှသာ တီးတိုး ညည်းမိသည်။

ကံကောင်းဆက်သာကလည်း နေခြည့်ကိုသာ သေချာစိုက်ကြည့်နေသည်။

သို့သော် . . . နေခြည့်ကို နေခြည်မှန်း မသိ။

ယခင်က နေခြည်ရုပ်ပုံကိုသာ သူ သိထားသည် မဟုတ်ပါလား။

ယခုချိန်မှာတော့ နေခြည့်ရုပ်ပုံလွှာက ပြောင်းလဲနေပြီဖြစ်၍ လုံးဝမမှတ်မိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနီရဲရဲဂါဝန်လေးဖြင့် တောက်ပစွာ လှနေသော နေခြည်နွေးကို ကြည့်၍ စိတ်လှုပ်ရှားနေမိသည်။ စိတ်ထဲမှလည်း . . .

" တော်တော်ချော့တဲ့ ကောင်မလေးပဲ "

သို့သော် သူ့ရင်ထဲ စိုးမိုးထားသူက နေခြည်နွေးသာ ဖြစ်သည်။ နေခြည့်ကို နေခြည်မှန်း မသိပေမယ့် ကံကောင်းရင်ထဲ တစ်မျိုးကြီးဖြစ်နေတာတော့ အမှန်ပင် . . ။

ကံကောင်းကို တီးဝိုင်းမှ လူက စကားလှမ်းပြောလိုက်တာကြောင့် အာရုံပြောင်းသွားသည်။

နေခြည့်ကတော့ . . . ကံကောင်းဆက်သာ ကိုသာ ငေးမော ကြည့်နေဆဲ ဖြစ်သည်။ ရင်ထဲမှာလည်း ဆတ်ဆတ်ခါ နာကျင်နေမိသည်။

" မောင် . . မောင် နေခြည်တစ်ယောက်လုံး ထိုင်နေတာတောင် မမှတ်မိတော့ဘူးလား . . အေးလေ . . .နေခြည့်ရုပ်က ပြောင်းလဲခဲ့ပြီ ဆိုတော့ ဘယ်မှတ်မိပါ့တော့မလဲ . . . ရုပ်ကသာ ပြောင်းလဲတာပါ မောင်ရယ် . . . နေခြည့် စိတ်တွေ ၊ နှလုံးသားတွေကတော့ မပြောင်းလဲပါဘူးကွယ် . . . "

နေခြည် ဝမ်းနည်းစွာ မချိပြုံးလေးသာ ပြုံးနေမိတော့သည်။ နေခြည့်မှာ ဒေါက်တာကြည်ဇင် ခေါ်ရာသို့ မမေးမစမ်းဘဲ လိုက်ခဲ့မိသည်။ တိုက်ထဲတွင် ဒေါ်တင်တင်ထား ရှိနေသည်။

သို့သော် နေခြည့်ကို မြင်လျှင် လုံးဝမှတ်မိမည် မဟုတ်ပေ။ နေခြည်ကတော့ မြင်ရုံနှင့် မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ထားမှာ ခြံထဲဆင်း၍ သားကို လာခေါ်သည်ကို နေခြည် လှမ်းမြင်နေရသည်။

ဤခြံမှာ ဒေါ်တင်တင်ထားတို့နှင့် မည်ကဲ့သို့ ပတ်သက်နေပါသနည်း . . .။

နေခြည် မတွေးတတ်တော့။

ဒေါ်တင်တင်ထားကတော့ တစ်ကိုယ်လုံး ညွတ်နေအောင် စိန်တွေ ဝတ်ထားသည်။ မျက်နှာပေါ်၌ အပြုံးပန်းငွေ့ ဝေလျက် . . .။

နေခြည့်ရင်ထဲမှာတော့ နာကျင်နေဆဲ။ ဒေါ်တင်တင်ထားကို မြင့်လိုက်သည်နှင့် နင့်ခနဲ ခံစားလိုက်ရသည်။

ကံကောင်းဆက်သာနှင့် ဒေါ်တင်တင်ထားတို့ ခြံထဲဆင်းလာစဉ်မှာပင် တိုက်ထဲမှ ခပ်ချောချောမိန်းကလေးတစ်ယောက် ထွက်လာသည်။ သူမနံဘေးတွင် အပေါင်းအဖေါ်များ ဝန်းရံလျက် . . .။

ဝတ်ထားစားထားသည်မှာလည်း မီးရောင်အောက်တွင် ဖိတ်ဖိတ်တောက်နေသည်။ သိသိသာသာ ပြင်ဆင်ထားမှန်း သိသာသည်။

ရုပ်ကလေးက မဆိုးလှပေမယ့် ပြင်ထားဆင်ထားတာ လွန်လိုက်တာ ဟု နေခြည်တွေးမိသည်။ ခေတ်ရေစီး တော်တော်ပြေးချင်သော မိန်းကလေး ဟု နေခြည် တွေးမိသည်။

ထိုမိန်းကလေးက စားပွဲတွေကြားထဲ လျှောက်ပြီး တွေ့သမျှလူတွေကို နှုတ်ဆက်နေသည်။ တဖြည်းဖြည်းနှင့် နေခြည်တို့က စားပွဲနားသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . . အန်ကယ်ကြီးပါလား . . . သမီး ဝမ်းသာလိုက်တာ ဘယ်တုန်းက ရောက်နေတာလဲ "

" မကြာသေးဘူး . . . "

ဒေါက်တာကြည်ဇင်နှင့် စကားပြောနေသော မိန်းကလေးကို နေခြည် အကဲခပ်နေမိသည်။ မကြာပါ ဒေါက်တာကြည်ဇင်က နေခြည်နှင့် မိတ်ဆက်ပေးသည်။ ထိုအခါမှပင် ဧည့်ခံပွဲရှင်မှန်း သိရသည်။

နာမည်လေးကလည်း လှသည်။

ရွှန်းလဲ့ဝင်းထိန် တဲ့။

နေခြည့်ကို ပြုံးပြုံးကလေး နှုတ်ဆက်ပြီး ခပ်ကျော့ကျော့လေး ထွက်သွားသည်။

နေခြည့်မှာတော့ ထိုမိန်းကလေးကို လိုက်၍ ကြည့်နေမိသည်။ ထိုစဉ်မှာပင် . . .

ထိုစဉ်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် . . .

ကံကောင်းဆက်သာနှင့် ဒေါ်တင်တင်ထားတို့နှစ်ယောက် အနားသို့ ရွှန်းလဲ့ဝင်းထိန် ရောက်သွားသည်။

ရွှန်းလဲ့ဝင်းထိန် ဘေးသို့ အမျိုးသမီးကြီးတစ်ယောက် ရောက်လာပြန်သည်။

ထိုစဉ်မှာပင် ကင်မရာမှ လင်းလာသောမီးရောင်များ တဖျပ်ဖျပ်နှင့် မျက်စိကျိန်းလောက်အောင်ပင် ရိုက်၍နေတော့သည်။

ဒေါ်တင်တင်ထား၏မျက်နှာကလည်း အပြုံးပန်းတွေနှင့်အဘူဝင်းလက်ကြည်လင်နေသည်။

ရွှန်းလဲ့ကို ဒေါ်တင်တင်ထားက ပြုံး၍ ရယ်၍ ပွေ့ဖက်၍ တစ်ယောက်နှင့်တစ်ယောက် စကားတွေ ဖောင်ဖွဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းဆက်သာက ခပ်အေးအေးပင်။

ရွှန်းလဲ့ကို ဂရုစိုက်ပုံ မပေါ်။

သို့သော် . . . ရွှန်းလဲ့က ခပ်ကဲကဲ။

ကံကောင်းဆက်သာနား ကပ်၍ ခပ်ပြုံးပြုံး စကားပြောသည်။

ကံကောင်းဆက်သာ ကတော့ မကောင်းတတ်၍ တခါတရံမှသာ ခေါင်းညိတ်ပြသည်။

နေခြည် မျက်တောင်မခတ်တမ်း သူတို့ကို ငေးကြည့်နေမိသည်။ တဖြည်းဖြည်းနှင့် နေခြည် နားလည်သလို ရှိလာသည်။

ဒေါ်တင်တင်ထားက ရွှန်းလဲ့၏ လက်တစ်ဘက်ကို ဆွဲယူ၍ လက်စွပ် တစ်ကွင်း စွပ်ပေးသည်။

" သမီးလေး ရွှန်းလဲ့အတွက် မာမီရဲ့လက်ဆောင်လေး "

" ကျေးဇူးပါပဲ မာမီရယ် . . . မာမီပေးတာမို့လား မသိဘူး လက်စွပ်ကလေးက သိပ်လှတာပဲနော် "

" လှမှာပေါ့ သမီးရဲ့ . . . သမီးအတွက် မာမီစိတ်တိုင်းကျ မှာပြီး လုပ်ထားတာလေကွယ် "

ကံကောင်းဆက်သာကတော့ မိခင်ဖြစ်သူနှင့်ရွှန်းလဲ့တို့ တပြုံးပြုံး နှင့် အပေးအယူလုပ်နေတာကို နားမလည်သလို ငေးကြည့်နေမိသည်။

သူ့အနေနှင့် ဤနေရာသို့ ရောက်လာခဲ့ခြင်းမှာ မိခင်ဖြစ်သူ ဒေါ်တင်တင်ထားက မရမက ခေါ်၍သာ ရောက်လာရခြင်း ဖြစ်သည်။

ရိုးရိုးသာမန်ညစာစားပွဲ ဟုသာ သိထားပြီး တခြားဘာမှသိမထား



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ရွှန်းလဲ့ဝင်းထိန်ကိုတော့ မာမီခေါ်လာ၍ တစ်ခါနှစ်ခါ သိဖူးမြင်ဖူး သည့်အဆင့်ပင်။

သို့သော် စိတ်ထဲမှ သိပ်သဘောမကျလှပါ။

သူ့ကို အလွန် ရောသည် ၊ ချွဲသည် ၊ ကဲသည် ဟုသာ ထင်သည်။

ယခုလည်း ကံကောင်းဆက်သာ၏ လက်မောင်းတစ်ဘက်ကို အတင်း ဆုပ်ကိုင်၍ . . .

" ကိုကိုကောင်း "

" ဘာလဲ "

" ဟင် . . . လေသံကြီးကလည်း မမိုက်ပါဘူး ၊ ပျော်ပျော်နေပါ ကိုကိုရဲ့ . . ."

ကံကောင်းဆက်သာမှာ ကိုယ့်ကို အတင်း လာတွယ်ကပ်နေ သော မိန်းကလေးကို လူရှေ့သူရှေ့မှာ အတင်း ဆွဲမဖယ်ချင်တာကြောင့် ငြိမ်နေရသည်။

လူပုံအလယ်မို့ အလိုက်အထိုက် ဆက်ဆံနေရသည်။

ဒါကို ရွှန်းလဲ့မိခင်ဖြစ်သူ ဒေါ်မာလာနှင့် သူ့အမေ ဒေါ်တင်တင် ထားတို့က ပြုံး၍ ကြည့်နေကြသည်။

ထိုစဉ်မှာပင် ရွှန်းလဲ့က သူမ၏ လက်မှ ဒေါ်တင်တင်ထား ဝတ်ပေးလိုက်သော လက်စွပ်ကို မြှောက်၍ ကြည့်ပြီး သူ့ကို လှမ်းပြလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



" ရွှန်းအတွက် ကိုကိုကောင်းရဲ့ မာမီပေးတဲ့ လက်စွပ်လေး . . မလှဘူးလား . . ."

ကံကောင်းဆက်သာ ဘာမှ ပြန်မပြော။

သို့သော် စိတ်ထဲမှာ တော့ တစ်မျိုးဖြစ်သွားပြီး မျက်နှာပျက်သွားသည်။ မာမီ ဘာတွေများ လျှောက်လုပ်နေပြန်ပြီလဲ ဟု တွေးမိသည်။

သို့သော် ပျက်နေသောမျက်နှာကို ပြင်ရင်း . . .

" အင်း . . ."

ဟု တစ်ခွန်းသာ ပြောမိသည်။

ရွှန်းလဲ့ကတော့ ထိုလက်စွပ်ကို တော်တော်သဘောကျနေပုံပင်။

ဤမြင်ကွင်းကို အစမှအဆုံးအထိ ကြည့်နေမိသူက နေခြည် ဖြစ်သည်။

နေခြည် ဒီလောက်တော့ နားလည်ပါသည်။

မြင်ရုံနှင့် သိသည်။

ဒေါ်တင်တင်ထားက ရွှန်းလဲ့ကို လက်စွပ် ဝတ်ပေးသည့်အဓိပ္ပါယ် ကို နေခြည် ကောင်းကောင်း သိပါသည်။

ထို့ပြင် ရွှန်းလဲ့က ကံကောင်းဆက်သာ၏ လက်မောင်းကိုရိုတ်၍ ရင်းနှီးစွာ ပူးကပ်စကားပြောနေသည်။ ကံကောင်းဆက်သာ ကလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

နေခြည်၏ ရင်ထဲ၌ နေအစင်းပေါင်း များစွာ ကျရောက်နေသလို ပူလောင်စွာ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည် အံကို တင်းတင်းကြိတ်လိုက်သည်။

ရွှန်းလဲ့က လက်ကလေးကို မြှောက်၍ လက်စွပ်ကို ပြပြီး ကံကောင်းဆက်သာကို ပြနေသဖြင့် နေခြည် ပို၍ အံကျင်ပါသည်။

နေခြည်၏ ဘယ်လက်သူကြွယ်မှ မောင်ကိုယ်တိုင်စွပ်ပေးခဲ့သော လက်စွပ်လေးကို ငုံ့ကြည့်လိုက်မိသည်။

အို . . မောင်ရယ် . . . ရက်စက်လိုက်တာနော်၊ နေခြည့်ကို ရက်ရက်စက်စက် အသည်းခွဲတာနဲ့အတူတူပါပဲလေ။ နေခြည့်နှလုံးသားကို ဓါးနဲ့ မွှန်းလိုက်သလိုပါပဲ . . . မောင် ။

နေခြည်သည် မိမိ၏ ဘယ်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော လက်စွပ်ကို အတင်းဆွဲချွတ်သည်။

လက်စွပ်က လက်ဆစ်တွင် တစ်နေတာကြောင့် ရုတ်တရက် ချွတ်၍ မရ။

ရင်မှာ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း၊ ကြေကွဲခြင်းတို့ကြောင့် နေခြည့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေမိသည်။ ဒီမြင်ကွင်းကို မြင်ရတော့ ကံကောင်းဆက်သာကို လုံးဝ မကျေနပ်တော့ . . ။

ယခု ညေ့ခံပွဲသည် ရိုးရိုးညေ့ခံပွဲ မဟုတ်တော့။

ကံကောင်းဆက်သာနှင့် ရွှန်းလဲ့တို့၏ စေ့စပ်ကြောင်းလမ်းပွဲသာ ဖြစ်ပေလိမ့်မည်။

နေခြည် ရှက်တယ် . . . နေခြည် သိပ်ရှက်တယ်၊ နေခြည် မောင့်ကိုလည်း မမြင်ချင် မတွေ့ချင်တော့ပါဘူး . . . မောင် သိပ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



များတာပဲ။ နေခြည်ဆိုတာ မောင့်ရင်ထဲမှာ မရှိတော့ဘူးထင်ပါရဲ့ . . .။

ဒုက္ခပေါင်းစုံကို ခံစားခဲ့ရတဲ့ နေခြည့်ဘဝကို မောင် မစာနာဘဲ အသစ်ထပ်ရှာတယ် ၊ ဒါ နေခြည့်ကို သစ်စိမ်းချိုး ချိုးတာပေါ့လေ. . .။

နေခြည် အံကို တင်းတင်းကြိတ်ထားရာမှ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် စီးကျလာသည်။

ထိုစဉ်မှာပင် ကံကောင်းဆက်သာနှင့် ရွှန်းလဲ့တို့နှစ်ယောက် နေခြည်ရှိရာ စားပွဲဘက်သို့ ဦးတည်၍ လျှောက်လာနေကြသည်။

တစ်လှမ်း . . နှစ်လှမ်း . . သုံးလှမ်း . . .။

ရွှန်းလဲ့ဝင်းထိန်၏ မျက်နှာပေါ်၌ နာမည်နှင့် လိုက်ဖက်အောင် အပြုံးပန်းတွေ ဝေဖြာလင်းထိန်နေသည်။ ကျေနပ်နှစ်သိမ့်သော အပြုံးများ ဖုံးလွှမ်းနေသည်။

နေခြည် ထိုင်နေရာမှ ဆတ်ခနဲ ထသည်။

ထို့ကြောင့် နံဘေးရှိ ဒေါက်တာကြည်ဖင်က မော့ကြည့်သည်၊ မျက်ရည်လည်ရွဲနှင့် နေခြည့်ကို တွေ့မြင်သွားသောအခါ ဒေါက်တာ ကြည်ဖင် အံ့ဩသွားသည်။

" သမီး . . . ဘာဖြစ်လို့လဲ "

ဒေါက်တာကြည်ဖင် ထိတ်ထိတ်ပျာပျာဖြင့် မေးသည်၊ နေခြည် ခေါင်းခါပြသည်။ မျက်ရည်တွေ ကပျာကယာ ပွတ်သုတ်လိုက်သည်။

စားပွဲပေါ်မှ လက်ကိုင်အိတ်ကလေး ဆွဲ၍ ထိုနေရာမှ အပြေး လေး ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည် သူတို့နှစ်ယောက်ကို မတွေ့ချင် ၊ မမြင်ချင်တော့ပါ။ ကြာလျှင် ထိုင်လျက်နှင့်ပင် နေခြည့် အသည်းတွေ ကွဲကြေပြီး တစစီ ဖြစ်သွားလိမ့်မှာ အသေအချာပင်။

နေခြည်သည် မျက်ရည်များဖြင့် ဘာကိုမှ မမြင်နိုင်သလို ဖြစ်နေသည်။ မျက်လုံးတွေ ပြာပြီး ထိုင်ခုံတွေ ၊ စားပွဲဘော့ကို တိုးမိတိုက်မိကုန်သည်။

ဘာကိုမှ အမှုမထားနိုင်။

မိမိကိုယ်ကို မလဲအောင်သာ ဂရု စိုက်ရင်း ဆက်၍ ပြေးသည်။

ဒေါက်တာကြည်ဖင်က စိုးရိမ်တကြီးဖြင့် အော်ခေါ်သည်။

" သမီး . .သမီးလေး ဘယ်ကိုသွားမလို့လဲ . .မပြေးနဲ့ . . ဘာဘနဲ့အတူ ပြန်ကြရအောင် "

နေခြည် မကြားပါ။

ဒေါက်တာကြည်ဖင် နေခြည့်နောက်မှ လျှင်မြန်စွာ လိုက်သွားသည်။

နေခြည်က ရှေ့မှနေ၍ အလဲလဲ အပြိုပြိုဖြင့် ပြေးနေသည်။

သူမ၏ စိတ်ထဲ၌ ခြံဝင်းအပြင်သို့ အမြန်းဆုံး ရောက်ချင်နေသည်။

ထိုင်နေရာမှ လှုပ်အလယ်တွင် နေခြည် ရုတ်တရက် ထွက်ပြေး၍ ထိုနေရာရှိ လူများက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ဝိုင်းပြီး မေးမြန်းစပ်စုကြသော်လည်း မည်သူ့မျှ သေချာ မသိကြ။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းဆက်သာကလည်း ထိုမိန်းကလေး ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

သူ နားမလည်နိုင်တာက သူ့ကို ညှိုးလျော်ကြေကွဲသော အကြည့်ဖြင့် လှမ်း၍ ကြည့်ပြီးမှ ပြေးထွက်သွားခြင်းပင် ဖြစ်သည်။

သူမကို ကြောင်၍ ရပ်ကြည့်နေမိသည်။

သူ သတိဝင်လာချိန်မှာတော့ ထိုမိန်းကလေး ခြံပြင်သို့ ရောက်သွားပြီ။

သူ့စိတ်ထဲမှာ ပြေး၍ လိုက်ကြည့်ချင်နေသည်။

သို့သော် . . . ကြည့်၍ မဖြစ်တော့။

ဘာ့ကြောင့်မှန်း မသိ။

စိတ်လှုပ်ရှားပူပန်စွာဖြင့် သက်ပြင်း တစ်ချက်ကို ဟင်းခနဲ ချလိုက်မိသည်။

ခဏအကြာ ပါတီပွဲကျင်းပနေသော ခြံကြီးမှာ မူလအတိုင်း ပြန်စည်ကားသွားကြသည်။

ဒေါက်တာကြည်ဇင်ကတော့ နေခြည့်ကို လုံးဝနားမလည်နိုင်။ ဘာများဖြစ်တာပါလိမ့် ဟူသော အတွေးဖြင့် နေခြည့်နောက်မှ လိုက်ခဲ့သည်။

နေခြည် ပြေးလွှား၍ ခြံပြင်ရောက်လာသည်။

မျက်နှာပေါ်မှ မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသော့ကလည်း နေခြည့်ဆီမှာ ရှိနေသဖြင့် ကားသော့ဖွင့်ပြီး ဝင်ထိုင်ကာ စတီယာရင်လက်ကိုင်ပေါ်တွင် မျက်နှာမှောက်၍ ငိုကြွေးနေမိသည်။

နေခြည် မည်မျှငိုနေမိလည်း မသိ . . .။

ခေါင်းသံကြားမှ သတိဝင်လာသည့်အဖြစ်။

" သမီး . .နေခြည် "

နူးညံ့သောအသံ။

ဒေါက်တာကြည်ဖင်ကလည်း နေခြည့်ကို စိုးရိမ်ဟန်ဖြင့် ငုံ့ကြည့်နေသည်။

နေခြည် မော့ကြည့်လိုက်သည်။

" ဩော် ဘဘ "

" သမီးလေး . . ဘာဖြစ်လို့ ငိုလဲကွယ် . . သမီးငိုတော့ ဘဘ စိတ်ထဲ မကောင်းဘူး . . . ဘဘ ခေါ်လာလို့ ခုလို ဖြစ်တာဆိုပြီး"

" သမီး မငိုတော့ပါဘူး . . . ဘဘရယ် "

နေခြည်က မျက်ရည်တွေ ပွတ်သုတ်ရင်း ပြောလိုက်သည်။

" လောကကြီးထဲမှာ အခက်အခဲတွေ ပြဿနာတွေကို လူသားတွေ အမြဲ ကြုံတွေ့နေကြရတယ် သမီးရဲ့ . . . မထင်မှတ်တာတွေလည်း ဖြစ်တတ်တယ်၊ ငိုလို့သာ အဲဒီကိစ္စတွေ ပြေပျောက်သွားရင် လူတိုင်း ငိုနေကြမှာပေါ့၊ မငိုပါနဲ့ သမီးရယ် . . . တိတ် . .တိတ်ပါ "

နေခြည်မျက်ရည်များကို သုတ်ကာ အံကို တင်းတင်းကြိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နောက်မှ အန်တီခင်မိုးက လိုက်လာပြီး နေခြည့်ခေါင်းကို ခပ်ဖွဖွပွတ်ကာ . . .

" စိတ်မကောင်းတာတွေ တွေးမနေနဲ့ . . ပြီးတာတွေ မေ့ပစ်လိုက် . . . နောက်ဖြစ်မှာကိုလည်း မတွေးနဲ့ ၊ အခုလောလောဆယ်သာ ပျော်အောင်နေ ဟုတ်ပြီလား . . ."

ကရုဏာ ပြုံးနှင့် ပြောသည်။

" ကဲ . . . ကိုကြည်ဇင် ၊ မောင်းတော့ "

နေခြည့်ကတော့ အပြန်လမ်းတစ်လျှောက် စောစောက မြင်ကွင်းများက ဓါတ်ပုံရိုက်ထားသလို စွဲထင်နေသည်။

နေခြည် အံကို တင်းတင်းကြိတ်လိုက်သည်။ နေခြည့်ဘဝထဲမှ မောင်ဆိုသော လူတစ်ယောက်ကို မေ့ပျောက်ပစ်နိုင်အောင် ကြိုးစားရပါတော့မည်လေ . . ။



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့တို့အိမ်၌ ပြုလုပ်သောညည်ခံပွဲကြောင့် ကံကောင်းဆက်သာ အိပ်ရေးပျက်ခဲ့သည်။

ထို့ကြောင့် တော်တော်နှင့် အိပ်ရာမှ မထနိုင်။

နေမြင့်မှ နိုးသည်။

ရေမိုးချိုး ၊ အဝတ်အစားလဲ၍ ကော်ဖီသောက်ရင်း စားပွဲပေါ်မှ ကြေးမုံသတင်းစာကို ကောက်ကိုင်လိုက်သည်။

သူ့ရဲ့အကျင့်က အမြဲတမ်း သတင်းစာကို နောက်မှ လှန်လေ့ရှိသည်။

နာရေးကြော်ငြာ စသော ကြော်ငြာတွေကို အရင် ဖတ်လေ့ရှိသည်။ ဝတ္ထုစာအုပ် ကြော်ငြာတစ်ခု၏ဘေး၌ ကြော်ငြာတစ်ခုကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြော်ငြာကို တွေ့သောအခါ ကံကောင်းဆက်သာ မျက်လုံး ပြူးကျယ်သွားသည်။

သတင်းစာကို ကမန်းကတန်း ဒုတိယအကြိမ် ပြန်ဖတ်သည်။ ဟုတ်မှ ဟုတ်ပါ့မလား . . .ဟု ထင်မိသည်။

သို့သော် သတင်းစာထဲတွင် ထင်ထင်ရှားရှားပါနေသောကြော်ငြာ ဖြစ်သည်။

မဟုတ်ချင်၍လည်း မရတော့ . . .။

ပါလာသော သတင်းက . . .

" စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း " တဲ့။

" ကံကောင်းဆက်သာနှင့် ရွှန်းလဲ့ဝင်းထိန် " တဲ့။

ဒါ . . ဒါဆို ညက . . ပွဲက . . .

သူ ထူပူသွားသည်။

လက်များပင် တဆတ်ဆတ် တုန်လာသည်။

ညံ့ဖျင်းသော မိမိကိုယ်ကို မိမိအပြစ်တင်မိသည်။

မိမိကိုပါ လိမ်ညာလှည့် စားသွားသော မိခင်ကိုပါ မကျေနပ်။

အားလုံးက သူ့ကို ဝိုင်းညာခဲ့သည်။

သူ ဘာမှ မသိပါဘဲ အညာခံခဲ့ရသည်။

ဒီအထဲတွင် သူ၏မိခင်ဖြစ်သူ ဒေါ်တင်တင်ထားက နံပါတ်တစ် ဖြစ်လိမ့်မည်။

ဒီဇာတ်သဘင်းကို စီစဉ်ရေးသူမှာလည်း သူ့မိခင်ဒေါ်တင်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာ သေချာသည်။

သူ လုံးဝ မကျေနပ်။

အားလုံး အလိုတူ အလိုပါ။

သူ့ကို ဝိုင်း၍ အပိုင်ချည်ပြီး တုပ်ပြီး လိမ်ခဲ့ကြသည်။

ဝိရိကြပါပေ့ . . .။

ဤကိစ္စနှင့် ပတ်သက်၍ ကံကောင်းဆက်သော လုံးဝ မသိခဲ့။

ဤသို့ ဖြစ်လာလိမ့်မည်ဟုလည်း မထင်မိခဲ့။

သူ၏မိခင်ဒေါ်တင်တင်ထား ရန်ကုန်သို့ ရုတ်တရက် ဆင်းလာသည်။

ဘာမှ ထွေထွေထူးထူး မမေးမိ။

လုပ်ငန်းကိစ္စနှင့် လာသည် ဟုပင် ထင်ခဲ့သည်။

ယခုမှပင် သဘောပေါက်တော့သည်။

ရွှန်းလဲ့နှင့်ကိစ္စကိုလည်း ယခုမှပင် မနေ့ညက မိခင်ဖြစ်သူ၏ အပြုအမူများကို ပြန်တွေးမိရင်း သဘောပေါက်လာသည်။

“ ကျွတ် . . .ဒီလောက် သိသာနေတဲ့ကိစ္စကိုတောင် မရိပ်မိဘူးဆိုတော့ ငါ တော်တော်ညံ့တာပဲ ”

ဟု မိမိကိုယ်ကို ပို၍ အပြစ်တင်မိသည်။

ရွှန်းလဲ့ကို သူ့အနေနှင့် မည်သို့မှ စိတ်ကူး၍မရ။ အိမ်ထောင်ဘက်တစ်ယောက်အဖြစ် သဘောမထားနိုင်။

သူကသာ သဘောမထားနိုင် တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတက်ကဆိုလျှင် သဘောတူတာမှ ဟိုတက် လွန်နေသည်။

ထိုစဉ်မှာပင် ဒေါ်တင်တင်ထား အိမ်ပေါ်မှနေ၍ အောက်ထပ်သို့ ဆင်းလာသည်။

ကော်ဖီသောက်ရင်း သတင်းစာဖတ်နေသော ကံကောင်း ဘေးသို့ ရောက်လာသည်။

ဒေါ်တင်တင်ထား၏မျက်နှာပေါ်၌ အပြုံးရိပ်တို့က ဝေနေသည်။

ကံကောင်းဆက်သာ က သတင်းစာထဲမှ ကြော်ငြာနေရာကို လက်ညှိုးဖြင့် ထိုး၍ . . .

" မေမေ . . . ဒီသတင်းစာကြော်ငြာ ဘယ်သူထည့်တာလဲ"

ဒေါ်တင်တင်ထားက စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းကြော်ငြာကို ကြည့်၍ ဘာမှမဖြစ်သလို ခပ်ပြုံးပြုံး အမူအယာဖြင့် . . .

" မေမေ ထည့်တာပေါ့ သားရဲ့ . . ."

" ဟာ . . .မေမေတို့ လုပ်တာ မဟုတ်သေးပါဘူး ၊ ကျွန်တော့ သဘောတူညီချက်လည်း မပါဘူး . . မေမေက ထင်ရာတွေ လျှောက်လုပ် နေတာပဲ "

ဒေါ်တင်တင်ထား မျက်မှောင်ကုပ်၍ သွားသည်။ သားဖြစ်သူကို အကဲခတ်သလို ကြည့်ပြီး . . .

" သမီးလေး ရွှန်းလဲ့က ချောပါတယ် သားရဲ့ . . . ပညာလည်း တတ်တယ် ၊ ပစ္စည်းလည်း ရှိတယ် ၊ ဘာများ အပြစ်ပြောစရာရှိလို့လဲ သားရယ် "



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းဆက်သာ မဲ့ပြုံးပြုံး၍ ခေါင်းခါသည်။

" ကျွန်တော်ကမှ သူ့ကို သဘောမကျတာဘဲ။ အိမ်ထောင်ပြု တယ်ဆိုတာ ဟင်းရွက်ကန်စွန်းရွက် မဟုတ်ပါဘူး . . . ဘဝတစ်သက်တာ အတွက် အရေးအကြီးဆုံးကိစ္စပဲ ၊ မေမေတို့ လွယ်လွယ်လေးနဲ့တော့ မစီစဉ်သင့်ပါဘူး "

ဒေါ်တင်တင်ထား မကျေမနပ် ဖြစ်သွားသည်။

" အင်း . . ပထမတော့ သားကို မေမေပြောဦးမလို့ဘဲ . . ဒါပေမယ့် ပြောလို့ရှိရင် အခုလို ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ပြောမှာစိုးလို့ သားကို မပြောဘဲ လုပ်လိုက်ရတာ "

" ဘာပဲဖြစ်ဖြစ် မေမေ ဒီစေ့စပ်ပွဲက မေမေတို့ တဘက်သတ် စီစဉ်ကြတာ . . . ကျွန်တော့်ဆန္ဒ မပါလို့ လုံးဝ သဘောမတူဘူး . . "

" သဘောမတူလို့ မရတော့ဘူး . . . အခု စေ့စပ်ပွဲလုပ်ပြီးပြီ။ ရှေ့လထဲမှာ မင်္ဂလာဆောင်ဖို့ စီစဉ်ပေးမယ် ဒါပဲ "

ဒေါ်တင်တင်ထားက သူမဖြစ်စေချင်သည့်ဆန္ဒအတိုင်းပင် ပြော လိုက်သည်။

ဒီတော့ သူပို၍မှ မကျေနပ်။

စိတ်တိုလာသည်။

" ကောင်းပြီလေ . . . မေမေတို့ ကြိုက်သလို စီစဉ် ကျွန်တော် တော့ ရွှန်းလဲ့ကို မယူနိုင်ဘူး "

" ဘာဖြစ်လို့ မယူနိုင်ရတာလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



" မကြိုက်လို့ . ."

သူ ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

ရင်ထဲဟယ် မကျေနပ် စိတ်တို့က ပြည့်လျှံမို့မောက်လျက်. .။

" မကြိုက်လည်း မတတ်နိုင်ဘူး. .ရွှန်းလဲ့မှာ ဘာများအပြစ် ပြောစရာရှိလို့လဲ . . .မင်းတို့ချင်း ကြိုက်မှ ယူမယ့်အချိန်အထိ မဂစောင့် နိုင်ဘူး ၊ မင်းရဲ့ဒေါ်ဖေကိုလည်း အမေကြိုက်လို့ ယူတာ မဟုတ်ဘူး . . လူကြီးတွေ ပေးစားလို့ ယူခဲ့တာ မင်းအသိပဲ "

ကံကောင်းဆက်သာက မှုန်ကုပ်ကုပ်မျက်နှာဖြင့် . . .

" ဒါကတော့ မေမေတို့မှာ အကြောင်းကိစ္စတွေ ရှိနေလို့ပဲ"

ကံကောင်းဆက်သာကို ဆက်ပြောချင်သော်လည်း မပြောဖြစ်။ ဒါပေမယ့် ဒေါ်တင်တင်ထား သားစိတ်ကို သဘောပေါက်သည်။

သို့သော် . . . မိမိကလည်း မိမိဖြစ်ချင်တာကို ဖြစ်အောင် စီစဉ်မည့်သူမို့ . . .

" ဘာပဲဖြစ်ဖြစ် သမီးလေးရွှန်းလဲ့ကို မင်း ယူရမယ် ၊ ဘာမှ ဆင်ခြေတက်မနေနဲ့တော့ ၊ ဘာလဲ . . . မင်းက ဟိုနေခြည်နွေးဆိုတဲ့ ကောင်မလေးကို စွဲလန်းနေတုန်းပဲလား . .ဒီမှာ မင်း အဲဒီကောင်မလေးကို ဒီတစ်သက် မစဉ်းစားနဲ့တော့ . . ."

ကံကောင်း စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

နေခြည်နွေးမည် ကို ကြားရတော့ စိတ်ထဲမှာလည်း အငွေ့လေး တင်းတင်းကျပ်ကျပ်နှင့် အသက်ရှူ မဝသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်သေးပါဘူး မေမေရာ . . . မေမေ စီစဉ်တာတွေဟာ သဘာဝ မကျသေးပါဘူး "

" အို . . . သဘာဝ ကျကျ , မကျကျ မေမေ စီစဉ်တဲ့အတိုင်း လိုက်နာရမယ် ၊ ဦးဝေလွင်နဲ့ ဒေါ်ခက်ခက်သမီးနဲ့တော့ လုံးဝ သဘော မတူနိုင်ဘူး . . . ဒါပဲ "

" ဪ . .ဒါနဲ့ မေမေပြောတော့ သေသွားပြီဆို နေခြည်က"

ရုတ်တရက် မေးချလိုက်သော သူ့စကားကြောင့် ဒေါ်တင်တင် ထား ကြောင်အမ်းအမ်းဖြစ်၍ အံ့အားသင့်သွားသည်။

နေခြည် မသေသေးဘဲနှင့် သားကို နေခြည်ဆုံးပြီ ဟု သူမပဲ ပြောခဲ့သည် မဟုတ်ပါလား။

ယခုတော့ ဤအချက်ကို ထောက်၍ ပြောလာပေပြီ။

အခုမှတော့ မထူးဘူး ဟု သဘောပိုက်၍ . . .

" ဟုတ်တယ် . . . သားဆေးရုံတက်နေတုန်းက တစ်ခါတည်း ကိစ္စ ရှင်းသွားအောင် မေမေ ညာပြောခဲ့တာပဲ ၊ သူတို့ရဲ့သမီးနဲ့ မေမေ့ သားကို လုံးဝ သဘောမတူနိုင်ဘူးလို့ပဲ "

" ကျွန်တော် ရှန်းလဲ့ကို လုံးဝ မယူနိုင်ဘူး . . . မေမေ "

" ဘာလဲ . . သားက မေမေ့စကားကို နားမထောင်နိုင်ဘူး ပေါ့လေ ဟုတ်လား . . . နေခြည်နွေးကိုပဲ ယူမယ်ပေါ့ "

" နေခြည့်ကို ကျွန်တော် မတွေ့ရတာ ခြောက်လတောင် ကြာပါပြီ. .မေမေ သူ့အကြောင်းကို လုံးဝ စုံစမ်းလို့ မရသေးပါဘူး.



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှန်တဲ့အတိုင်း ပြောပြနေတာပါ။ ကျွန်တော် စိတ်ဆင်းရဲအောင် စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်ပါနဲ့လို့ တောင်းပန်ပါရစေ . . .”

ကံကောင်းဆက်သာ ဆံပင်များထဲ လက်ချောင်းများ ထိုးဖွလိုက်ပြီး သက်ပြင်းချကာ ပြောလိုက်မိသည်။

“ ဪ မင်းက ဒီလိုဆိုတော့ မေမေကလည်း ပြောရမှာပဲ မေမေ့ရန်သူရဲ့သမီးနဲ့ မင်း ယူသွားရင် မေမေလည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး ၊ အဲဒီလို ပြဿနာမျိုး မကြုံရအောင်ဆိုပြီး အခုလို အမြန်ဆုံး စီစဉ်လိုက်ရတာပဲ ”

ဒေါ်တင်တင်ထားအနေနှင့် နေခြည်နှင့်သူ့ကို လုံးဝ သဘောမတူ သည်မှာ ပို၍ ပို၍ သေချာနိုင်မာလာသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဒေါ်တင်တင်ထားကလည်း လုံးဝ အလျှော့ ပေးလိမ့်မည် မဟုတ်။

“ ဒီမှာ သားကို မေမေ နောက်ဆုံးပြောလိုက်မယ် ၊ သားအနေနဲ့ မေမေ စီစဉ်တာကို အေးအေးဆေးဆေး လက်ခံပါ။ ဒီလိုမဟုတ်ရင်တော့ မေမေ့ဘက်ကလည်း တစ်မျိုးတစ်ဖုံ စီစဉ်ရလိမ့်မယ် ၊ အဲဒီအခါကျမှ မေမေ ရက်စက်လှချည်လား . . ဆိုပြီး အဆိုး မဆိုနဲ့ ”

ဒေါ်တင်တင်ထား၏ ဆိုလိုရင်းကို ကံကောင်းဆက်သာ ကောင်းစွာ သဘောပေါက်ပါသည်။ သူ့ကို အမွေပြတ် ကြော်ငြာမည်ဟု ပါးစပ်က တည့်တည့်မပြောပေမယ့် သူ ကောင်းစွာ နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမွေပြတ်ကြော်ငြာမှာကိုလည်း သူ့အနေနှင့် လုံးဝ မမှုပါ။

ကံကောင်းဆက်သာ ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး ဒေါ်တင်တင်ထားရှေ့မှ ခပ်မြန်မြန် ထွက်လာခဲ့သည်။ ကြာရှည်ဆက်ပြော နေလျှင် ပို၍ ပြဿနာ ဖြစ်တော့မည်။

စိတ်မချမ်းမသာဖြစ်နေရသည့်အထဲ ပို၍ စိတ်အနှောင့်အယှက် ဖြစ်ရမည်။ စိတ်ဆင်းရဲ ရမည်လေ . . .။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်မျက်နှာလေး ညှိုးငယ်နေရှာသည်။

ဒေါက်တာကြည်ဇင်က နေခြည့်အနားမှာ ရပ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

နေခြည့် ဇာတ်လမ်း အစမှအဆုံးတိုင် ဒေါက်တာကြည်ဇင် သိပြီးသား . . .။

နေခြည်ကလည်း အားလုံးမချွင်းမချန် ပြောပြလိုက်သည်။

ကံကောင်းဆက်သာနှင့် တွေ့ဆုံပုံမှစ၍ မိဘများ၏ ပြဿနာ နောက်ဆုံး ကြုံတွေ့ခဲ့ရပုံများအထိပါ။

စကားဆုံးတော့ ဒေါက်တာကြည်ဇင် ခေါက်တုန့်ခေါက်ပြန်လမ်း လျှောက်နေရာမှ ရပ်လိုက်ပြီး . . .

" ကဲ . . .အခု သမီးလေး ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က တွေတွေလေး ငေးနေရာမှ . . .

" သမီး ရန်ကုန်မှာ မနေချင်တော့ဘူး . . . ရန်ကုန်မှာ နေရတာ စိတ်ဆင်းရဲဖို့ ကောင်းတယ် . . . ဘဘရယ် "

" အေးပါ . . . သမီးလေး စိတ်ဆင်းရဲတာ ဘဘ မမြင်ချင်ဘူး။ သမီးလေး ဘယ်သွားနေချင်လဲ . . . ပြော "

နေခြည် ခေါင်းလေး ငုံ၍ စဉ်းစားသည်။

" အမျိုးတွေရှိတဲ့ မန္တလေးမှာ ခဏ သွားနေရင် ကောင်းမလား လို့ . . ."

ဒေါက်တာကြည်ဇင်က ပြုံးလိုက်မိသည်။

" ဒါဆို ဘဘ တစ်ခု မေးဦးမယ် . . . မောင်ကံကောင်းဟာ သမီးရဲ့ချစ်သူနော် "

" အရင်ကတော့ ဟုတ်ပါတယ် . . အခုတော့ မဟုတ်တော့ပါဘူး သူ့မှာလည်း စေ့စပ်ထားတဲ့သူ ရှိနေပြီပဲလေ "

နေခြည့်အဖြေကို ဒေါက်တာကြည်ဇင်က ရယ်မောလိုက်သည်။

" ဖြစ်မှ ဖြစ်ရလေ . . . စေ့စပ်ကြောင်းလမ်းတိုင်း တကယ် သက်ထပ်ပြီးပြီမို့လား သမီးရယ် "

" ဟုတ်တော့ ဟုတ်ပါတယ် . . . ဒါပေမယ့် သမီး ဒီမှာ မနေချင်ဘူး၊ အရမ်းစိတ်ထဲမှာ ပူလောင်နေတယ် "

" အေးပါ . . . မန္တလေးသွားရင်ရော သမီးခံစားနေရတဲ့ဝေဒနာ တွေ သက်သာသွားလိမ့်မယ်လို့ ထင်နေလား "



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်က ခေါင်းကလေး ညိတ်ပြလိုက်သည်။

" အေး . . .သမီးရဲ့ဝေဒနာက သက်သာမှာ မဟုတ်ဘူး . သတိရနေဦးမှာ သေချာတယ် "

" သမီး သတိမရအောင် ကြိုးစားမှာပေါ့ ဘဘရယ် ၊ သူနဲ့ ဝေးရာကို သမီး ပြေးတော့မယ် ၊ ဒါမှ သမီးရဲ့ ရင်ထဲ ပေါ့ပါးသွားလိမ့်မယ်"

" ဒါက သမီးရဲ့ အထင်ပါကွယ် . . . စစ်မှန်တဲ့ချစ်ခြင်းမေတ္တာ ဟာ ဘယ်နေရာ ရောက်ရောက် မမေ့နိုင်ပါဘူး ၊ စွဲထင်နေတတ်တယ်"

နေခြည့် ငေးငေးငိုင်ငိုင်ကလေးဖြင့် ထိုင်နေမိသည်။

" ကဲ . . . အဲဒီကိစ္စ ထားလိုက်ပါတော့ . . သမီးအသံသွင်းဖို့ ကိစ္စတွေက ရှိသေးတယ်လေ "

" အို . . . ဟုတ်ပါရဲ့ "

သီချင်းဆိုဖို့ ကိစ္စကို ယခုမှပင် နေခြည် သတိရလာမိသည်။ နေခြည့်သီချင်း ဝိုက်ဖို့ ၊ အသံသွင်းဖို့ ကိစ္စတွေ ရှိသေးသည်။ အားလုံး ပြောပြီး ဆိုပြီးသား။ ဒိတ်တောင် ချိန်ပြီးနေပြီ။

ဒီလိုဆိုရင် နေခြည် ဘယ်ကိုမှ သွားလို့ မရပါ။ သွားလို့ မဖြစ်။ နေခြည် အားလျော့စွာ မျက်နှာလေး ငယ်သွားသည်။

" ဒီလိုဆိုရင်တော့ နေခြည် သွားလို့ မဖြစ်သေးပါဘူးလေ အခု သီချင်းသွင်းမယ့်ကိစ္စကို သမီး ကြိုးစားမှဖြစ်မယ် ဘဘရဲ့ . . သမီးက ပထမဆုံး ဆိုရမှာဆိုတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ဆင်နိုင်မှ တန်ကာကျမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ဇင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိသည်။

" ဒီလိုပဲ ဖြစ်ရမှာပေါ့ သမီးရယ် . . . အရာရာကို အရှုံးမပေး စမ်းပါနဲ့ . . . အခု သမီးမှာ လုပ်စရာတွေ ရှိနေတယ် သမီးဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို ကြိုးစားလုပ်ဖို့ လိုနေပြီ။ ဒီတော့ . . သမီးရဲ့စိတ်တွေကို သမီးသီချင်းဆိုတဲ့ကိစ္စမှာ စုပုံထားလိုက်ပေါ့ကွယ်"

နေခြည် ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။ ဟိုတုန်းက အခြေအနေများကို ပြန်တွေးနေမိသည်။ နေခြည် ဝမ်းနည်းတာတွေ ၊ လွမ်းတာတွေ၊ ကြေကွဲတာတွေကို လုံးဝ မခံစားလို့ တွေးလည်း မတွေးချင် ၊ ကြုံလည်း မကြုံလိုပေ။

ယခုတော့ မိမိ မလိုချင်တာတွေ လာ၍ စုနေသည် ဟု နေခြည် တွေးမိသည်။ ရင်ထဲက ခံစားချက်နှင့် စိတ်အတွေးများကို သီချင်းဆိုကဲ့ နေရာမှာသာ မြှုပ်နှံထားရန် ဆုံးဖြတ်လိုက်သည်။

မောင်က နာမည်ကြီး ထုတ်လုပ်သူတစ်ယောက်။

အခုတော့ . . .

နေခြည်က နာမည်ကြီး အဆိုတော်ဖြစ်ဖို့ ကြိုးစားရတော့မှာ ပေါ့လေ ဟု တွေးပြီး မဲ့ပြုံးပြုံးလိုက်သည်။

ဒေါက်တာကြည်ဇင် လမ်းလျှောက်နေရာမှ ဆက်တီတစ်ခုပေါ်တွင် မှီထိုင်လိုက်သည်။ မျက်နှာပေါ်၌ အပြုံးစတို့ တွဲခိုလျက် နေခြည့်ကို အကဲခတ်သလို ကြည့်နေသည်။ နေခြည့်မှာသာ အတွေးကမ္ဘာထဲမှာ ချာချာလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သမီး မန္တလေး သွားဦးမှာလား . . ."

နေခြည် ရှက်ပြုံးပြုံးမိသည်။ ပြီးတော့ မပွင့်တပွင့်ဖြင့် . . .

" ဟင့်အင်း . . . သွားလို့ မဖြစ်သေးပါဘူး ဘဘ၊ သီချင်းကိစ္စ တွေကလည်း ရှိသေးတယ်လေ၊ အဲဒီအခွေမှာ သမီးကိုယ်တိုင် ရေးပြီး ဆိုမယ့် သီချင်းလည်း ပါတယ် ဘဘရဲ့ "

သူက ခပ်ချွဲချွဲလေး ပြောလိုက်သည်။

" ဟာ . . . တယ်ဟုတ်ပါလား သမီးရဲ့၊ ဘာသီချင်းများ လဲကွယ် "

နေခြည်က မျက်နှာလေး ငုံ၍ ပြုံးတုံ့တုံ့လုပ်ကာ . . .

" သမီးရဲ့ ခံစားချက် သီချင်းပေါ့ ဘဘရဲ့ . . ."

" ကောင်းပါတယ် . . . သမီးလေးရဲ့ ကိုယ်ပိုင်ခံစားချက်ပေါ့ ဟုတ်လား "

" အဟင်း . . ."

နေခြည် ရှက်ရယ် ရယ်မိသည်။

သို့သော် ချက်ချင်းပင် မျက်နှာလေး ညှိုးကျသွားသည်။ အခု တင်ပဲ ရယ်ပြုံးနေရာမှ အခုချက်ချင်း မှိုင်သွားရသော နေခြည် ရှုးမှုး ရှုးနေပြီလား။ နေခြည် ရင်ထဲမှာ ထူးခြားစွာ လှိုက်၍ ဝမ်းနည်းကာ မျက်ရည်များ ရစ်ဝိုင်းလာမိသည်။

ရွှင်လဲ့ဝင်းထိန်က မောင့်ကို လက်မောင်းချင်းချိတ်၍ လမ်း လျှောက်လာပုံ၊ ဒေါ်တင်တင်ထားက ရွှန်းလဲ့အား လက်ဖွဲ့ ဝတ်ပေးပုံ



www.burmeseclassic.com

www.burmeseclassic.com



နေခြည်မျက်စိထဲတွင် စွဲထင်လာခဲ့သည်။

မိမိလက်မှ မောင် ဝတ်ပေးခဲ့သော လက်စွပ်လေးကိုလည်း ငုံ့ကြည့်မိသည်။ နေခြည့်ကို မောင် ချစ်တယ်ဆိုတာလည်း သိပါသည်။

ချစ်သက်လက်ဆောင် တဲ့။

ယခုတော့ . . .

ရက်စက်လိုက်တဲ့ မောင်ရယ် . . .။

ဟုသာ ရင်ထဲမှ အခါခါ ရေရွတ်နေမိသည်။ မောင့်ကို ရင်ဆိုင်တွေ့ရန်လည်း ယခုအချိန်အထိ နေခြည် စိတ်မကူးသေးပါ။ နေခြည့်ကို မောင်သာ မမှတ်မိဘူးဆိုလျှင် နေခြည့်ရင်တွေ ကွဲထွက်ရလိမ့်မည် မဟုတ်ပါလား . . .။

နေခြည် ခေါင်းငုံ့၍ လက်စွပ်ကလေးကို ငုံ့ကြည့်သည်။မျက်ရည်စက်လေးတွေက လက်ပေါ် ပိုးပိုးပေါက်ပေါက် ကျလာသည်။ လက်စွပ်လှလှလေးက နေခြည့်ကို လှောင်ပြောင်နေသည့်နှယ် . . .။

နေခြည့်ရင်ထဲမှာ ခံစားချက်တွေက များလွန်းနေပြီ။ ရင်ထဲမဆံ့အောင်ပင်။ ထို့ကြောင့် လက်စွပ်ကို အသာလေး လည့်ချွတ်လိုက်သည်။

" ဘဘ "

" ပြောလေ သမီးရဲ့ "

ဒေါက်တာကြည်ဖင်က နေခြည့်မျက်ဝန်းထဲမှ မျက်ရည်စက်များကို မြင်နေရပါသည်။ နေခြည်က လက်ထဲမှ တန်ဖိုးကြီးမားသော လက်စွပ်ကလေးကို ဒေါက်တာကြည်ဖင်ထံ ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီလက်စွပ်ကိုလည်း ဘဘဆီမှာပဲ ဆက်ထားပါရစေနော်"

ဒေါက်တာကြည်ဖင်၏ မျက်လုံးအစုံမှာ မြင့်တက်သွားသည်။ အံ့ဩနေသော အသွင်ဖြင့် . . .

" ဒါ သမီးလေးရဲ့လက်စွပ်လေကွယ် . . . ဘာဖြစ်လို့ ဘဘဆီမှာ အပ်ထားရမှာလဲ "

နေခြည် မဲ့ပြုံးလေး ပြုံးလိုက်သည်။

" မဟုတ်ဘူး ဘဘရဲ့ . . . ဒီလက်စွပ်က သူပေးထားတဲ့ လက်စွပ် ဖြစ်နေလို့ "

" ဪ . . ."

ဒေါက်တာကြည်ဖင် အံ့ဩသွားမိသည်။ နေခြည်လှမ်းပေးသော လက်စွပ်ကို ယူပြီး အသေအချာ ကြည့်လိုက်သည်။

တန်ဖိုးကြီးမားသောလက်စွပ်ဆိုတာ မြင်ရုံနှင့် သိနိုင်ပါသည်။ ဒေါက်တာကြည်ဖင်က ခေါင်းတညိတ်ညိတ်နှင့် နေခြည့်ကို လှမ်းကြည့်သည်။

" သူနဲ့ဆုံရင် သမီး ဒီလက်စွပ်ကို ပြန်ပြီး ပေးလိုက်တော့မယ် ဘဘ "

" အင်းလေ . . . သမီး သဘောပါပဲ "

" သမီးလက်မှာ ဝတ်ထားရင် သူ့ကို သတိရနေမိမှာ . . . သိမ်းထားရင်လည်း ထုတ်ကြည့်မိပြီး သတိရနေမှာ အသေအချာပဲ ဘဘရဲ့ . . . ဒါ့ကြောင့် ဘဘဆီမှာပဲ အပ်ထားပါရစေ "



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ဖင်ကတော့ သဘောကျစွာ ပြုံးနေမိသည်။ ဒီလက်စွပ်က ဟိုတလောက နေခြည့်ကို လက်ထပ်ရန် ရည်ရွယ်၍ ပေးအပ်ခြင်းသာ ဖြစ်သည်။

သို့သော် ရွှန်းလဲ့ကို ဒေါ်တင်တင်ထားက လက်စွပ်တစ်ကွင်း ဝတ်ပေးတာကို မြင်၍ နေခြည် ယခုလို သူမ၏လက်စွပ်ကို ချွတ်ရခြင်း ဖြစ်ကြောင်း သဘောပေါက်လိုက်မိသည်။ သို့သော် ဒေါက်တာကြည်ဖင်က နေခြည့်ကို ဘာမှတော့မပြော ၊ အသာလေး ငြိမ်၍ ကြည့်နေလိုက်သည်။

နေခြည် ထိုင်ရာမှ ဖြည်းညင်းစွာ ထသွားတော့သည်။ အခန်းထဲမှာ ငိုကြွေးခြင်းနှင့်သာ ဖြေသိမ့်ရမည် မဟုတ်ပါလား . . .။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာတော့ နေခြည်သည် သီချင်းကိစ္စတွေနှင့် ရှုပ်နေတာကြောင့် လွမ်းနေဆွေးနေရန် မအားလပ်ပါ။

နေခြည်က အခွေတစ်ခြမ်း ပါဝင်ပြီး ဤနာမည်ကြီးအဆိုတော်တွေက တစ်ခြမ်းဖြစ်သည်။ ထို့ကြောင့် နေခြည့်မှာ နာမည်ကြီးတွေနှင့် ယှဉ်ရမှာမို့ ပို၍ ကြိုးစားရသည်။

အားလုံးကလည်း ကူညီပါသည်။

အသံသွင်းတာ နောက်ဆုံးနေ့ ရောက်တော့ နေခြည်က နုတ်ဘာရွက်တွေ လိုက်ဝေသည်။

" ဒါ ဘယ်သူ့သီချင်းလဲ . . ."

*DJ* လုပ်နေသော တစ်ယောက်က မေးသည်။ နေခြည့်နှုတ်က အပြုံးနုနုဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်သူ့သီချင်းလို့ ထင်လဲ . . . "

" ဟင် . . . နေခြည်က သီချင်းရေးထားတာလား "

" ဟုတ်ပါတယ် . . . ဒါ နေခြည်ကိုယ်တိုင် ရေးထားတဲ့သီချင်းစာရွက်ပါပဲ "

တီးဝိုင်းခေါင်းဆောင် ကိုနိုင်က သီချင်းစာသားတွေကို ဖတ်ကြည့်ပြီး . . .

" မဆိုးပါဘူး . . . *Rapper* တစ်ယောက်တော့ လိုလိမ့်မယ် ထင်တယ် "

နေခြည် ခေါင်း ခပ်ဖွဖွ ညိတ်လိုက်သည်။

" ဘာပဲဖြစ်ဖြစ် ဒီသီချင်းကို ဒီအခွေထဲ ပါအောင် စီစဉ်ပေးပါနော် . . . "

တီးဝိုင်းအဖွဲ့သားများ အလုပ်ရှုပ်သွားကြသည်။ သံစဉ်ကို စမ်း၍ တီးခတ်ကြည့်သည်။

ဂစ်တာသမားက အံ့ကြသောမျက်နှာဖြင့် လှမ်းပြောသည်။

" သံစဉ်ကို ဂစ်တာနဲ့ ရှာထားတာလား နေခြည် "

" ဟုတ်ပါတယ် . . . ကျွန်မ ဂစ်တာတီး သင်ထားတယ်လေ"

" ကောင်းတာပေါ့ . . . သံစဉ်လေးတွေကလည်း ချိုချိုလေးတွေ မနေခြည် တော်တယ်ဗျာ . . . "

ဂစ်တာသမားက နေခြည့်ကို ဝမ်းသာအားရ ချီးကျူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်ကလည်း အပြုံးနုနုဖြင့် . . .

" ကျေးဇူးပါပဲရှင် . . ."

ထို့နောက် စီစဉ်စရာများကို စီစဉ်လိုက်ရသည်။ နေခြည်လည်း စတူဒီယိုခန်းထဲ ရောက်နေပြီ။

" အားလုံး ရယ်ဒီပဲနော် . . . စမယ် "

ကိုယ်ပိုင်ခံစားချက်တွေမှို့ သီချင်းထဲ စီးမျောရင်း သီဆိုနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲသို့ ကံကောင်းဆက်သာနှင့် စောထွန်းတို့ ခပ်သုတ်သုတ် ဝင်လာကြသည်။ လက်ထဲတွင် စာရွက်များ၊ ဟန်းဖုန်းနှင့် ရှုပ်နေသည်။

ချောင်ကျကျ စားပွဲ၌ ထိုင်၍ မှာလိုက်သည်။

" လက်ဖက်ရည်တစ်ခွက် . . . ကော်ဖီမစ်တစ်ခွက် "

စောထွန်းက စီးကရက်တစ်လိပ်ကို နှိုက်၍ မီးညှိဖွာရှိုက်လိုက်ပြီးမှ . . .

" မင်း အသစ်တင်ထားတဲ့ အဆိုတော်ရဲ့အခွေက အခုထိ မထွက်သေးဘူးလား . . . ဘယ်လိုဖြစ်တာလဲကွ "

ကံကောင်းဆက်သာ၏ ကံကောင်းတေးသံသွင်းမှာ အဆိုတော် အသစ်တစ်ယောက် အခွေထွက်ဖို့ ကြိုးစားနေတာကြောင့် စောထွန်းက



www.burmeseclassic.com

www.burmeseclassic.com



မေးခြင်း ဖြစ်သည်။

" ငါလည်း ကြိုးစားနေတာပဲ . . . အခုဟာက နိုးကူးခွေတွေက လည်း ကြောက်ရသေးတော့ တော်တော်လေး လုပ်နေရတယ်၊ ဘာလဲ မင်းက နားထောင်ချင်နေပြီလား . . ."

" မဟုတ်ပါဘူးကွာ . . . အခုက အဆိုတော်အသစ်တွေ အများကြီးဆိုတော့ မင်းအခွေ နောက်ကျနေမှာစိုးလို့ကွ "

" အေးပါကွ . . . မကောင်းမှာစိုးလို့ အသံပြန်သွင်းနေတာလဲ ကြာသွားတာ "

ကံကောင်းဆက်သာ ပြောရင်း စားပွဲပေါ်မှ လက်ဖက်ရည် ပန်းကန်ကို ဆွဲယူ၍ ခပ်ဖြည်းဖြည်းမှုတ်ကာ သောက်လိုက်သည်။စောထွန်း က မုန့်တစ်ခုကို စားနေသည်။ ပလုပ်ပလောင်းစားရင်း ကော်ဖီသောက် သည်။

" ဒါနဲ့ . . . မင်းကို ပြောရဦးမယ်၊ အဆိုတော် အသစ် တစ်ယောက် တိုးလာပြန်ပြီ "

ကံကောင်းဆက်သာ မထူးခြားဟန်ဖြင့် ခေါင်းညိတ်ရင်း . .

" အမယ်လေးကွာ . . . အဆိုတော်တွေ ဒီလောက် မှိုလိုပေါက်နေတဲ့ ခေတ်မှာ အဆိုတော်သစ်တစ်ယောက်လောက် ပေါ်လာ တာ ဆန်းလား . . .အခု ကောင်လေးတွေ ကောင်မလေးတွေ ဘယ်နေရာ ကြည့်ကြည့် ***Rapper*** ပုံစံတွေနဲ့ချည်းပဲ "

" အေးပေါ့ကွာ ဒါတော့ ဒါပေါ့ကွ ဒါပေမယ့် အခု အဆိုတော်က



www.burmeseclassic.com

www.burmeseclassic.com



သီချင်းအေးအေးလေးတွေ ၊ *Pop* လေးတွေ ပဲဆိုပြီး အသံကလည်း ချိုချိုကြည်ကြည်လေးနဲ့ . . . နာမည်လေး ကြားရင် မင်း ပိုစိတ်ဝင်စားသွားဦးမယ် ”

“ ဆိုစမ်းပါဦးကွ . . .”

“ နာမည်က နေခြည်တဲ့ ”

ဒီတစ်ခါတော့ ကံကောင်းဆက်သာ မျက်လုံး ပြူးကျယ်သွားသည်။ လက်ဖျားမှ စီးကရက်အောက်သို့ ပြုတ်ကျသွားသည်။

“ ဘာ . . . နေခြည် ဟုတ်လား . . .”

“ နေခြည်ဆိုတာနဲ့ မင်းက ဘာဖြစ်သွားရတာလဲ . . .အလန့်တကြားနဲ့ မင်း ဒီလိုဖြစ်မယ်ဆိုတာ သိလို့ ငါ မပြောဘဲနေတာကွ”

“ အခွေနာမည်ကရော . . .”

“ အခွေကတော့ နာမည်ကြီးအဆိုတော် လေးငါးယောက်က တစ်ခြမ်း သူက တစ်ခြမ်းကွ ၊ အခွေပေါက်အောင်လို့ပေါ့ ၊ အခွေနာမည်က “မောင် . . . သို့ ” တဲ့ ”

ကံကောင်းဆက်သာတစ်ယောက် နာမည်ကို ကြားလိုက်ရပြီး ခုန်ထိတ်သွားသည်။

“ သီချင်းလေးတွေက အလွမ်းအဆွေးတွေချည်းပဲ ၊ အသံလေးကလည်း ချိုချိုကြည်ကြည်လေး . . .”

“ ဒါနဲ့ . . . နေခြည်ဆိုတော့ ဟို . .ဟို . . .”

“ ဒါတော့ ငါလည်း မပြောတတ်ဘူး ၊ ကတ်ဆက်ကာဘာမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ နေခြည့်ရဲ့ပုံပါတယ် ၊ ငါ သေချာကြည့်ပြီးပြီ . . . ဒါပေမယ့် နေခြည့်ပုံတော့ မဟုတ်ပါဘူး . . အဆိုတော် နေခြည်ကလည်း မဆိုးပါဘူး။ ရုပ်ကလေးကလည်း အချောသား သီချင်းတွေကလည်း နားထဲစွဲတော့ အလားအလာ အများကြီး ရှိတယ်လို့ ပြောရမှာပဲ ''

သူ့အဖို့တော့ စောထွန်းပြောမှပင် ဤအကြောင်းကို သိရသည်။ ထို့ကြောင့် ခေါင်းကုတ်ရင်း . . .

'' အေးကွာ . . . ငါလည်း မင်းပြောမှပဲ သိရတော့တယ် ''

စောထွန်းက ရယ်ကျဲကျဲဖြင့် . . .

'' မင်းလည်း ကိုယ့်ပတ်ဝန်းကျင်ကို နည်းနည်း ဂရုစိုက်ဦး လေကွာ . . . ''

'' ဂရုစိုက်ပါတယ်ကွာ . . . ငါလည်း အလုပ်များနေတာ မင်းလည်း အသိပဲ . . . ထွက်တဲ့အခွေတိုင်း ဘယ်နားထောင်နိုင်ပါ့မလဲ၊ ပြီးတော့ ငါ့မားသားကြီးနဲ့ ငါကလည်း အခုတလော သိပ်အဆင်မပြေဘူး။ ငါနဲ့ ရွှန်းလဲ့ကို အတင်းပေးစားနေတာလေ . . .''

'' ပေးစားရင်လည်း ယူလိုက်ပေါ့ ၊ရွှန်းလဲ့က အမိုက်စားလေးပါ''

စောထွန်းက နောက်သလို ပြောပေမယ့် သူ မရယ်နိုင်။

သူ့ရင်ထဲမှာက နေခြည် တစ်ယောက်ပဲ ရှိတာလေ။ သူက ခေါင်းခပ်ဖွဖွ ခါယမ်းရင်း . . .

'' ကဲပါ . . . အခု မင်းပြောတဲ့ ''မောင် . . . သို့''ဆိုတဲ့သီချင်း ကို နားထောင်ကြည့်ဦးမယ် ငါရဲ့နေခြည်များ ဖြစ်နေမလား မသိဘူး . .



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ကလည်း ငါ့ကို မောင်လို့ပဲ ခေါ်တာ ”

“ လုပ်မနေပါနဲ့ကွာ . .အခွေကာဘာဘုံကတော့ မင်းရဲ့နေခြည်ပုံ ပေါက်တာ အသေအချာပဲကွ ”

သူ စိတ်ပျက်သွားရသည်။ စောထွန်းပြောပုံအရဆို နာမည်ချင်း တူတာ ဖြစ်မည်ဟု သူ တွက်ဆလိုက်သည်။

“ ဒီနေ့ မြရိပ်ညိုပွဲ မင်း သွားမှာလား . . .”

“ အေး . . ဟုတ်သားပဲ ၊ ငါတောင် မေ့နေတယ် ၊ မင်း လက်မှတ် ဝယ်ပြီးသွားပြီလား ”

“ မင်းအတွက်ပါ ဝယ်ပြီးပြီ ဟော့ကောင် အမှန်ကတော့ မေတ္တာ ဆက်ဆောင်ရတာပါ ဟဲ . .ဟဲ . .ငါ ညနေ လာခေါ်မယ် ၊ အဆင်သင့် နေထား ”

ကံကောင်းဆက်သာ ခေါင်းဆတ်ပြလိုက်သည်။

နှစ်ယောက်သား လက်ဖက်ရည်ဖိုးရှင်းပြီး ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာက မြရိပ်ညိုဟိုတယ်။

မြက်ခင်းပြင်ပေါ်တွင် စတိတ်စင်တစ်ခုနှင့် *DJ*စင်ချထားသည်။

ပွင့်လင်းရာသီလည်း ဖြစ်၍ လူတွေ ပြည့်ကျပ်နေသည်။ ထို့ကြောင့် စောစောလာမှသာ တန်ကာကျသည်။

နေခြည် ၊ အသက်နှင့် သီတာတို့ စင်နောက်မှာ တီးတိုးစကားပြောနေကြသည်၊

" အသက်လည်း ဆိုနေကျပေမယ့် စင်နောက်ရောက်တိုင်း ရင်ခုန်တယ် နေခြယ်ရယ် "

ဒီည ဝင်ဆိုမှာက အသက်ဖြစ်သည်။ အသက်လက်ဖျားတွေ အေးစက်နေတာမို့ နေခြည်က ဆုပ်ကိုင်ရင်း အားပေးလိုက်သည်။

" နေခြည်ပါ ဒီည ဝင်ဆိုပါလား . . . အသက် ပွဲစီစဉ်သူကို



www.burmeseclassic.com

www.burmeseclassic.com



သွားပြောလိုက်မယ်လေ ”

နေခြည်က ခေါင်းကလေး ခါပြလိုက်သည်။

“ ဟင့်အင်း . . . နေခြည် မဆိုချင်ပါဘူး ”

“ ဘာဖြစ်လို့လဲ နေခြည်ရဲ့ . . . အဆိုတော်တွေ အများကြီးမို့လား . . . ဒီလိုပဲ ဆိုကျတာပဲလေ ”

နေခြည် ခေါင်းခါလိုက်သည်။

အားလုံး၏ဆန္ဒက ရှိုးပွဲတွင် နေခြည့်ကို ဆိုစေချင်သည်။

နေခြည်ထုတ်ပြီးသောအခွေကြောင့် နေခြည့်မှာ နာမည်လေး အသင့်အတင့်ရကာ ထင်ရှားနေပြီ ဖြစ်သည်။

သီချင်းခွေထွက်ပြီးကတည်းက ရှိုးပွဲများတွင် ဆိုရန် နေခြည့်ကို မကြာခဏ လာခေါ်သည်။ သို့သော် နေခြည် ဆိုချင်စိတ်မရှိ၍ မဆိုဖြစ်ပါ။ သို့သော် စတိတ်ရှိုးဆိုမှ နာမည်ပိုတက်နိုင်မည်ဆိုတာကို နေခြည် နားလည်ပါသည်။

ပွဲစီစဉ်သူရော၊ အသက်ရော ကျန်တဲ့ အဆိုတော်တွေကပါ ဝိုင်းတိုက်တွန်းနေ၍ . . .

“ ကောင်းပြီလေ . . . တစ်ပုဒ်ပဲ ဆိုပေးနိုင်မယ်နော် ”

နေခြည် ကတိပေးလိုက်တော့ အားလုံးက ကျေနပ်သွားကြသည်။

သူတို့အားလုံး၏ စေတနာက နေခြည့်အတွက် နေခြည့်ကို အောင်မြင်ကျော်ကြားစေချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်တွေ တစ်ယောက်ပြီး တစ်ယောက် ဆိုနေကြ

ဒီဂိုပွဲမျိုးတွေ့တော့ လွန်ခဲ့သော (၃)နှစ် က မောင်နှင့်တွေ့ဆုံ အဖြစ်အပျက်လေးကို သတိရမိသည်။ မောင်ကပွဲ စီစဉ်သူ နေခြည် သီချင်းဆိုချင်လွန်း၍ တစ်ပိုင်းသေနေသော သီချင်းရှူးမလေး။ အဲဒီ ဆိုချင်လွန်း၍ သူ့ကို မရမက ပြောကာ တက်ဆိုခဲ့သည်။ အဲဒီတုန်း နေခြည်က ဒသီပ်မဆိုတတ်သေးပါ။

သို့သော် အဲဒီကစပြီး မောင်နှင့် ရင်းနှီးကာ နောက်ပိုင်း ချစ်သူတွေ ဘဝသို့ ရောက်ခဲ့ကြသည်လေ။

အဆိုတော်တွေ တစ်ယောက်ပြီး တစ်ယောက် ဆိုလာကြသည် မှာ တဖြည်းဖြည်းနှင့် နေခြည် အလှည့်ရောက်လာသည်။ စင်ပေါ် တစ်ယောက်က နေခြည့်နာမည်ကို ကြော်ငြာသည်။ နေခြည် ထိုင်နေ ခပ်သွက်သွက်ကလေး ထသွားသည်။ စင်ဘေးရှိ လေ့ကားထစ်မှ ဒေးဆေးတည်ငြိမ်စွာပင် တက်ခဲ့သည်။ နောက်မှ *Rapper* နှစ်ယော ပါလာသည်။

“ အားလုံး မင်္ဂလာပါ . . .အခု ကျွန်မဖြေဖျော်မယ့် သီချင်း မောင် . . . သို့ လို့ အမည်ပါယ် ရပါတယ် ၊ ကျွန်မရဲ့ ကိုယ်ပိုင်ခံစား ကလေးမို့ ဂရုတစိုက် နားဆင်ပေးပါလို့ . . .”

နေခြည့်အသံက စူးစူးရှရှ လွင်လွင်လေးနှင့် တစ်လုံး မယ်လိုဒီအပိုဒ်များကို ဆိုလိုက်သည်။ *Rapper*တွေကလည်း ထွေမို့ သွက်သက်မြူးကြွစွာ *Rap*စာသားတွေကို ဆိုပေးကြသည်



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ကောင်းနေတာကြောင့် အားလုံး အံ့ဩစွာ နားထောင်နေကြသည်။ နေခြည်နှင့်ရင်းနှီးသူများကတော့ နေခြည် ဘာကို ဆိုလိုသည်ကို နားလည်ကြသည်။

သီချင်းဆုံးသွားတာနှင့်တစ်ပြိုင်နက် နေခြည် စင်ပေါ်မှ ခပ်သွက်သွက် ပြေးဆင်းလာမိသည်။

ပရိသတ်များကလည်း နှစ်သက်သဘောကျစွာ လက်ခုပ်တီးကြသည်။ သီချင်းတစ်ပုဒ်တည်းဆို၍ ပြေးဆင်းသွားတာကြောင့် အော်ဟစ်၍ သီချင်း ထပ်တောင်းနေကြသည်။

" နေခြည် . . . ဆက်ဆိုပါဦး "

သို့သော် ကာယကံရှင် နေခြည်ကတော့ တစ်ပုဒ်ထဲဆိုရန် ဆုံးဖြတ်ထားတာကြောင့် ဆက်မဆိုချင်တော့ချေ။

ထိုအချိန်တွင် ရှိုးပွဲလာကြည့်သော ကံကောင်းဆက်သာနှင့် စောထွန်းတို့လည်း ရောက်နေသည်။

ကံကောင်းဆက်သာမှာ နေခြည့်ကို မြင်ဖူးရပါပြီ။ အဆိုတော် နေခြည်မှာ သူချစ်မြတ်နိုးသော နေခြည်နှင့် မတူ။ သို့သော် ရင်ထဲမှာ ရင်းရင်းနှီးနှီး ခံစားနေရတာက ထူးဆန်းလှသည်။

နေခြည်မှာလည်း ကံကောင်းဆက်သာကို လှမ်းမြင်ပါသည်။ သို့သော် မခေါ်ပဲ၊ ချစ်သူချင်း ဆုံကြသော်လည်း မမှတ်မိကြ၊ မခေါ်ဖြစ်ကြသော သူတို့၏အဖြစ်က ရင်နင့်စရာပင်။ နေခြည်ကလည်း ကံကောင်းကို မှတ်မိနေပါလျက် တမင်ကို မခေါ်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်ကလည်း မူလရုပ်သွင်နှင့် မတူသော အခြေအနေ၌ သွားခေါ်လို့ မိမိကိုယ် ငြင်းလိုက်လျှင် နေခြည်ပဲ စိတ်ထိခိုက်ရမည်။ ထို့ပြင် မောင့်၌ စွဲစပ်ထားသူ ရွှန်းလဲ့ဆိုသည့်မိန်းကလေးတစ်ယောက်ရှိနှင့်နေပြီ မဟုတ်ပါလား . . .။

ကံကောင်းဆက်သာက စောထွန်းကို ကြည့်လိုက်သည်။ သူ့ကို စောထွန်းက တစ်စုံတစ်ရာမေးတော့မည်ဆိုတာကို သိသည်။

" စောစောက အဆိုတော်နေခြည်ကို မင်း သေချာမြင်လို့တယ် မှတ်လား . . ."

" အေး . . . မြင်ပါတယ် "

" ဒါဆို မင်းရဲ့နေခြည်နွေးနဲ့ တူရဲ့လား . . ."

ကံကောင်း မအီမလည်ဟန်ဖြင့် စဉ်းစားပြီး . . .

" တူတော့ မတူဘူးကွာ . . ."

စောထွန်းက သဘောကျစွာ ရယ်၍ သူ့ကို စိုက်ကြည့်သည်။

" အတင်း တူခိုင်းလိုက်ပါလား . . ."

" အေးကွာ . . . ငါ့စိတ်ထဲမှာ တစ်မျိုးပဲ "

" ဖြစ်ပြန်ပြီ "

ကံကောင်း၏မျက်နှာ လေးနက်တည်ငြိမ်သွားသည်။

" တကယ်ပါ စောထွန်း . . .သူ့ပုံစံကလည်း ရင်းနှီးနေသလိုလို အသံကလည်း ကြားဖူးနေသလိုလိုနဲ့ အဲဒီနေခြည်ဆိုတာကို တွေ့တော့လည်း ရင်ထဲမှာ လှုပ်ရှားသွားတာ အမှန်ပဲ။ အဲ . . နောက်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာမှာ မြင်ဖူးသလိုပဲ . . .”

“ မင်းပဲဘာကလည်း ဘာမှ မသေချာဘူး . . . ထားပါတော့လေ အခုနေခြည်ကို မင်း ဘယ်မှာ မြင်ဖူးတာလဲ ”

ကံကောင်း မျက်လုံး မှေး၍ စဉ်းစားလိုက်သည်။ သူမှတ်မိပြီ။

“ ဪ . . . ငါသိပြီ . . . ငါနဲ့ရွှန်းလဲ့ကို မေမေက ငါ့ဆန္ဒ မပါဘဲ စေ့စပ်တဲ့နေ့ကလေ။ သူ . . . နေခြည် ထင်တယ်၊ ငါ့ရှေ့ကနေ ပြေးထွက်သွားတာ . . အခု နေခြည်မှ နေခြည်ပဲကွ ”

“ အေးကွာ . . . မင်းဟာ ပြောရင်းနဲ့ ပိုရှုပ်လာပြီ။ ဒီကိစ္စ နောက်မှ အေးဆေးပြောကြတာပေါ့ ”

စောထွန်းက သူ့ပုခုံးကို ပုတ်ပြီး ပြောလိုက်သဖြင့် ကံကောင်း ဆက်သာ ငြိမ်နေလိုက်သည်။

နှင်းမှုန်လေးတို့က တဖွားဖွားဖြင့် ပက်ဖျန်းလာသည်။

ညသည် အတော့်ညဉ့်နက်လာပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စဝေါတ်ရှိုးညက တစ်ညလုံး မအိပ်ခဲ့ရ၍ ကံကောင်းဆက်သာ အိပ်ယာထ နောက်ကျနေသည်။

နောက်တစ်နေ့ နံနက် သူ အိပ်ယာမှ ကမန်းကတန်း ထ၍ မနေ့ညက ပွဲစီစဉ်သူ ကိုကြီးစိုးထံ ပြေးရသည်။

" ကိုကြီးစိုး . . . "

" ဟာ . . ကံကောင်းပါလား . . လာထိုင် . . . စောစောစီးစီး ဘယ်က မျက်ခွံစီလည်လာတာလဲ "

ကံကောင်းဆက်သာ ဝင်ထိုင်လိုက်သည်။ အိပ်ရေးမဝချင်ဖြစ်နေသော မျက်လုံးများကို ပွတ်သပ်လိုက်သည်။

" ကဲ . . . ဘာကိစ္စလဲ . . ဆိုစမ်းပါဦး . . စောစောစီးစီးဆိုတော့ အရေးကြီးကိစ္စ ရှိနေပြီ ထင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းက ပြုံးရင်း ပြောလိုက်သည်။

" အရေးကြီးတယ်ပဲ ပြောရမယ် . . မနေ့ညက စတိတ်ရှိုးအခွေ *VCD* ထုတ်မှာလား "

" အေးလေ . . . ထုတ်မှာပေါ့ကွ "

" ဒါဆို အသံဖမ်းထားတာလည်း ရှိမှာပေါ့ "

" ရှိတယ်လေ "

" ဒါဆိုရင်ဗျာ ကျွန်တော့်ကို ရုပ်မပေးရင်နေ အသံဖမ်းထားတဲ့ အခွေပဲ ပေးပါဗျာ . . .ကျွန်တော် နားထောင်ကြည့်ချင်လို့ . . ."

ကိုကြီးစိုးက စဉ်းစားသလို ငြိမ်သက်သွားသည်။ ပြီးနောက် ထုတ်လုပ်သူပီပီ အကွက်ကြိုမြင်ဟန်ဖြင့် . . .

" အသံသွင်းထားတဲ့အခွေတော့ လိုချင်ရင် ရမယ်၊ ဒါပေမယ့် ဒီသီချင်းတွေကို ကြိုမထုတ်ပါဘူးလို့ ကတိပေးရမယ် . . ."

" စိတ်ချပါဗျာ . . .ကျွန်တော် အဲဒီလို မလုပ်ပါဘူး။ ကျွန်တော် နားထောင်ချင်တာလေး နားထောင်ရရင် တော်ပါပြီ။ ကိုကြီးစိုးနဲ့ ကျွန်တော်က ရင်းနှီးနေတဲ့သူတွေပဲ ၊ ဒီလိုလုပ်ပါ့မလား "

ကိုကြီးစိုးက သီချင်းတွေကို သူ မထုတ်ခင် ကြိုထုတ်မှာစိုး၍ ပြောနေခြင်း ဖြစ်သည်။ ထုတ်လုပ်သူအချင်းချင်း ဒါကို သူလည်း နားလည်ပါသည်။

ကိုကြီးစိုးက ခဏငြိမ်သက်စဉ်းစားပြီးမှ . . .

" အေးကွာ . . . တို့ချင်း ရင်းနှီးနေတော့ မင်းကို ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်မယ် . . . ကံကောင်းရာ ”

“ ကျေးဇူးပါပဲဗျာ . . .ကျွန်တော်နောက်မှ တစ်ဝိုင်းကျွေးပါ့မယ်၊ အခုတော့ သွားလိုက်ဦးမယ်ဗျာ . . ဒီထဲက သီချင်းတစ်ပုဒ်ကို အရမ်းနားထောင်ချင်နေလို့ . . .”

ကိုကြီးစိုးကမ်းပေးသောခွေကို ယူပြီး အိမ်သို့ အမြန်ပြန်ခဲ့သည်။ အိမ်သို့ ကားကို ဘယ်လိုမောင်းပြီး ရောက်လာမှန်းတောင် မသိ။

အိမ်ရောက်တာနှင့် အခွေကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ရင်း စတူဒီယိုဘက်သို့ ဆင်းခဲ့သည်။ သူက အိမ်နှင့် စတူဒီယိုတွဲဖွင့်ထားသည်မို့ အလွယ်တကူပင်။

နံနက်စောစောမို့ စတူဒီယိုထဲတွင် လူမရှိ။ *CD*ကို စက်ထဲထည့်လိုက်သည်။ စောထွန်းကို သတိရမိသည်။ ညကတော့ ဆက်ဆက်လာမယ်ဟု ပြောသွားသည်။

“ ဒီကောင် လာမှ လာပါ့မလား မသိဘူး ”

နေခြည့်သီချင်းကို နားထောင်ရန် အကြံပေးတာလည်း ဒီကောင်ပင် ဖြစ်သည်။ သီချင်းဖွင့်ပြီး နားထောင်ကာစပင် ရှိသေးသည်။ သူ့ဟန်းဖုန်းက မြည်လာတာကြောင့် . . .

“ ဟယ်လို . . .”

“ ကိုကိုကောင်းလားဟင် ”

တစ်ဘက်မှ အမျိုးသမီးတစ်ယောက်အသံဖြစ်၍ ကံကောင်းအံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟန်းဖုန်းနံပါတ်ကို သိသူ သိပ်မရှိ။

မိန်းကလေးဆို၍ နေခြည်တစ်ယောက်သာ သိသည်။

" ကိုကိုကောင်း . . . ရွှန်းလဲ့ပါ ၊ မမှတ်မိဘူးလား "

ကံကောင်းဆက်သာ ခေါင်းကုတ်လိုက်မိသည်။ ရွှန်းလဲ့ထံမှ ဖုန်းဖြစ်၍ သူ စိတ်အိုက်သွားသည်။ သူ့ဟန်းဖုန်းနံပါတ် သိသွားတာလည်း မေမေ့လက်ချက်ပဲ ဖြစ်မည်ဟု တွေးမိသည်။

သူ့အနေနှင့် ဟန်ဆောင်ရသည့်အလုပ်မျိုး မလုပ်ချင်၊မပြောချင်ပါသော်လည်း အခြေအနေအရ လုပ်ရဦးမည်သာ။

" ဪ . . . မရွှန်းလဲ့ဝင်းထိန်လား။ ဆောရီးနော် ရုတ်တရက်ဆိုတော့ အသံကို မမှတ်မိလိုက်ဘူး "

" အဟင်း . . ရွှန်းက ခုမှ ဆက်တာဆိုတော့ ကိုကိုကောင်းက ဘယ်မှတ်မိမလဲ . . . ညက ကိုကို့သူငယ်ချင်းလုပ်တဲ့ မြို့ရိပ်ညီမှုပွဲတောင် ရွှန်းတို့ ရောက်တယ် ၊ ကိုကို့ကိုလည်း တွေ့တယ် ၊ လှမ်းခေါ်မလို့ဘဲ နေရာခြင်း ဝေးနေတာနဲ့ . . ."

" ဪ . . ."

ကံကောင်းဆက်သာ တစ်ဘက်မှ ပြောသမျှကို တအင်းအင်း တအဲအဲ လုပ်နေမိသည်။ မကောင်းတတ်လို့သာ နားထောင်နေရသည်။ စိတ်ကတော့ တော်တော့်ကို ရှုပ်နေပြီ။

" ဒါနဲ့ ကိုကိုကောင်း "

" ပြောလေ "



www.burmeseclassic.com

www.burmeseclassic.com



" ညနေကျရင် ရွှန်းတို့ အိမ်ကို လာခဲ့ပါလား . . ."

မျက်လုံး ပြူးသွားရသည်။ အားနေသည့်တိုင် မသွားချင်ပါ။

" ဘာကိစ္စရှိလို့လဲ "

" ဩော် . . . ကိစ္စရှိမှ လာမှာလား ကိုကိုကောင်းရဲ့ . . . ရွှန်းခို သိပ်စိမ်းတာပဲ "

ကံကောင်းဆက်သာ ပို၍ စိတ်ရှုပ်လာသည်။

" ဒါတော့ ဆောရီးပဲ ရွှန်းလဲ့ရာ "

" ဘာဖြစ်လို့လဲ ကိုကိုကောင်းကလဲ . . ."

ရွှန်းလဲ့လေသံက အလိုမကျသံ၊ စိတ်ကောက်သံမျိုး။

" ကျွန်တော် မအားလို့ပါ "

" တွေ့လား . . . ငြင်းပြီ ထင်သားပဲ "

" ကျွန်တော် တကယ့်ကို မအားလို့ပါဗျာ . . . ညည့်ခံပွဲတစ်ခု သွားစရာရှိတယ်လေ ၊ နောက်မှပဲနော် . . ."

" ဒါပဲနော် . . နောက်တစ်ခါ မငြင်းရဘူး ၊ နောက်တစ်ခါ ငြင်းရင် မေမေထားနဲ့ တိုင်မှာ "

မြတ်စွာဘုရား . . .။

သူ စိတ်ထဲမှ ဘုရားတမိသည်။ အပိုင်ကို ချည်တော့တာပါပဲလား ဟု တွေးလိုက်မိသည်။ ခဏမျှ စကားပြတ်သွားသည်။

" ကိုကိုကောင်း "

" ပြောလေ "



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်း ခပ်တိုးတိုး ရယ်မောမိသည်။

" ဒါဆို ဒါပဲနော် . . . ရွှန်း ဖုန်းချလိုက်တော့မယ် "

" ကောင်းပြီလေ "

ရွှန်းလဲ့ကိုလည်း အပြစ်မတင်လိုပေ။ တကယ်တော့ ရွှန်းလဲ့သည် တစ်ဘက်သတ်ချစ်နေသူ စွဲလန်းမြတ်နိုးနေသူ။ ထို့ကြောင့် လူကြီးတွေ စီစဉ်စေ့စပ်ပေးမှုကြောင့် စေ့စပ်လိုက်ခြင်း ဖြစ်သည်။

သူ့အတွက်ကတော့ စိတ်လက်လေးလံရပါ၏။

ကံကောင်းဆက်သာ သက်ပြင်းခပ်ဖွဖွ ရှိုက်၍ ဖုန်းပိတ်လိုက်သည်။ ထိုစဉ်မှာပင် တံခါးဘောင်ကို မှီ၍ စပ်ဖြဲဖြဲမျက်နှာဖြင့် ရပ်နေသော စောထွန်းကို တွေ့လိုက်ရသည်။

" အဟမ်း . . ဟမ်း . . . ပေါတဲ့သူတွေများကျတော့လည်း ပေါလိုက်တာ ၊ နေခြည် . . နေခြည်ဆိုပြီး ရောဂါတက်လို့ မသုံးသေးဘူး ဟောဗျာ . . . ခုကျတော့ ရွှန်းရဲ့ ဘာရဲ့နဲ့ ရွှန်းရွှန်းဝေနေပါလား "

" မင်း မသိရင် အသာလေး ပါးစပ်ပိတ်ထားစမ်းပါ . . . ဒီမှာ အတင်း ထမင်းစားဖိတ်နေလို့ မနည်း ငြင်းနေတာ . . . လူကို ချွေးပြန်လာရော "

စောထွန်းက သဘောကျစွာ ရယ်မောသည်။

" ဟာ . . . ကောင်းတာပေါ့ ၊ ဆောင်းတွင်းကြီး ချွေးပြန်တာ ရွှန်းလဲ့ကို မင်း ကျေးဇူးတင်လိုက် "

" တော် ပေ့ကောင် ဒီအကြောင်း မပြောတာပဲ ကောင်းတယ် "



www.burmeseclassic.com

www.burmeseclassic.com



သူက ပိတ်ပြောလိုက်ပြီး သီချင်းကို (ရီပိ) ထပ်ခါဖွင့်သောခလုတ်ကို နှိပ်လိုက်သည်။

" သီချင်းကို သေချာနားထောင်ကြည့်ရအောင်ကွာ . . ."

နေခြည်ဲ သီချင်းမဆိုခင် ပြောသွားသော စကားသံများ ဦးစွာထွက်ပေါ်လာသည်။ စောထွန်းရော သူပါ ငြိမ်သက်၍ အာရုံစိုက်နားထောင်နေမိကြသည်။ သူက နားထောင်ရတာ အားမရ၍ အသံ ထပ်မြှင့်လိုက်သည်။

ခဏကြာ သီချင်းသံလေးက ပြီးဆုံးသွားပြီဖြစ်သည်။ နှစ်ယောက်စလုံး ငိုင်၍ ထိုင်နေမိကြသည်။ *CD*ကို ပိတ်လိုက်သည်။

စောထွန်းက နားထောင်ပြီးသည်နှင့် ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။

" ငါ အခြေအနေ အားလုံးကို သေချာစပ်ဆက် စဉ်းစားကြည့်မိတယ် . . . အဲ နေခြည်ရဲ့သီချင်းက ကိုယ်ပိုင်ခံစားချက် သီချင်းပဲ။ မင်းရော ဘယ်လိုထင်လဲ . . . ကံကောင်း "

ကံကောင်းမျက်နှာ မှောင်ကုပ်၍ စဉ်းစားနေမိသည်။ သို့သော် ရေရာသော အဖြေ ထွက်မလာခဲ့။ ထို့ကြောင့် စိတ်မရှည်တာနှင့် . . .

" ငါကတော့ အဆိုတော်နေခြည်ဆီကို သွားပြီး မင်းဟာ မောင့်ရဲ့နေခြည်များလားလို့ပဲ တိုက်ရိုက်မေးလိုက်ချင်တော့တာပါပဲကွာ"

" မင်းဟာလေ လည်မလိုလိုနဲ့ အတော်တုံးတဲ့ကောင်ပဲကွ"

" ဒါဆို ငါ ဘာလုပ်ရမှာလဲ ထူပူနေပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို ငါ ဆက်စပ်ပြမယ် ၊ သေချာ နားထောင်ပြီးရင်တော့ ဆီဒိုးနားမှာ ငါ့ကို ညစာ လိုက်ကျွေးရမယ် ဟဲ . .ဟဲ . . . မင်းထက် အစားကြီးတယ်နော် ကိုယ့်ဆရာ "

" မင်းဟာကလဲ . .ကဲပါကွာ . . .မင်းပြောတာတွေ ဖြစ်နိုင်ရင် လိုယ်ဝယ်ကျွေးမယ်ကွာ . . ပြောစရာရှိတာတာသာ ပြော "

စောထွန်းက ပြုံး၍ နေရာ ပြင်ထိုင်လိုက်သည်။

" အခုအဆိုတော်နေခြည်နဲ့ မင်းရဲ့ချစ်သူ နေခြည်နွေးဟာ တစ်ယောက်တည်းပဲ ဖြစ်ရမယ် "

" ဘာ ! ဘယ်လို . . ."

" မင်း တော်တော် အံ့သြသွားပြီထင်တယ် "

စောထွန်းက စီးကရက်ကို မီးညှိလိုက်သည်။ သူကတော့ စောထွန်းစကားကို နားမလည်နိုင်။ ဆက်စပ်ကြည့်ရအောင်ကလည်း ရုပ်ရည်က ကွဲပြားနေသည်ကိုး။

သူ့မျက်ဝန်းထဲမှာတော့ ချစ်ရသူနေခြည်နှင့် အဆိုတော်နေခြည်ကို ယှဉ်၍ ပုံဖော်ကြည့်သည်။ မျက်နှာချင်း ကွာခြားပေမယ့် ကိုယ်လုံးကိုယ်ပေါက်ကတော့ ကွာခြားခြင်း မရှိ၊ အသံကလည်း တူသယောင်ယောင်။

သို့သော် နေခြည်နှစ်ယောက်က တူတာပါပဲ ဟု ယတိပြတ် သူ မယုံနိုင်သေး။ မပြောနိုင်သေးပါ။

သူ တွေဝေနေတာကို ကြည့်ပြီး စောထွန်းက သူ့ပုခုံးကိုပုတ်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



" ကဲပါကွာ . . . ငါတို့ သေချာဆက်စပ် စဉ်းစားကြည့်ရအောင်၊ ငါတို့ကားချင်းတိုက်မိတော့ နေခြည့်မျက်နှာ ဒဏ်ရာရသွားတယ်လို့ စုံစမ်းမိသလောက်တော့ သိရပြီ။ ဒဏ်ရာက တော်တော်လေးများတယ် ထင်တယ် "

ကံကောင်းက ခေါင်းညိတ်ပြလိုက်သည်။ စောထွန်းဆက်ပြောသည်။

" နောက်ထပ်ဖြစ်နိုင်ချေတစ်ခုက မင်းအမေဒေါ်တင်တင်ထားကလည်း မန္တလေးမှာ ရှိနေတော့ နေခြည့်မိဘတွေ ရောက်မလာခင် နေခြည့်ကို ဆေးရုံပေါ်မှာ တွေ့သွားနိုင်တယ် "

" အေး . . . အဲဒီလိုဆိုရင်တော့ ပြဿနာတွေဖြစ်မှာပဲ "

" အသေအချာပဲ . . . မင်းအမေက လုံးဝ သဘောမတူနိုင်ပါဘူး . . ဘာညာပြောလိမ့်မယ် အဲဒီအချိန်မှာ နေခြည့်မျက်နှာကလည်း ဒဏ်ရာတွေနဲ့မို့ အကျည်းတန်နေလိမ့်မယ် . . . ဒါ့ကြောင့် မင်းကို မဆက်သွယ်ဘဲ နေလိမ့်မယ် . . . မင်းကို စိတ်မဆင်းရဲစေချင်တာလည်း ပါမှာပေါ့ "

ကံကောင်း ခေါင်းညိတ်၍ လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။

" အေးပါကွာ . . . သူ ဒီလိုဖြစ်သွားတော့ ငါ့ကို လုံးဝ မသိစေချင်ဘူးပေါ့ "

" အေး . . . အဲဒါလည်း ပါတယ်၊ နောက် မင်းအမေရဲ့လုပ်ရပ်တွေ တစ်ဘက်သတ်ကျတာလည်း ပါမှာပေါ့ကွာ "



www.burmeseclassic.com

www.burmeseclassic.com



စောထွန်းက ဆက်စဉ်းစားသည်။

" နောက်ပြီး အဆိုတော်နေခြည် အခုနေနေတာ သူ့ဘကြီးတော်တဲ့ ဒေါက်တာကြည်ဇင်အိမ်မှာလို့ ဟိုတစ်နေ့က အင်တာဗျူးထဲမှာ ဖတ်လိုက်ရတယ် ၊ အဲဒီ ဒေါက်တာကြည်ဇင်က ပလပ်စတစ်ဆာဂျီရီ ပေါ်ယ်ရှယ်လစ်ကွ . . . ရုပ်ဆိုးသွားတဲ့နေခြည်ကို ဒေါက်တာကြည်ဇင်ကပဲ ခွဲစိတ်ကုသပေးလိုက်တာ မဖြစ်နိုင်ဘူးလား . . ."

" ဟာ . . . သူငယ်ချင်း မင်းပြောတွေအားလုံး ဖြစ်နိုင်တယ်၊ ဒါ ဘာလို့ မတွေးမိတာပါလိမ့် . . . ဒါ့ကြောင့် စေ့စပ်ပွဲနေ့က ငိုပြီးထွက်ပြေးသွားတာ "

ကံကောင်းဆက်သာ ဝမ်းသာအားရ စောထွန်းကို ဖက်လိုက်သည်။

" ငါ့ကို ဆက်စပ်ပြောပြတဲ့မင်းကို အရမ်းကျေးဇူးတင်တယ် စောထွန်းရာ . . . ဆီဒိုးနားတင် မကဘူး . . .နတ်ပြည်မှာ စားချင်လည်း ကျွေးပါ့မယ်။ သေချာပါတယ် . . . နေခြည်ပါ "

" ခွေးကောင် . . ."

နေခြည် မောင့်နေခြည်ရယ် . . .။

ကံကောင်းရင်ထဲမှ စုန်၍လာသည်။

မောင့်နေခြည် သိပ်ခံစားနေရပြီလားဟု တွေးမိသည်။

" ကျန်တဲ့ကိစ္စတွေ အသာထား . . . အခုဖလာလောဆယ် နေခြည်နဲ့ တွေ့ရဖို့ အရေးကြီးတယ် ၊ သေချာရှင်းပြရမှာပဲ "



www.burmeseclassic.com

www.burmeseclassic.com



" အေး . . ဟုတ်တယ် ၊ မင်းအနေနဲ့ နေခြည့်ကို တွေ့ဖို့ ကြိုးစားပြီး ရှင်းပြပေတော့ . .နေခြည်နဲ့တွေ့ရင်တော့ အခြေအနေတစ်မျိုး ပေါ့ကွာ . . ."

သူ့အနေနှင့် နေခြည့်အပေါ် ဘာမှ ပြောင်းလဲခြင်း မရှိ။ ချစ်နေဆဲပင်။

နေခြည်ရယ် . . . မင်းကို မောင့်ရင်ဘတ်ကြီးတစ်ခုလုံးထဲက အချစ်တွေ အပြည့်နဲ့ ပြန်ပေးဆပ်ပါ့မယ် . . . လက်ခံပါကွယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



အဆုံး၌ .....

*dreams books*

www.burmeseclassic.com

www.burmeseclassic.com



" တီ . . တီ . . . တီ "

ကားဟွန်းတီးသံ ကြား၍ နေခြည်ညှော်ခန်းထဲမှ နေ၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ကားကိုမြင်သည်နှင့် နေခြည်ရင်ထဲ၌ ထိန်ခနဲ ဖြစ်သွားမိသည်။ ကားအမျိုးအစားအရောင်အသွေးကို တွေ့လိုက်ရလျှင် နေခြည် ချက်ချင်း သိလိုက်သည်။

လမ်ဘော်ဂီနီ နို့နစ်ရောင်။

" ဒါ . . ဒါ မောင့်ကားပါလား "

နေခြည် အံ့ဩစိတ်ကလေးဖြင့် တံခါးကို ပြေးဖွင့်လိုက်သည်။ အိမ်ရှေ့တံခါးပေါက်တီအောက်တွင် ကားရပ်ပြီး ကားပေါ်မှဆင်းလာသော ကံကောင်းဆက်သောကို နေခြည် စူးစိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကြီးကလည်း ဘာဘာညာညာသည့်ထင်၍ ဆင်း၍ဖွင့်ပေး လိုက်ဟန် တူသည်။

ကံကောင်းဆက်သာက ကားရှေ့တွင် အသာရပ်ရင်း . . .

" ဒါ ဒေါက်တာကြည်ဖင်ရဲ့အိမ်ပါလား . . ."

နေခြည်က ဘာမှ မသိဟန်ဖြင့် လူစိမ်းတစ်ယောက်ကို ဆက်ဆံ သောပုံစံမျိုးဖြင့် . . .

" ဪ . . ဟုတ်ပါတယ်ရှင် . .ဘာကိစ္စများ ရှိပါသလဲ "

တံခါးဝ၌ ရပ်နေသူနေခြည်က အိမ်နေရင်းစပန့်ဂါဝန်ရှည်လေး ဖြင့် ရပ်၍ ကံကောင်းဆက်သာကို မသိသလို မေးလိုက်ခြင်းပင် ဖြစ်သည်။

ကံကောင်းဆက်သာ ရင်ထဲ၌ အောင့်သွားသည်။

နေခြည်ဖြစ်မှန်း သူ့အနေနှင့် သိသော်လည်း ချက်ချင်းပြော၍ မဖြစ်သေး။ နေခြည့်စိတ်ဓါတ်ကို သူသိထားပြီးသားပါ။

အတည်ပေါက်နှင့် နေခြည် မဟုတ်ပါဟုဆိုလျှင် သူ့အဖို့ ဘာမှ မတတ်နိုင်ပါ။

အခုတော့ နေခြည်က သူ့ကို ခပ်တည်တည်နှင့် မေးနေပြန် ပြီ . . ။

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။

ရင်ထဲမှာတော့ အရမ်းလှုပ်ရှားနေတာ သိသာလှသည်။

ရင်တွေ အရမ်း ခုန်နေသည်။

ထို့ကြောင့် စိတ်ကို တင်းလိုက်ပြီး ဟန်မပျက်ပင် . . .



www.burmeseclassic.com

www.burmeseclassic.com



" ဒေါက်တာကြည်ဇင်နဲ့ တွေ့ချင်လို့ပါ "

နေခြည့်က လှစ်ခနဲနေအောင် ပါးပါသည်။

ချစ်သူကို မြင်ရ သဖြင့် ရင်ထဲ၌ ကြည်နူးရသည်။

ဒါပေမယ့် . . . ဒီလို ခံစားချက်တွေကို နေခြည် အပြည့်အဝ မခံစားရဲတော့ . . .။

နေခြည့်ရင်ထဲမှာ ဝေဒနာနှင့် သောကမီးတွေက အရှမ်းတောက်လောင်နေခဲ့ရသည်။ မကျေနပ်ချက်များက ရင်ထဲမှာ ပြည့်နှက်နေသည် မဟုတ်ပါလား . . .။

မောင်ပြောတာကို ကြားရရုံနှင့် ဘာ့ကြောင့် ဒီကို ရောက်လာမှန်း နေခြည် ရိပ်မိပါသည်။ မူလရုပ်သွင်နှင့် မတူသောနေခြည့်ကို ကြည့်၍ အောင် ခပ်အမ်းအမ်းဖြစ်နေတာကိုလည်း နေခြည် သိပါသည်။

အဲဒါလည်း ခပ်ကောင်းကောင်းပါ။ နေခြည် ပြောချင်တာ ပြောလို့ ရမည် ဟု တွေးမိသည်။

" ဒါးဝို အိမ်ပေါ်ကို ကြွပါရှင် . . . "

နေခြည့်က ဧည့်သည်တစ်ယောက်ကို ဖိတ်ခေါ်သလိုပင် အိမ်ထဲ သို့ ဖိတ်ခေါ်လိုက်သည်။

ကံကောင်းဆက်သာ ဘာမှမတတ်နိုင်။ နေခြည် ညွှန်ပြသော ဧည့်ခန်းထဲ၌ ထိုင်ရသည်။

ရင်ထဲမှာတော့ မကြည်နိုင် . . . ဆို့နင့်နင့် ဖြစ်နေမိသည်။

နေခြည့်ပုံစံက ခပ်အေးအေးပင်။ တည်တည်ငြိမ်ငြိမ်ပေါ။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အမူအယာမျိုးကို ကံကောင်းဆက်သာ တကယ်ပင် အလည်းယားရသည်။

ယခုလို အနီးကပ်ကြည့်မိတော့မှ နေခြည့်ရဲ့ဂနုပ်ပန်ပုံစံလေးတွေကို သတိထားမိသည်။ မောင့်နေခြည်မှ နေခြည်အစစ်ပါပဲ . . .။

" ဘဘ အခု အိမ်မှာ မရှိပါဘူး . . . အပြင် ထွက်သွားပါတယ် . . . "

သူအဖို့ ဒေါက်တာကြည်ဖင် ရှိ၊မရှိက အဓိက မဟုတ်ပါ။ အဓိက,က နေခြည်ပင်။ ယခု နေခြည့်ကို တွေ့ရပါပြီ။

" ကျွန်တော့်နာမည် ကံကောင်းဆက်သာပါ "

" ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် "

ယခုမှ ကံကောင်းဆက်သာ အကျပ်အတည်းနှင့် ကြုံရသည်။ စောထွန်းပါလာလျှင် ကောင်းမည်ဟု တွေးမိသည်။

ငါ ယောက်ျားပဲ . . .။

ကံကောင်းဆက်သာ အားတင်း၍ နေခြည့်ကို ရင်ဆိုင်လိုက်သည်။ ယခု ရှေ့မှ နေခြည်သည် သူ၏ချစ်သူ နေခြည်ပင်။

" ဒေါက်တာကြည်ဖင်မှာ တူမတစ်ယောက်ရှိတယ်လို့ သိရတယ် အဆိုတော် နေခြည်ဆိုတာ ညီမများလား "

နေခြည် ရယ်ချင်သွားသည်။ သို့သော် ရယ်ချင်စိတ်ကို မျိုသပ်၍

" ဟုတ်ပါတယ် . . ဘဘရဲ့တူမဆိုတာ ကျွန်မပါပဲ "

" ဪ . . . အဆိုတော်နေခြည်ကိုး . . . ကျွန်တော်လည်း စီးရီးထုတ်လုပ်ရေး လုပ်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တိတ်ဆိတ်သွားရသည်။

သူလည်း စကားသိပ်မပြောနိုင်။ နေခြည်ကိုသာ ခပ်ငေးငေး စိုက်ကြည့်နေမိသည်။

နေခြည့်မျက်ဝန်းအစုံ၌ အရည်လဲ့၍ တောက်ပနေသည်။ ချစ်ခင်မြတ်နိုးစွာဖြင့် နေခြည်မျက်နှာကို မျက်တောင် မခတ်တမ်းကြည့်မိသည်။

ဒီအကြည့်တွေကြောင့် နေခြည်ရင်ထဲ၌ လှုပ်ရှားရပါပြီ။

ကံကောင်းဆက်သာနှင့် မျက်ဝန်းချင်းဆုံမိတော့ နေခြည့်ရင်ထဲ၌ သိမ့်သိမ့်ခါ ခံစားနေရသည်။

နေခြည် သူ့ကို အကြောင်ရိုက်နေတယ်ဆိုတာလည်း ကံကောင်းအသေအချာကို သိလိုက်ရပါပြီ။ နေခြည့်လက်သူကြွယ်၌ သူ ယုယုယယ ဝတ်ဆင်ပေးထားသော လက်စွပ်ကို သူ ကောင်းကောင်း မှတ်မိပါသည်။

နေခြည်ကလည်း လက်စွပ်ကို သူစိုက်ကြည့်နေတာကြောင့် မသိမသာ ဝှက်လိုက်သည်။

ဒီလက်စွပ်ကိုလည်း ဒေါက်တာကြည်ဖင်က ချော့မော့၍ ပြန်ဝတ်ခိုင်းထားသဖြင့် ဝတ်ထားခဲ့ခြင်း ဖြစ်သည်။

" မနေခြည်ရဲ့လက်စွပ်က အတော်လှတာပဲနော် . . ."

နေခြည် ဝှက်၍ မရတော့။ သူမြင်သွားပြီ။ နေခြည်မျက်နှာလေးကို တင်းမာလိုက်သည်။ မျက်နှာလေးကို တင်း၍ ခပ်မော့မော့ဟန်လေးဖြင့် ပြန်ပြောလိုက်သည်။

" အဟင်း . . . လက်စွပ်ကတော့ လှပါတယ် ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်စွပ် ပိုင်ရှင်ရဲ့စိတ်ထားကတော့ မလှတူးရှင့် . . ရှုလည်း မမှန်ဘူး၊ အပြောင်းအလဲ သိပ်များတယ် ၊ သစ္စာလည်း မရှိဘူး ”

ကံကောင်းဆက်သာ ဆတ်ခနဲ တုန်သွားသည်။

သူ့ကို တမင် ရည်ရွယ်၍ မကျေမနပ်ဖြင့် ပြောမှန်း သိလိုက်ရသည်။ သူ့ရင်ထဲ တင်းကျပ်သွားရသည်။ သူ နေခြည်နှင့် ပြန်ဆုံဖို့ စောင့်မျှော်ခဲ့ရသည့်ရက်လ ရှည်ကြာခဲ့ရပေပြီ . . ။

နေခြည့်ကို ပြန်တွေ့တော့လည်း နေခြည် မသိဟန်ဆောင်၍ ဆက်ဆံနေသည်။ သူ ဆက်ဟန်မဆောင်နိုင်တော့။ ပင်ပန်းလှပါပြီ။

“နေခြည် . . .”

နေခြည်က သူ့ကို ဖျတ်ခနဲ ကြည့်သည်။

“ နေခြည် မောင့်ကို ညာနေတုန်းပဲလား . . .”

နေခြည် ကိုယ်လုံးလေး တုန်သွားသည်။ သူ့ကို နှုတ်ခမ်းလေး မဲ့၍ ခပ်အက်အက် ရယ်မောသည်။

“ နေခြည်က ညာနေတယ် ဟုတ်လား . .ဟင်း . . .ဟင်း”

“ ဟုတ်တယ် နေခြည် . . .မောင့်ကို နှိပ်စက်လို့ အားမရသေးဘူးလား ”

နေခြည် ဆံပင်နွဲ့နွဲ့ကလေးများကို သတ်တင်း၍ လှောင်ရယ်ရယ်လိုက်သည်။ နာကျင်လှသော လေသံဖြင့် . . .

“ နေခြည်က နှိပ်စက်တယ် ဟုတ်လား . . .လာပြန်ပြီ စွပ်စွဲချက်တွေ . . ဟင်း . . ဟင်း . . . ရယ်ဖို့ တော်တော်ကောင်းပါလား၊



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က ရှင့်ကို ဘာမှ မနှိပ်စက်ရသေးပါဘူးရှင် . . .”

နေခြည့်စကားကြောင့် သူ ငိုင်ကျသွားသည်။

“ နေခြည့်ကို မောင် ရှာနေတာ ကြာလှပါပြီ . . . ဒီရက်ပိုင်းတွေထဲ မောင် ရူးမတတ်ခံစားနေရတာကို နေခြည် နားလည်ပေးဖို့ ပြောတာပါ ”

“ အို . . . နေခြည့်ကို ရှင် လိုက်ရှာနေစရာ မလိုတော့ပါဘူး ကိုကံကောင်းဆက်သာ ”

နေခြည်က လေသံစိမ်းနှင့် ပြောလိုက်သည်။ နေခြည့်မျက်လုံးအစုံကလည်း တောက်ပစိမ်းလက်နေသည်။ ကံကောင်းဆက်သာ မိုက်ခနဲဖြစ်သွားရသည်။

နေခြည် . . . နေခြည်မှ နေခြည်အစစ်။

သူ့ရှေ့မှ နေခြည်သည် သူချစ်ရသော မြတ်နိုးရသော တွယ်တာခဲ့ရသော နေခြည်။ နေခြည့်၏အချစ်ကို သူ ရခဲ့ဖူးသည်။ သူ လက်လွှတ်ဆုံးရှုံး မခံချင်ပါ။

သို့သော် ယခုတော့ နေခြည်က သူ့ကို စိမ်းကားစွာ ဆက်ဆံနေသည်။

“ ဘယ်လိုပြောလိုက်တာလဲ နေခြည်ရယ် . . . ကိုယ့်ချစ်သူကို တွေ့ချင်လို့ လိုက်ရှာရတာပေါ့ . . .နေခြည် မောင့်ကို စိမ်းကားသွားပြီလား မုန်းမေ့သွားပြီလားဟင် . . .”

“ ဘယ်သူက စပြီး စိမ်းကားတာလဲ . . ကိုယ့်တာသာ ခံစား



www.burmeseclassic.com

www.burmeseclassic.com



နေခြည် ရင်တွင်း၌ ဝမ်းနည်းအားငယ်စိတ်က ပူလောင်စွာ ပျံ့နှံ့နေသည်။

" မောင်ကစပြီး စိမ်းကားချင်တယ်လို့ ဆိုလိုချင်တာပေါ့. ."

" ဟုတ်တယ်လေ . . . ရွှန်းလဲ့ဝင်းထိန်နဲ့ ရှင် စေ့စပ်လိုက်ပြီ မှတ်လား . . . အခုမှ လာပြီး မသိချင်ယောင် ဆောင်မနေပါနဲ့ "

နေခြည်ရဲ့ ခက်ထန်လှသော စကားကို သူ ချက်ချင်း ပြန်မဖြေနိုင်ပါ။

အချက်ကို လက်သီးနှင့် ထိုးလိုက်သည့်နှယ်။

သို့သော် သူ ချက်ချင်းပင် ဖြေရှင်းလိုက်သည်။

" ဒီကိစ္စက မောင်မှ မသိတာဘဲ နေခြည်ရယ် . . . မေမေ သူ့ဘာသာ စီစဉ်တဲ့ကိစ္စပါ . . . မောင်နဲ့သူနဲ့ ဘာမှ မဆိုင်ပါဘူး "

ကံကောင်းဆက်သာက သူ့အမေစီစဉ်သောကိစ္စဟု ဆိုလိုက်သဖြင့် နေခြည်ပို၍ နာကျည်းသွားကာ ဒေါသထွက်မိသည်။

" ဩော် . . . ကောင်းပါတယ် ၊ ရှင့်အမေ စီစဉ်တဲ့ကိစ္စပဲ။ ရှင် လိုက်နာရမှာပေါ့ ၊ ဘာဆန်းလို့လဲ . . . ကောင်းပါတယ် ဆက်သုပ်ကြပေါ့ "

နေခြည်က ခပ်ငေါ့ငေါ့အသံလေးဖြင့် ပြောလိုက်ရာ ကံကောင်းဆက်သာ မျက်စိမျက်နှာ ပျက်သွားသည်။

" နေခြည် မောင့်ကို သိပ်မုန်းနေလားဟင် . . . "

နေခြည် သူ့ကို ရီဝေစွာ တစ်ချက် လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အို . . . ဒီမှာ ရှင် နေခြည့်ကို ဒါတွေ လာမပြောနဲ့ . . ရှင့်အသံကိုတောင် မကြားချင်ဘူး . . ရှင် သိရဲ့လား . . ."

" မကြားချင်လို့ မရဘူး နေခြည် . . ဘယ်အခြေအနေမျိုးမှာပဲ ရှိနေပါစေ မောင်ကတော့ ချစ်နေမှာပဲ . . . မောင့်အချစ်က ဘယ်တော့မှ မလျော့ဘူး "

သူ့စကားကြားတော့ တင်းထားသောနေခြည့်စိတ် လှုပ်ရှားသွားရသည်။ ယိုင်နဲ့လုလု မိမိစိတ်တွေကို ထိန်းထားရင်း . . .

" အို . . . ဘာမှ မလိုချင်ပါဘူး ၊ ရှင့်ကြောင့် ကျွန်မထပ်ပြီး စိတ်ဆင်းရဲ မခံပါရစေနဲ့တော့ . . ရှင် ပြန်ပါတော့ . . .ရှင့်မှာ ရွှန်းလဲ့ ရှိနေပါပြီ "

နေခြည် နားကို ပိတ်၍ ခါးခါးသီးသီး ပြောလိုက်သည်။ ပြောနေရင်းမှ လက်စွပ်ကို ဆွဲချွတ်လိုက်သည်။

လက်စွပ်မှာ စားပွဲပေါ်သို့ ချွင်ခနဲ ကျသွားသည်။ သံယောဇဉ်ဆိုတာ ဒီလို ပြတ်ပြတ်သားသားဖြတ်မှ ပြတ်မည် ဟု နေခြည် ယူဆသည်။

" ရော့ . . . အဲဒီမှာ ရှင်ပေးထားတဲ့လက်စွပ် ရှင့်ဘာသာရှင် ယူသွား . . . ဘဝတစ်သက်တာ အမှတ်တရဘာညာနဲ့ . . . ရှင် အခု ပြန်ယူသွား "

" မယူဘူး "

သူကလည်း ခပ်မာမာ ပြန်အော်သည်။

" ရှင့်လက်စွပ် ရှင်ယူပြီး ထွက်သွားပေတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



" မောင့်ကို နှင်နေတာလား နေခြည် "

" ဟုတ်တယ် . . .ရှင်ပြန်ပါတော့ . . . ရှင့်ကြောင့် ကျွန်မ ထပ်ပြီး စိတ်ဆင်းရဲ မခံချင်တော့ဘူး "

ကံကောင်းဆက်သာ ခေါင်း ငိုက်စိုက်ကျသွားလေတော့သည်။ သူ ဘာမှလုပ်၍ မရ။ သူ့ကို နေခြည် အရမ်းမုန်းသွားပြီ။ သူ ဘာဆက်လုပ်ရမည်နည်း။

ငိုနေသော နေခြည့်ကိုလည်း မကြည့်ရက်တော့ . . .။

ကားပေါ်သို့ ဘယ်လို ဘယ်ပုံဖြင့် ရောက်လာမှန်းလည်း မသိတော့။ ကားကို ဆောင့်၍ ခပ်ကြမ်းကြမ်းပင် မောင်းထွက်ခဲ့သည်။

နေခြည့်မှာတော့ စားပွဲပေါ် မျက်နှာအပ်၍ ငိုပွဲဆင်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိပျက် မျက်နှာပျက်ဖြင့် ကံကောင်းဆက်သာ ပြန်လာခဲ့သည်။

သူ၏မျက်နှာပြင်တစ်ခုလုံး မှုန်မှိုင်းညှိုးလျော်လျှက် . . .။

စောထွန်းကတော့ သူ့ပုံစံကို လှမ်းမြင်လိုက်ကတည်းက အခြေအနေကို ခန့်မှန်းလိုက်မိသည်။

" မင်း နေခြည်ဆီက ပြန်လာခဲ့တာလား . .တွေ့ရော တွေ့ခဲ့ရဲ့လား . . ."

ကံကောင်းဆက်သာ မရွှင်မလန်းနှင့် ဝင်ထိုင်သည်။

ချက်ချင်း ဘာမှ ပြန်မပြောနိုင်သေး . . .။

ငူငူကြီး ထိုင်နေသည်။

" တွေ့တော့ တွေ့ခဲ့ပါတယ်ကွာ . . ."



www.burmeseclassic.com

www.burmeseclassic.com



" အခြေအနေ . . . "

" ဘယ်လွယ်မလဲကွ . . . နေခြည့်စိတ်ဓါတ်က မင်းလည်း သိတဲ့အတိုင်းပဲ "

ကံကောင်းဆက်သာက သူကြုံတွေ့ခဲ့ရသည်များကို အစမှအဆုံး တိုင် ပြောပြလိုက်သည်။

စောထွန်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီး သူ့စကား ဆုံးတော့ . . .

" အင်း . . .နေခြည့်ဘက်က ကြည့်ပြန်တော့လည်း နာစရာ လေးတွေ ရှိနေပြန်ရောကွ . . . ဒါပေမယ့် မင်းအနေနဲ့ စိတ်ဓါတ်မကျပါ နဲ့ကွာ . . . "

" အေးကွ . . . ငါလည်း နေခြည့်ကို အပြစ်မတင်ပါဘူး. . နားလည် ခွင့်လွှတ်ထားပြီးသားပါ . . . သူက ငါ့ထက် အများကြီး ခံစားခဲ့ရမှန်း သိပါတယ် . . . သူ ခံစားနေရတာကိုလည်း ငါ နားလည် ပါတယ် "

သူ ဆွေးဆွေးမြည့်မြည့် ပြောလိုက်သည်။

သူ့အသွင် သူ့ဟန်က ကြေကွဲဝမ်းနည်းနေဆဲပင်။

" မိန်းကလေးတွေရဲ့စိတ်ဓါတ်က မှန်းရခက်တယ်လေ . . . ဒါပေမယ့် မင်းကို နေခြည် မပြတ်နိုင်ပါဘူးကွာ ၊ မင်းကို ချစ်ရှာသားပဲ"

" အေးကွာ . . . အဲဒီလို ဖြစ်ပါစေလို့ပဲ ၊ ဆုတောင်းရမှာပဲ"

ကံကောင်းဆက်သာ အားလျော့သလို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့် နေခြည့်စိတ်ဓါတ်ကိုလည်း ခပ်လန့်လန့် . . .။

စိတ်ပြန် လည်ဖို့ မလွယ်။

ထို့ပြင် နေခြည့်ကို သူ အဆုံးရှုံး မခံနိုင် . . .။

နေခြည် သူ့ကို မုန်းသွားမှာ စိုးရိမ်သည်။

စောထွန်းက သူပြောတာတွေ နားထောင်ပြီး လက်ထဲမှ ပုံဆွဲခဲတံဖြင့် စက္ကူပေါ်၌ ကောက်ကြောင်း အသာခြစ်လိုက်သည်။

" ဒါဆိုရင်တော့ နေခြည်ဆိုတာ သေချာပါတယ်၊ သူဟာ မင်းရဲ့အမေ ပြောဆိုသွားတာကို တော်တော်ခံရခက်နေပုံရတယ်၊ စိတ်နာတာလည်း ပါမှာပေါ့ကွာ . . . ပြီးတော့ မင်းဘက်က ချို့ယွင်းချက်ဖြစ်တဲ့ ရွှန်းလဲ့ကိစ္စ . . ."

" ဟာ . . . ရွှန်းလဲ့က . . ."

သူ့စကားမဆုံးခင် စောထွန်းက လက်ကာပြ၍ သူ့စကားကို ထပ်ဆက်ပြောသည်။

" မင်းကတော့ ငြင်းမှာပေါ့ . . . ဒါပေမယ့် နေခြည့်အမြင်မှာ မင်းနဲ့ ရွှန်းလဲ့က စေ့စပ်ထားပြီးပြီလေ . . .နေခြည်က မျက်မြင်ကိုယ်တွေ့လေကွာ . . .သူ ဘယ်လောက်ထိ ခံစားသွားရမလဲ . . မင်း ကိုယ်ချင်းစာကြည့်လေကွာ "

" ဟုတ်ပါတယ် . . . ခုထိတော့ ငါ သိပ်စိတ်ညစ်နေတယ်ကွာ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး "

ကံကောင်း ခေါင်းကုပ်၍ ညည်းညူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနဲ့ ဤကိစ္စနှင့်ပတ်သက်၍ တကယ့်ကို စိတ်ဆင်းရဲနေမိသည်။

နေခြည် သူ့ကို နှင်ထုတ်လိုက်ကတည်းက ရင်မှာ အရှိမ်းထိသွားသည်။

စောထွန်းက သူ့ကို ငဲ့ကြည့်၍ . . .

" ဘာပဲဖြစ်ဖြစ်ကွာ . . . နေခြည် မင်းကို သံယောဇဉ်မကုန်သေးတာတော့ သေချာပါတယ် . . . အရေးကြီးတာက မင်း နေခြည့်ကို မချော့ခင် ရွှန်းလဲ့ကိစ္စ အရင် ရှင်းထားသင့်တယ်လို့ ထင်တယ် "

စောထွန်းပြောသော စကားက အမှန်မို့ သူ ခေါင်းငိုက်စိုက်ကျသွားသည်။

" ဒါဖြင့် ငါ ဘာဆက်လုပ်ရမလဲကွာ . . ဘာဝေက်လုပ်ရမှာလဲ"

စောထွန်းက သူ့ပုခုံးကို ပုတ်၍ . . .

" မင်း နေခြည့်ကို သိပ်ချစ်လား . . ."

" ဒါများကွာ . . . မေးနေစရာ မလိုပါဘူး။ငါ့အသက်ထက်မကတောင် ချစ်တယ်ကွာ . . ရှင်းပြီလား "

" အေး . . . ဒါဆိုရင်လည်း ဆက်ကြိုးစားပေါ့ကွာ ၊နေခြည်က မင်းချစ်သူပဲ . . သူ့အကြောင်း မင်း ပိုသိမှာပေါ့ကွာ "

စောထွန်းစကားကြောင့် စောစောက စိတ်ဓါတ်ကျချင်သလိုလို ဖြစ်နေသော သူ့စိတ်တွေ ပြန်အားတက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆိုရင် ငါ နေခြည်ဆီ ထပ်သွားတွေ့ခွင့်ရအောင် ကြိုးစားရမယ် "

" ငါ့သူငယ်ချင်း အောင်မြင်ပါစေကွာ . . . "

စောထွန်းက ဆုပေးလိုက်တာကြောင့် ကံကောင်း၏ရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်လေး ထွန်းလင်းလာခဲ့သည်။

နေခြည်ရဲ့ရယ် . . မောင့်အချစ်ရယ် . . . မောင့်ကို ခွင့်လွှတ်ပါတော့ကွာ . . .။



www.burmeseclassic.com

www.burmeseclassic.com



နေခြည် အိမ်အပေါ်ထပ် ပြတင်းပေါက်တွင် လက်တင်၍ အောက်ဘက်သို့ ငေးမောကြည့်နေမိသည်။

အုန်းလက်တို့က ယိမ်းနွဲ့လှုပ်ရှားနေသည်။

ခြံထဲရှိ ပန်းခင်း၊ ပန်းရုံတို့၏ အလှအပကို မြင်နေရသည်။

လှပကြည်နူးဖွယ်ရာ မြင်ကွင်းလေးပင်။

နေခြည် မေးကလေးထောက်၍ တွေတွေလေး ငေးမောနေမိသည်။

တွေးရင်းနှင့်မှ မနေ့ကအကြောင်းကို ပြန်တွေးမိပြန်သည်။

ကံကောင်းဆက်သာကို ရက်ရက်စက်စက် ပြောခဲ့တာတွေ သတိရပြီး စိတ်ထဲမကောင်းပါ။

ရင်မှာ ပင့်သက်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ခြည်. .မောင်ရယ် . . . နေခြည်ရင်ထဲ သိပ်ချစ်ရတဲ့ မောင်ရယ် . . .မောင်နဲ့ နေခြည်က ဆုံမှတ်မရှိတဲ့မျဉ်းပြိုင်နှစ်ကြောင်းလို ဖြစ်နေပါပြီ။ မောင့်မှာ ရွှန်းလဲ့ဆိုတဲ့ စေ့စပ်ပြီးတဲ့မိန်းကလေး ရှိနေပြီလေ"

နေခြည့်ရင်ထဲမှာ ဝမ်းသာဝမ်းနည်း ခံစားရသည်။ မောင့်၏ သဘောထား မပြောင်းလဲကြောင်း သိရသဖြင့် ကြိတ်၍ကြည်နူးမိရသည်။ မောင့်ရဲ့ရုပ်သွင်ချောချောကို မြင်ယောင်လာမိသည်။

" ခြည် . . . မောင်ရယ် "

နေခြည်သည် ရင်ဘတ်ကို လက်ကလေးဖြင့် အသာဖိလိုက်မိတော့သည်။

အသက်ရှည်ဦးမည့် မောင်။

သူ့အကြောင်းတွေးနေမိစဉ်မှာပင် မောင့်ကားလေး။

နို့နှစ်ရောင် လန်ခရူဇာကား။

ဒေါက်တာကြည်ဖင့်ခြံရှေ့နှင့် မနီးမဝေး၌ ရပ်လာသည်ကို မြင်တွေ့ရသည်။ နေခြည် မျက်မှောင်လေး တွန့်သွားမိသည်။ ဒါ မိမိကို လာစောင့်တာပဲဆိုတာ ကျိန်းသေသိလိုက်သည်။

" ငါ ထွက်တွေ့ရင် ကောင်းမလား . . . မတွေ့ဘဲ နေရင် ကောင်းမလား "

နေခြည့်အတွေးအိမ်ထဲ၌ လွန်ဆွဲနေသည်။ ရုတ်တရက် ဆုံးဖြတ်ချက် မချနိုင်သေး။

ခဏနေမှ . . .



www.burmeseclassic.com

www.burmeseclassic.com



" အို . . . မတွေ့တာဘဲ ကောင်းပါတယ်၊ သူ့ကို မတွေ့ဘဲ ပြတ်လက်စ ပြတ်ပါစေတော့ "

နေခြည် ပြတင်းပေါက်နားမှ ထလိုက်သည်။ စာကြည့်စားပွဲသို့ သွားကာ စာအုပ်တစ်အုပ်ဆွဲ၍ ဖတ်နေလိုက်သည်။

ထိုစဉ်မှာပင် . . .

ကံကောင်းဆက်သာ ခြံဝရှေ့၌ ရပ်၍ ဘဲလ်တီးလိုက်သည်။ ခြံစောင့်ကြီး ထွက်လာပြီး . . .

" ဘယ်သူနဲ့ တွေ့ချင်ပါလဲ "

" နေခြည်နဲ့ပါ "

ခြံစောင့်ကြီးက သူ့ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ ရုတ်တရက် ကြောင်ရပ်နေသည်။ ထိုစဉ်မှာပင် ခြံထဲမှာ စာအုပ်ဖတ်နေသော ဒေါက်တာကြည်ဖင်က . . .

" ဘယ်သူလဲ "

အမေးနှင့် ခြံဝသို့ လျှောက်လာသည်။

" ဟို . . ကျွန်တော့်နာမည် ကံကောင်းဆက်သာပါ ခင်ဗျ "

" ဩော် . . .လာလေ၊ အထဲကိုဝင် . . .ကိုဘမောင် . . ခြံတံခါး ဖွင့်ပေးလိုက်ပါ၊ ကားပါ ဝင်လို့ရအောင် "

ခဏအကြာ ခြံထဲမှာပင် ဒေါက်တာကြည်ဖင်နှင့် ကံကောင်းဆက်သာတို့ ထိုင်မိကြသည်။

ဒေါက်တာကြည်ဖင်က ခပ်ပြုံးပြုံးပင် . . .



www.burmeseclassic.com

www.burmeseclassic.com



" အန်ကယ့်ကိုတော့ မောင်ရင် သိမှာပေါ့နော် "

" ဟုတ်ကဲ့ပါ . . . . . . အန်ကယ်က ပလပ်စတစ်ဆာဂျီ
စပါယ်ရှယ်လစ် ဒေါက်တာကြည်ဇင်လို့ သိထားပါတယ် "

ဒေါက်တာကြည်ဇင်က ခေါင်းညိတ်ရာ . . .

" မင်းကိုလည်း အန်ကယ် ကောင်းကောင်း သိပါတယ် . .
ကဲ . . .ကဲ . . အန်ကယ်တို့ ဆုံတဲ့ အထိမ်းအမှတ်နဲ့ စားလိုက်ပါဦး"

အိမ်ဖော်မလေး လာချပေးသော ကော်ဖီနှင့်မုန့်ကို တိုက်သည်။

" ဟုတ်ကဲ့ခင်ဗျ ၊ ဟို . . အားနာလိုက်တာ "

" ရပါတယ်ကွယ် . . . ဒါနဲ့ အန်ကယ်ကို လာတွေ့တာတော့
ဟုတ်မယ် မထင်ဘူး "

" ဟို . .ဟို "

ကံကောင်းဆက်သာ ဘာပြန်ပြောရမှန်း မသိသေး။ လာရင်း
ကိစ္စ တိုက်ရိုက်ပြောရမှာလည်း မကောင်း။

" ဒါဖြင့် ဘာကိစ္စများ ရှိလို့လဲ . . ."

သူ ခဏနေလိုက်သည်။ ပြီးမှ . . .

" ကွန်တော် နေခြည်နဲ့ တွေ့ချင်လို့ပါ "

သူ မဘတ်နိုင်တော့ . . .။

ဖြစ်ချင်ရာဖြစ် ပြောချလိုက်သည်။

ဒေါက်တာ ကြည်ဇင်က နားလည်စွာ ပြုံးရင်း . . .

" ကောင်းပြီ . . မိလုံးရေ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ဇင်က အိမ်ဖော်မလေးကို ခေါ်လိုက်သည်။

ခဏအကြာ ရောက်လာတော့ . . .

" နင့်မမလေးကို သွားခေါ် . . . ဘဘကြီး ခေါ်နေတယ်လို့၊ သမီးကို တွေ့ချင်တဲ့ ဧည့်သည်ရောက်နေတယ်လို့ . . ."

" ဟုတ်ကဲ့ "

အိမ်ဖော်မလေး အိမ်ဘက်သို့ ခပ်သွက်သွက် ထွက်သွားသည်။

မည်သူမျှ စကားမပြောဖြစ်ဘဲ ပကတိ တိတ်ဆိတ် ငြိမ်သက်နေမိသည်။

မကြာခင်မှာပင် အိမ်ဖော်မလေး ဒေါက်တာကြည်ဇင်ရှေ့သို့ ပြန်ရောက်လာသည်။

အိမ်ဖော်မလေးက မရတာရဲလေသံဖြင့် . . .

" မမလေး ခေါင်းကိုက်နေလို့တဲ့ . . အဲဒါ . . ."

ဒေါက်တာကြည်ဇင်ရော ကံကောင်းဆက်သာပါ အခြေအနေကို နားလည်လိုက်ကြသည်။

" ဟာ . . ဒီကောင်မလေး၊ တော်တော်ခက်တာပဲ၊ ဧည့်သည်က အားနာစရာ သွားထပ်ခေါ်စမ်း . .အရေးကြီးတဲ့ဧည့်သည်လို့ . . ."

" အန်ကယ် . . ဟို . . ဟို အားနာပါတယ်၊ သူ မလာချင်လည်း နေပါစေ . . ."

ကံကောင်းဆက်သာ အားနာစွာ ပြောလိုက်သည်။

ဒေါက်တာ ကြည်ဇင်က . . .



www.burmeseclassic.com

www.burmeseclassic.com



" ခဏလောက် စောင့်ကြည့်ပါဦး . . ."

အိမ်ဖေါ်မလေး အိမ်ဘက်သို့ ဒုတိယအကြိမ် ပြန်ထွက်သွားသည်။

ခဏအကြာ ပြန်လာသည်။

နေခြည့်ရဲ့အရိပ်အယောင်တောင် မတွေ့ရ။

ကံကောင်းဆက်သာ အခြေအနေကို နားလည်လိုက်သည်။

ထို့ကြောင့် မျက်စိမျက်မျက်နှာပျက်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ ဒေါက်တာ ကြည်ဖင်ကပါ လိုက်ထရင်း . . .

" အန်ကယ် စိတ်မကောင်းပါဘူးကွာ . . . မင်းကြားတဲ့ အတိုင်းပဲ "

" ကိစ္စ မရှိပါဘူး အန်ကယ် . . . ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး . . . အန်ကယ့်ကိုလည်း ကျေးဇူးတင်ပါတယ် ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ "

" အေးကွယ် . . ."

ကံကောင်းဆက်သာ၏ ကျောပြင်ကို ငေးမောကြည့်နေပြီး အတန်ကြာမှ ဒေါက်တာကြည်ဖင် အပေါ်ထပ်သို့ တက်လာခဲ့သည်။

နေခြည်သည် အခန်းဝကို ကျောခိုင်း၍ စာကြည့်စားပွဲတွင် တွေတွေဝေဝေလေး ထိုင်နေသည်။

" သမီး "

" ဩော် . . . ဘဘ "



www.burmeseclassic.com

www.burmeseclassic.com



နေခြည် ဖြည်းညှင်းစွာ လှည့်ကြည့်သည်။ ဒေါက်တာကြည့်ဇင်က အခန်းထဲရှိ ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း . . .

" စောစောက ဘာလို့ ဆင်းမလာတာလဲ . . ."

" သမီး သူ့ကို မတွေ့ချင်ဘူး ဘဘရယ် "

" သမီးလေးက မောင်ကံကောင်းကို မကျေမနပ်ဖြစ်နေတာကိုး . . ဟုတ်ရဲ့လား . . ."

နေခြည်က ခေါင်းလေး ခပ်သွက်သွက်ကလေး ညိတ်ရင်း . .

" ဟုတ်တယ် ဘဘ . . . သူ သမီးအပေါ် သစ္စာဖေါက်ပြီး နောက်တစ်ယောက်နဲ့တောင် စေ့စပ်ထားပြီးပြီပဲ ဘဘရယ် . . သူနဲ့သမီး မဆိုင်တော့ပါဘူး "

" ဒါကတော့ သမီးအမြင်ကိုးကွယ် . . . သူ့ဘက်က ကြည့်တော့လည်း သူ့အမေရဲ့ အစီအစဉ်ကြောင့် ဒီလို ဖြစ်သွားတယ်ဆိုတာလဲ အမှန်ပဲလေ ၊ ဒါတော့ သမီးအနေနဲ့ ပြန်စဉ်းစားသင့်တယ် "

နေခြည် တွေတွေလေး ငိုင်ကျသွားသည်။

ပြီးမှ သက်ပြင်းရှိုက်၍ . . .

" စဉ်းစားစရာ မလိုတော့ပါဘူး . . . ဘဘရယ် "

" အေးပေါ့လေ . . . သမီးဘက်က ပြတ်သားရင်တော့လည်း ကိစ္စ မရှိဘူးပေါ့။ ဒါပေမယ့် . . အခု သမီး ရင်ထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ပါဦးလေ "

နေခြည် ဘာမှမပြောဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ဖင် ပြောသောစကားများကို ပြန်တွေးနေမိသည်။

" မိဘတွေက အရေးကြီးတယ်ဆိုပေမယ့်လည်း သမီးတို့က အရွယ်ရောက်ပြီးသား လူတွေပဲ . . . ပြီးတော့ စေ့စပ်တာက လက်ထပ်တဲ့ကိစ္စမှ မဟုတ်တာကွယ်၊ ပြီးတော့လည်း အသက်အရွယ်တွေက မငယ်တော့ပါဘူး . . . ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ မဟုတ်လား၊ ဘဘက ဒီလိုပြောတာကို မိဘကို ဆန့်ကျင်ခိုင်းနေတာ မဟုတ်ဘူးနော်"

ဒေါက်တာကြည်ဖင်က ပြောရင်းမှ ပြတင်းပေါက်ဘေး သွားရပ်သည်။ ပြတင်းပေါက်မှ တဆင့် ခြံပြင်ရှိ နို့နှစ်ရောင် လန်ခရူဇာကားကြီးကို တွေ့လိုက်ရသည်။

ကားထဲမှာ မှန်ချပြီး ထိုင်နေသူက ကံကောင်းဆက်သာ။

ဒေါက်တာကြည်ဖင် အံ့သြသွားသည်။

ဒီကလေး ဒီလောက်ထိ ဖွဲ့ကောင်းလိမ့်မည် ဟု မထင်မိပါ။ ကြည့်ရတာ နေခြည် ထွက်မလာမချင်း စောင့်နေမည့်ပုံစံမျိုး။

ဒေါက်တာကြည်ဖင်က ပြတင်းပေါက်၌ ရပ်ကြည့်နေရာမှ နေခြည့်ကို လှမ်းခေါ်လိုက်သည်။

" သမီး "

" ရှင် "

နေခြည် ငိုင်နေရာမှ လှမ်းကြည့်လိုက်၏။

" သမီး ပြတင်းပေါက်ကနေပြီး အပြင်ကို ကြည့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ထိုင်နေရာမှ ထလာသည်။

နေခြည် ဒေါက်တာကြည်ဖင် ဘေးရှိ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ခြံရှေ့မှာ ကပ်ရပ်ထားသောနို့နှစ်ရောင်လန်ခရူဇာကို တွေ့လိုက်ရသည်။

" အို . . မောင်ရယ် "

နေခြည့်ရင်ထဲ မကောင်း ဖြစ်သွားသည်။

နေခြည် ပြတင်းပေါက်နားမှာ ငိုင်နေစဉ်မှာပင် ဒေါက်တာကြည်ဖင် အခန်းထဲမှ ထွက်သွားသည်။

ပြတင်းပေါက်၌ နေခြည်က တစ်ယောက်တည်း ရပ်၍ ကျန်ရစ်သည်။

" မောင်ရယ် . . . မောင် ဒီလိုလုပ်နေတော့ နေခြည် ဘာဆက်လုပ်ရမှာလဲ "

ကားရပ်ထားရာသို့ လှမ်းမျှော်ကြည့်ရင်း ရေရွတ်လိုက်မိသည်။

နေခြည့်ရင်ထဲ၌ အတွေးပေါင်းစုံ ရှုပ်ထွေးနေသည်။

နေခြည် မည်ကဲ့သို့ ဆုံးဖြတ်ရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်သို့ ခြေချမိသည့်တိုင်အောင် နေခြည့်စိတ်ထဲတွင်မူ လေထဲ လမ်းလျှောက်နေသကဲ့သို့ပင်။

နေခြည် အပေါ်မှ ဆင်းလာခဲ့သည်။

ညနေစောင်းအထိတိုင်အောင် အိမ်ပေါ်မှာ နေခဲ့ပြီး ကြာလာတော့ နေခြည့်စိတ်တွေ တင်းခံနိုင်ခြင်း မရှိတော့။

နံနက်ကတည်းက စောင့်နေသူကို အားနာစိတ်ကြောင့်လည်း ပါသည်။

လမ်းမပေါ်၌ လူမရှိသလောက် ရှင်းနေသည်။

နေဝင်ခါစအချိန်မို့ ကံကောင်းဆက်သာ၏ ကားလေးက မှောင်ရိပ်ပင် ကျစပြုနေပြီ ဖြစ်သည်။

နေခြည် ရင်ခုန်စွာ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားနားသို့ တဖြည်းဖြည်း ပို၍ နီးကပ်လာလေပြီ။

နေခြည် ကားနားရောက်တော့ ကားရှေ့ခန်း၌ ကံကောင်းဆက်သာ မှီ၍ ထိုင်နေသည်။

သို့သော် မျက်လုံးအစုံကို မှိတ်ထားသည်။

နေခြည် ပြုံးမိသည်။

ကားတံခါးပေါက်ဘောင်ပေါ်၌ လက်တစ်ဘက်ကို ထောက်လိုက်သည်။ သူ့ရဲ့ ယောက်ျားပီသသော မျက်နှာချောချောကို ငုံ့ကြည့်မိသည်။

မောင့်လက်မောင်းကို နေခြည် မရဲတရဲဖြင့် အသာ တို့လိုက်သည်။

" ဒီမှာ . . . ဒီမှာ "

နေခြည် ခေါ်လိုက်သော်လည်း မနိုး ၊ ဆက်၍ အိပ်မြဲ။

နေခြည် နောက်တစ်ကြိမ် တွန်းနှိုးလိုက်သည်။

ဒီတစ်ကြိမ်တော့ ကံကောင်းဆက်သာ ဆတ်ခနဲ လန့်နိုးသွားသည်။ သူ့ရှေ့တွင် အဝါရောင်အရိပ်တစ်ရိပ်ကို လှစ်ခနဲ တွေ့လိုက်ရသည်။

မောင့်မျက်လုံးတွေ ပွင့်လာမှန်းတွေ့ရသည်နှင့် နေခြည် နောက်သို့ ချာခနဲ လှည့်၍ ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။

သူ့ကို သနား၍ နေခြည် ဆင်းလာခဲ့ပေမယ့် ယခုလို မျက်နှာချင်းဆိုင် တွေ့ရပြန်တော့ နေခြည့်ရင်ထဲမှာ ရှက်စိတ်ကလေး ဖြစ်သွားမိသည်။

ကံကောင်းဆက်သာ ခေါင်းထောင်၍ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှ ကိုယ်ဟန်နွဲ့နွဲ့လှလှ တစ်ပါတ်နွမ်းအဝါရောင် ပါတိတ် ဝမ်းဆက်ကလေးနှင့် ပုံရိပ်လေးကို မြင်လိုက်ရသည်နှင့် မည်သူမှန်း သိလိုက်သည်။

ကားစက်ကို သော့ဖွင့်နှိုးလိုက်ပြီး ဘီးလှိမ့်ရုံမျှ ခပ်ဖြည်းဖြည်း လေး လမ်းမအတိုင်း မောင်းနှင်လာခဲ့သည်။

ချက်ချင်းပင် ရှေ့မှ ခပ်သွက်သွက် လျှောက်သွားသောနေခြည် ကို မီလာသည်။

" နေခြည် "

နေခြည်က နောက်သို့ လုံးဝလှည့်မကြည့်။

သူ ပြုံးလိုက်မိသည်။ ရင်ထဲ၌ ဝမ်းသာကြည်နူးမှုက အတိုင်း အဆ မရှိ။

" မောင့်အချစ် "

နေခြည် ဖျတ်ခနဲ လှည့်ကြည့်သည်။

" ကားပေါ်တက်လေ "

" ဟင်အင်း . . . "

" ဒီလမ်းအတိုင်း ဆက်လျှောက်နေတော့မှာလား "

" အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ "

နေခြည်က ခေါင်းမာမာပင် သူ့ကို တုန့်ပြန်သည်။

" ဆိုင်လား မဆိုင်လား နေခြည် အသိဆုံးပါ ၊ ကဲပါကွာ ကားပေါ်တက် တစ်နေရာရာသွားပြီး စကားပြောရအောင် "



www.burmeseclassic.com

www.burmeseclassic.com



" ဘာတွေများ ပြောစရာ ရှိသေးလို့လဲ . . ."

ကံကောင်းက နေခြည့်မျက်နှာ နုနုချောချောလေးကို ငေးစိုက်ကြည့်ရင်း . . .

" အချစ်အကြောင်းတွေလေ . . ."

" အိုး . . ."

" ဒီအတိုင်း လမ်းပေါ်မှာ လျှောက်ပြောနေလို့ မကောင်းပါဘူး ဘွာ . . . လာပါ . .မောင့်ကားထဲကို "

နေခြည့်မျက်နှာလေး ကြည်လင်နေသည်။ သို့သော် ခေါင်းလေးကိုတော့ ခါယမ်းလျက်ပင် ရှိသေးသည်။

" နေခြည် လမ်းလျှောက်ချင်လို့ ဆင်းလာတာပါ "

" ဒါဖြင့် ဘယ်အထိ ဆက်လျှောက်နေဦးမှာလဲ "

" လမ်းရှိသရွေ့ပေါ့ . . ."

နေခြည်က ခပ်ရွှဲ့ရွှဲ့လေး ပြောပြီး ဆက်လျှောက်သွားသည်။

ကံကောင်းက သူပါ ဆင်းလျှောက်မည်ဟု တွေးကာ ကားစက်ပ်၍ အသာပင် ကြည့်နေလိုက်သည်။

နေခြည်၏ ချစ်စဖွယ်ဟန်ပန်လေးကို မြတ်နိုးစွာ ရပ်ကြည့်နေသည်။

ထိုစဉ် . . .

ကံကောင်းဆက်သာ ကားဘေးနားမှနေ၍ ပြိုင်ဘီးတစ်စီးက ွားခနဲ ကျော်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်နံဘေးရောက်တော့မှ အရှိန်လျော့၍ ခြေတစ်ဘက်ထောက်ကာ အသာ ရပ်လိုက်သည်။

" တစ်ယောက်တည်းလား ညီမ "

နေခြည်က လှည့်မကြည့်ဘဲ ဆက်သွားနေသဖြင့် နောက်မှ ကောင်လေးက စက်ဘီးကို ဘီးလိမ့်ရုံလိမ့်ပြီး လိုက်လာသည်။

" စကားပြန်ပြောဦးလေကွာ . . . ညီမလို အလှအပလေး တစ်ယောက်တည်း လျှောက်သွားနေတာ စိတ်မချဘူးကွာ "

နေခြည် သွားနေတာကို ရပ်ပြီး ခါးပေါ် လက်ထောက်ကာ . .

" ရှင် . .ကျွန်မကို လိုက်မနှောင့်ယှက်နဲ့ . . လူကို ဘယ်လို အစားထင်နေလဲ "

" တို့က စိုးရိမ်လို့ပါ "

" ကဲ . . စိုးရိမ်ဦး . . . "

နေခြည့်လက်တစ်ဘက်က မြှောက်တက်သွားသည်။

သို့သော် တစ်ဘက်လူရွယ်၏ပါးကို မထိလိုက်ဘဲ လေထဲမှာပင် ရပ်တန့်သွားသည်။

လူရွယ်က နေခြည့်လက်ကို ဆုပ်ကိုင်လိုက်၍ ဖြစ်သည်။

" ရှင် . . ရှင် . . . ကျွန်မလက်ကို လွှတ်စမ်း "

ထိုစဉ်မှာပင် ကားကောင်ဆက်သော၏ လန်ဖရူဇာက ထိုလူရွယ်ဘေးတွင် ထိုးရပ်လိုက်သည်။

ကားကောင်း ကားပေါ်က ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးမှာ အခြေအနေ မကောင်းမှန်း သိ၍ နေခြည့်လက်ကို လွှတ်လိုက်သည်။

ကံကောင်းဆက်သာက ထိုကောင်လေးကို ကြည့်ရင်း . . .

" ကိုယ့်လမ်းကို အေးအေးဆေးဆေးသွား ကိုယ့်ညီ . . . ကိုယ် ရန်မဖြစ်ချင်ဘူး "

" ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ "

" ဟာ . . .ဆိုင်တာမှ သိပ်ဆိုင်တာပေါ့။ ကဲ . . .ဒေါ်နေခြည် ခင်ဗျားနဲ့ ကျုပ် ဘယ်လို ဆိုင်လဲဆိုတာ ပြောပြလိုက်ဦးလေ "

နေခြည်က ဘာမှမပြောတော့ဘဲ သူ့ကားပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့် သွားတက်ထိုင်သည်။

ကံကောင်းဆက်သာက ကားပေါ် မတက်သေးဘဲ ကောင်လေးကို ကြည့်ကာ . . .

" ကိုယ်တို့က ချစ်သူတွေကွ . . သူ စိတ်ကောက်လို့ လိုက်ချော့နေတာ . . . နောက်ဆို ကောင်မလေးချော့ချော့ မြင်လို့ လိုက်ချင်ရင် ပတ်ဝန်းကျင်ကို လေ့လာပြီးမှ လိုက်ပေါ့ကွာ . . . ဟဲ . . .ဟဲ "

သူက ပါးစပ်အရသာခံပြီး ပြောလိုက်သေးသည်။

ကောင်လေးကလည်း အေးဆေးပင် . . .

" ဆောရီးပဲ အစ်ကို . . "

ဟု ပြောကာ စက်ဘီးနင်း၍ ထွက်သွားသည်။

သူ့စိတ်ထဲမှ ကောင်လေးကို ကျေးဇူးတင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးသာ နေခြည့်ကို မနှောင့်ယှက်လျှင် နေခြည် သူ့ကားထဲသို့ ရောက်မည် မထင်။

ကံကောင်းဆက်သာ ကားထဲ ဝင်ထိုင်လိုက်သည်။ နှုတ်ခမ်းလေး စူပြီး ထိုင်နေသော နေခြည့်ကို ပြုံးကြည့်လိုက်သည်။

" နေခြည် . . အချစ်လေး . . မောင့်အချစ် "

နေခြည် မထူး . . .။

မျက်စောင်းနှင့်သာ တုန့်ပြန်လိုက်သည်။

သူ ဒေါသည်းယားလာသည်။

ထို့ကြောင့် နေခြည့်နား တိုး၍ . . .

" ခစ် . . ."

" အို . . . ဘယ်လိုဖြစ်လို့ လူကို ဒီလောက်တောင် ခဏခဏ ခေါ်နေရတာလဲ "

နေခြည့်ထံမှ ရှက်စနိုးအသံလွင်လွင်လေး ကြားလိုက်ရ၍ သူ ပြုံးမိသည်။

" ဒါက ဘယ်ကို မောင်းမလို့လဲ . . ."

" လမ်းရှိသရွေ့ . . .. ဒီကမ္ဘာကြီး အဆုံးကိုလေ "

စောစောက နေခြည်ပြောခဲ့သော စကားများဖြင့် ပြန်လည်ချေပ ပြောဆိုလိုက်သည်။

နေခြည်က သွားဖြူဖြူလေးတွေ ပေါ်အောင် ပြုံးလိုက်ပြီး . .

" ဟွန်း . . . တော်ပါ ၊ မုန်းစရာကြီး "



www.burmeseclassic.com

www.burmeseclassic.com



" တကယ်လား . . ."

နေခြည်က ခေါင်းညိတ်ပြသည်။

သူက ကားမောင်းနေရင်းမှ ဝါးပင်ရိပ်များရှိသော လမ်းတနေရာတွင် ကားကို ဘေးချ၍ ထိုးရပ်လိုက်သည်။

" အိုး . . . ကားကို ဘာလို့ ရပ်လိုက်တာလဲ "

" ကားက ဘာဖြစ်သွားမှန်းမှ မသိတာ အချစ်ရဲ့ "

သူက ခပ်ပြုံးပြုံးပြောတော့ သူ့ဗိုက်ကို နေခြည် ဆွဲလိမ်ရင်း

" ဉာဏ်ကို များတယ် "

" ချစ် "

" ဘာလဲ "

" မောင့်ကို ချစ်သေးရဲ့လား "

နေခြည့်မျက်နှာ နုနုပေါ်တွင် ပန်းနုရောင် ရှက်သွေး ဖြတ်ပြေးသွားသည်။

နေခြည် သူ့ကို မော့မကြည့်ရဲတော့ပါ။

ကံကောင်းဆက်သော နေခြည့်နားသို့ တိုးကပ်လိုက်သည်။

သူတို့ ပထမဆုံး ချိန်းတွေ့တုန်းကလိုပင် နေခြည်က ရှက်ပြုံးကလေး ပြုံး၍ ခေါင်းငုံ့နေသည်။

" ပြောလေ ချစ်ရာ "

" မသိဘူးကွာ . . ."

နေခြည့် ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" အို . . မောင်ကလည်း လမ်းမပေါ်မှာ သိပ်ဆိုးတာပဲ. . . လွှတ်ကွာ "

သို့သော် သူက နေခြည်၏ ကိုယ်လေးကို တင်းတင်းကလေး ပွေ့ဖက်ထားပြီး ပါးပြင်နုနုကို မွှေးရှိုက်လိုက်သည်။

" မောင် တော်တော်ဆိုးပါလား . . . လွှတ် "

" မောင်မေးတာဖြေမှ လွှတ်မယ်၊ ကဲ . . ပြော . .မောင့်ကို ချစ်သေးလားလို့ "

" မေးစရာလိုသေးလို့လားကွယ် . . ."

နေခြည်က ခပ်နွဲ့နွဲ့ကလေး ပြောလိုက်ရင်း တစ်စုံတရာကို သတိရထားဟန်ဖြင့် . . .

" ဒါးဆို ရွှန်းလဲ့ကိစ္စက . . ."

" ဒါက အသေးအဖွဲ့ပါ "

" အသေးအဖွဲ့ ဟုတ်လား . . . လူကြီးတွေနဲ့ စေ့စပ်ထားတာ အသေးအဖွဲ့မှ မဟုတ်တာ "

နေခြည်က အံ့ဩဟန်ဖြင့် ပြောလိုက်သည်။

" ဟုတ်တယ် နေခြည် . . . မောင့်အတွက်တော့ ဒီကိစ္စက အသေးအဖွဲ့ပဲ၊ စေ့စပ်တာဟာ လက်ထပ်တာမှ မဟုတ်တာ . ပြီးတော့ မောင့်ရဲ့ သဘောတူညီမှုလည်း လုံးဝမပါဘူး၊ ဒီကိစ္စဟာ မောင့်မေမေ စီစဉ်တာတွေ . .မောင်ဟာ မောင်ချစ်တဲ့သူကိုပဲ လက်ထပ်မှာ၊ မချစ်တဲ့ သူကို လက်ထင်ဖို့ တစ်ခါမှ စိတ်မကူးဘူး . . . ဒါ အမှန်ပဲ။ စိတ်ချပါ



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ရယ် . . . မောင် နေခြည်က လွဲပြီး ဘယ်သူ့မှ လက်မထပ်နိုင်ဘူး"

ဒီလိုဆိုတော့လည်း နေခြည်တို့နှစ်ယောက်ကြားမှာ ဘာအဖု အထစ်မှ မရှိတော့သလိုပင်။

နေခြည်မှာ မောင့်ပုခုံးလေး မှီရင်း လိုက်ပါလာသည်။

ချစ်သူနှင့် ခဏတာပဲဖြစ်ဖြစ် ပျော်ခွင့်ရလျှင်ပဲ နေခြည် ကျေနပ်လှပါပြီ။

နေခြည့်စိတ်ထဲမှာ ဘာတွေရှိလဲဆိုတာ နေခြည်တစ်ယောက်သာ သိသည်။

မောင်ကတော့ နေခြည့်ကို အရိပ်တကြည့်ကြည့်နှင့်ပေါ့ . . ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ထား တစ်ယောက် အတော်လေး မကျေနိုင်၊မချမ်း နိုင် ဖြစ်နေမိသည်။

သားဖြစ်သူ ကံကောင်းဆက်သာမှာ အလုပ်ကို အကြောင်းပြ၍ မြို့ထဲရှိ တေးသံသွင်းဆိုင်အပေါ်ထပ်တွင် သွားနေ,နေသည်။

မန္တလေးမှ ရောက်ကတည်းက ယခုအချိန်ထိ သားဖြစ်သူနှင့် မျက်နှာချင်း မဆိုင်ရသေး . . . ။

မိမိကို ရှောင်နေသည်။

ဒိကြားထဲ ရွှန်းလဲ့က ဒေါ်တင်တင်ထားကို ဖုန်းဆက်တိုင်သည်။

မန္တလေးမှာနေနေ ရန်ကုန်မှာနေနေ ဒေါ်တင်တင်ထားနှင့်ရွှန်းလဲ့ တို့ မိသားစု အဆက်အသွယ် မပြတ်ရှိနေသည်။

သူ ဆွေ့ဆွေ့ခုန်ဒေါသပွနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိက လက်နှင့်ရေးသည်ကို သားဖြစ်သူက ခြေနှင့်ဖျက်သည် ဟု ထင်နေမိသည်။

ကံကောင်းဆက်သာကိုလည်း မကျေနပ်။

အထူးသဖြင့် နေခြည်နွေးကိုလည်း ဒေါသ ထွက်မိသည်။ နောက် တစ်နေ့နံနက်ရောက်တာနှင့် ဒေါ်တင်တင်ထား စတင်လှုပ်ရှားတော့သည်။

စောထွန်းဆီကို ဖုန်းဆက်၍ နေခြည့်လိပ်စာကို မေးသည်။

စောထွန်းက မပြော။

အဆင်ပြေနေသော ချစ်သူနှစ်ယောက်ကို ဒေါ်တင်တင်ထား ခွဲပစ်ရန် ကြံစည်နေပြီဆိုတာ စောထွန်း ရိပ်မိလိုက်သည်။

သို့သော် ဒေါ်တင်တင်ထားကလည်း မခေ။

နေခြည့်အကြောင်းကို နေခြည့်နှင့်ပတ်သက်သောအင်တာဗျူး များနယ်၊ မဂ္ဂဇင်းတို့တွင် လိုက်ရှာသည်။

ဒေါက်တာကြည်ဇင်၏ အိမ်လိပ်စာကိုလည်း ဆေးပညာမဂ္ဂဇင်း တွင် လိုက်ရှာသည်။

နောက်ဆုံး နေခြည့်အိမ်လိပ်စာ ဒေါ်တင်တင်ထား သိသွားသည် နှင့် ဒေါ်တင်တင်ထား ထွက်လာခဲ့သည်။

ဖြစ်ချင်တော့ ဒေါ်တင်တင်ထား လာသည့်အချိန်တွင် ဒေါက်တာ ကြည်ဇင်တို့ လင်မယားမှာ အလှူတစ်ခုသို့ သွားနေကြသည်။

နေခြည်က ခေါင်းနည်းနည်းကိုက်၍ နေခဲ့ခြင်း ဖြစ်သည်။

အိမ်မှာ နေခြည် တစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



" တီ . .တီ "

ကားဟွန်းသံနှင့်အတူ ဒေါ်တင်တင်ထား ကားပေါ်မှ မျက်နှာ ဝါး တင်းတင်းဖြင့် ဆင်းလာသည်။

အိမ်ရှေ့တွင် နေခြည်သည် ထိုင်နေရာမှ ဒေါ်တင်တင်ထား ကားပေါ်မှဆင်းလာသည်ကို မြင်သည်နှင့် တံခါးဖွင့်ပေးလိုက်သည်။

နေခြည်က အခြေအနေကို ချက်ချင်း နားလည်လိုက်သည်။

အိမ်ရှေ့အဝင်တခါး၀၌ ဒေါ်တင်တင်ထား ရပ်နေသည်။

နေခြည်၏မျက်နှာ သွင်ပြင်ပြောင်းပြီးနေမှန်း ဒေါ်တင်တင်ထား မသိသေး . . .။

နေခြည်၏ ဟိုယခင်မျက်နှာကိုသာ မြင်ဖူးသည်။

ယခု နေခြည့်ကို တွေ့နေရသော်လည်း ဒေါ်တင်တင်ထား လုံး၀ မမှတ်မိသေး။

သို့သော် . . .

နေခြည်ကတော့ ကောင်းကောင်းမှတ်မိနေပါသည်။

နေခြည်က မသိချင်ယောင်ဆောင်၍ လှမ်းမေးလိုက်သည်။

" ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ အန်တီ "

" ဒါ ဒေါက်တာကြည်ဇင်တို့ အိမ်ပါလား . . ."

" ဟုတ်ပါတယ် အန်တီ "

" ဒေါက်တာကြည်ဇင် ရှိလား "

" မရှိပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ထား စကား ခဏမျှ ဆိုင်းသွားပြီးမှ လေသံမာမာဖြင့် ဆက်၍ မေးလိုက်သည်။

" ဒီအိမ်မှာ နေခြည်နွေး ရှိလား "

နေခြည်က လွင်လွင်ကလေး ရယ်မောလိုက်သည်။

" အိမ်ထဲကို ဝင်ထိုင်ပါဦး အန်တီ . . . အေးအေးဆေးဆေး ပြောကြတာပေါ့ "

နေခြည်က ညှို့ခန်းထဲသို့ ဒေါ်တင်တင်ထားကို ဖိတ်ခေါ်ပြီး ဆက်တီပေါ်မှာ ထိုင်စေသည်။

အိမ်ဖေါ်မလေးကိုလည်း ကော်ဖီနှင့်မုန့် လုပ်ခိုင်းလိုက်သည်။

" သုံးဆောင်ပါဦး အန်တီ "

" ရပါတယ်ကွယ် . . . အန်တီ့မှာ အရေးတကြီးကိစ္စ ရှိနေလို့ နေခြည်နဲ့ တွေ့ချင်တယ် "

နေခြည်က ခပ်ပြုံးပြုံးအမူအယာဖြင့် . . .

" အန်တီက နေခြည်နဲ့တွေ့ရင် ဘာများ ပြောမလို့လဲ "

ဒေါ်တင်တင်ထားက ကော်ဖီတစ်ငုံ သောက်လိုက်ရင်း . . .

" အဟင်း . . ဟင်း . . . အရေးကြီးတဲ့စကား ပြောစရာ ရှိနေလို့ပါ "

" တော်တော်များ အရေးကြီးနေလို့လား အန်တီ "

ဒေါ်တင်တင်ထား နေခြည့်ကို အကဲခတ်သလို ကြည့်သည်။

" ဟုတ်တယ် . . . တော်တော့်ကို အရေးကြီးတယ်ကွယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဖြင့် အန်တီ ပြောစရာရှိတာ ပြောနိုင်ပါပြီ "

ဒေါ်တင်တင်ထားက အံ့အားသင့်ဟန်ဖြင့် နေခြည့်ကို လှမ်းကြည့်လိုက်ခြင်း ဖြစ်သည်။ ပြီးနောက် ဘဝင်မကျဟန်ဖြင့် နေခြည့်ကို လှမ်းကြည့်လိုက်သည်။

" အန်တီအနေနဲ့က နေခြည့်ကို တွေ့မှ ပြောလို့ဖြစ်မယ့် စကားမို့လို့ပါ "

" အဟင်း . . ဟင်း . . . ကျွန်မပြောထားပြီလေ ၊ အန်တီ ပြောစရာရှိတာ ပြောပါလို့ . . . "

" ဒါဖြင့် နေခြည်ဆိုတာက . . . "

" ဟုတ်ပါတယ် အန်တီ . . . နေခြည်နွေးဆိုတာ ကျွန်မပါပဲ"

ဒေါ်တင်တင်ထား လွန်စွာ အံ့သြသွားလေသည်။

နေခြည်၏ ယခုရုပ်သွင်ကို ဒေါ်တင်တင်ထားလုံးဝ မသိပါ။ ယခုမှ မြင်ဖူးခြင်း ဖြစ်သည်။

သူ့ကိုယ်သူ နေခြည်နွေးဟု ပြောနေသော်လည်း ချက်ချင်း မယုံနိုင်သေး . . ။

မယုံနိုင်အောင်လည်း နေခြည့်ရုပ်သွင်က ပြောင်းလဲနေသည် မဟုတ်ပါလား , . ။

" အန်တီ့ကို နောက်နေတာ များလား . . . အန်တီ နေခြည်နွေး ကို မြင်ဖူးပါတယ် "

" အဟင်း . . ဟင်း . . ဟုတ်ပါတယ် အန်တီ . .ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



နေခြည်နွေးပဲ ၊ ဒီတော့ အန်တီပြောစရာရှိတာ ပြောနိုင်ပါတယ် ”

ဒေါ်တင်တင်ထားမှာ ရုတ်တရက် အပြောင်းအလဲတစ်ခုကြီးနှင့် ရင်ဆိုင်ရသူနှယ် အံ့သြ၍သာ နေမိသည်။ ခဏနေတော့မှပင် တစုံတရာကို စဉ်းစားမိသဖြင့် မျက်နှာပြင်လိုက်သည်။

“ ဒါဖြင့် မင်း . . . နေခြည်နွေး ဟုတ်ပါတယ်နော် ”

နေခြည် မဲ့ပြုံးပြုံးလိုက်သည်။

“ ဟုတ်ပါတယ် ”

“ ဒါဖြင့် ကောင်းပြီလေ . . . အန်တီ မင်းကို တိုတိုနဲ့လိုရင်းပဲ ပြောတော့မယ် ၊ အန်တီ့သားကံကောင်းဆက်သာဟာ ရွှန်းလဲ့ဝင်းထိန်နဲ့ စေ့စပ်ထားပြီးသား . . . ဒီတော့ နေခြည်နွေးအနေနဲ့ နောက်ဆုတ်ပေးပါလား . . .”

ဒေါ်တင်တင်ထားလေသံက ထင်သလောက် တင်းမာခြင်း မရှိ။ နေခြည့်ကို နေခြည်ဟု မထင်၍လား . . .။

ဒါမှမဟုတ် . . .

ဘယ်လိုကြောင့်လဲဆိုတာတော့ နေခြည် မသိတော့ . . .။

“ ဒါကို ကျွန်မ နားလည်ပါတယ် , . . ဒါ့ကြောင့် ကျွန်မသည်း သူ့ကို ပြတ်မယ်လို့ ဆုံးဖြတ်ပြီးသားပါ။ ပိုင်ရှင်ရှိပြီးသားလူကို အတင်းဆွဲထားဖို့ စိတ်မကူးပါဘူး အန်တီ ”

နေခြည်က ခပ်အေးအေးပင် ပြောလိုက်သည်။

ဒီတော့ ဒေါ်တင်တင်ထားလေသံက ပြောင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်စက ကဲ့သို့ မျက်နှာပင် တင်းမာခြင်း မရှိတော့။

" အေးကွယ် . . . ဒါဆိုလည်း ပြီးတာပါပဲ . . . တစ်နေ့က အန်တီ့ဆီကို ဖွန်းလဲ့ ဖုန်းဆက်ပြီး မင်းနဲ့အန်တီ့သားနဲ့ ပြန်တွဲနေတယ် ဆိုလို့ အကျိုးအကြောင်း ပြောပြဖို့ အန်တီ လာရတာပါပဲ "

ဒီပြဿနာ အစက တရားခံကို နေခြည် သိလိုက်ရသည်။

ဒါမျိုးက မဆန်းလှ . . .။

နေခြည် မျှော်လင့်ထားပြီးသား ဖြစ်သည်။

နေခြည်က ခပ်ပြုံးပြုံးပင် . . .

" ဒီမှာ အန်တီ . . . ကျွန်မဟာ နေခြည်နွေးအစစ်ပါပဲ။ အန်တီရဲ့ သဘောထားကိုလည်း နားလည်ပြီးသား . . ဒါ့ကြောင့် ကျွန် နောက်ဆုတ်ဖို့လည်း ဆုံးဖြတ်ထားပြီးသားပါ . . ကိုကာကောင်းဆက် ကိုလည်း ဒီလက်စွပ်လေး ပြန်ပေးဖို့ ဒီနေ့ပဲ သွားမလို့ပါ။ အခု အန်တီ တွေ့တော့ အဆင်ပါပဲ။ အန်တီက တစ်ဆင့် ပြန်ပေးလိုက်ပါရစေ . . သူ့ကိုလည်း ကျွန်မနဲ့ လုံးဝလာမပက်သက်ပါနဲ့လို့ ပြောလိုက်ပါ . . ကျွန်မဆီ လာရင်လည်း ဒီအတိုင်းပဲ ပြောမှာပါ . . . ဒါ ကျွန်မရဲ့ဆုံးဖြတ် ချက်ပါပဲ "

ဒေါ်ကောင်တင်ထား ငြိမ်၍ နားထောင်နေသည်။

နေခြည်ကတော့ အရာရာကို ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးသော မျက်နှာနှင့် ဒေါ်တင်တင်ထားကို စိုက်ကြည့်ပြီး . . .

" ကျွန်မ ပြောစရာ ကျွန်ပါသေးတယ် "



www.burmeseclassic.com

www.burmeseclassic.com


" ပြောစရာရှိရင် တစ်ခါတည်းပြောလေ . . .အန်တီ နားထောင်ပေးနေပါတယ် "

" ဒီလိုပါ . . .ကျွန်မတို့ မမွေးခင်က ကျွန်မမိဘနဲ့ အန်တီတို့ကိစ္စတွေ ဘာမှ မသိခဲ့ရဘူး . . . ကိုကံကောင်းဆက်သာနဲ့ ချစ်သူတွေဖြစ်တဲ့ အချိန်ကျမှ ဒီကိစ္စတွေ သိခဲ့ရတယ် . . . အဲဒီအချိန်မှာ ကျွန်မဆေးရုံပေါ်မှာ အန်တီ ကျွန်မကို လာပြောသွားခဲ့တဲ့စကားတွေ ကျွန်မခုထိ မှတ်မိနေပါသေးတယ် "

ဒေါ်တင်တင်ထား၏မျက်နှာ ပျက်သွားသည်။ သူမ လွန်သွားတာကို သဘောပေါက်လိုက်သည်။

" အတိုချုံးပြောရရင် ကျွန်မ ဒဏ်ရာရ အကျည်းတန်ခဲ့တယ်၊ ခွဲစိတ်ပြုပြင်ခဲ့တယ် . . . ဒီနောက်ပိုင်းမှာလည်း ကိုကံကောင်းဆက်သာကိုမတွေ့ဘဲ ရှောင်နေခဲ့ပါတယ် . . . ဒါဟာလည်း သူ့ကို မုန်းလို့ မဟုတ်ဘူးနော် . . . အန်တီစကားတွေကြောင့်ပဲ၊ ဒါပေမယ့် . . . သူ ကျွန်မကို တွေ့ဖို့ ကြိုးစားလာတယ် . . . ဒါနဲ့ ကျွန်မလည်း စိတ်အလိုလိုက်ပြီး နောက်ဆုံး တစ်ကြိမ် တွေ့မိပါတယ် "

နေခြည်က မောသဖြင့် နားလိုက်သည်။

ဒေါ်တင်တင်ထားက ငြိမ်၍ နားထောင်နေသည်။

နေခြည် ဆက်ပြောလိုက်သည်။

" အခု သူ့ကို လက်ထပ်ဖြုတ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ . . . ကျွန်မကြောင့် သူရဲ့စေ့စပ်ပွဲ မပျက်စေရပါဘူး . . . လို့ အန်တီ့ကို


www.burmeseclassic.com

www.burmeseclassic.com



ကာတိပေးပါတယ် ”

နေခြည်က ပြောပြောဆိုဆိုပင် လက်မှာ စွပ်ထားသောလက်စွပ်ကို ချွတ်၍ ဒေါ်တင်တင်ထား လက်ထဲသို့ ထည့်လိုက်သည်။

ဒေါ်တင်တင်ထား ဆတ်ခနဲ တုန်သွားသည်။

“ ယူသွားပါ အန်တီ . . . ပြီးတော့ စိတ်လည်း ချပါ။ ကျွန်မနောက် သူနဲ့ မတွေ့တော့ပါဘူး . . . သူက ဆက်သွယ်လာရင်လည်း ကျွန်မ အတွေ့မခံတော့ပါဘူး . . . စိတ်ချနေပါ ”

ပြတ်သားသော နေခြည့်စကားများကြောင့် ဒေါ်တင်တင်ထား ငြိမ်ကျသွားသည်။

အခန်းတွင်း၌ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးသွားသည်။

“ ဒီလောက်ဆို အန်တီလည်း ကျွန်မရဲ့ သဘောထားကို နားလည်လောက်ပါပြီနော် ”

နေခြည်က အားတင်း၍ ရယ်သံလေးနှင့် မေးလိုက်သည်။

“ နားလည်ပါပြီ နေခြည်ရယ် ”

“ ဒါဆိုရင်လည်း ကျေးဇူးပါပဲ ၊ နေခြည် အားလုံးကို မေ့ပစ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ ”

နေခြည်က ပြောင်းထိုင်ရာမှ ထ၍ ကျောခိုင်းလိုက်သည်။

ဒေါ်တင်တင်ထား နားလည်သဘောပေါက်စွာဖြင့် ထိုင်ရာမှ ထ၍ ဖြည်းလေးစွာ ပြန်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည် လုံးဝ လှည့်မကြည့်သလို နှုတ်ဆက်ရန်လည်း မေ့နေ စားတော့။

ခဏကြာ ဒေါ်တင်တင်ထား၏ ကားစက်နှိုးသံကို ကြားလိုက်ရ သည်။

ဒီတော့မှ နေခြည် တင်းထားသောစိတ်ကို လျှော့လျက် ပုံသွင်း သား ဆိုဖာပေါ် ထိုင်ချလိုက်သည်။

မျက်ရည်တွေက အထိန်းအကွပ်မဲ့ ပိုးပိုးပေါက်ပေါက် စီးကျလာ သည်။

ဒီတစ်ခါတော့ တကယ်ဝေးကြပြီ ထင်ပါရဲ့ မောင်ရယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



" တူ . . တူ . . တူ . . ."

နံနက်စောစောပင် ရှိသေးသည်။

ဖုန်းက ထမြည်လာသည်။

ကံကောင်းဆက်သာ အိပ်ချင်မူးတူးဖြင့် ဖုန်းကို နားထောင်လိုက်သည်။

" ဘယ်သူလဲ . . စောစောစီးစီးကွာ . . ."

သူ စိတ်မရှည်စွာဖြင့် အော်လိုက်သည်။

" ကိုကိုကောင်းလား . . ."

တစ်ဘက်မှ ရွှန်းလဲ့၏အသံ။

သူ့စိတ်ထဲ တော်တော် မကျေမနပ်ဖြစ်သွားသည်။

စောစောစီးစီး ဘာများ ရှုပ်ဦးမလဲ မသိ ဟု ရွေးမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် . . ဘာကိစ္စလဲ "

" ကိုကိုကောင်းကို အရေးကြီးတာ ပြောစရာရှိလို့ . . ."

ရွှန်းလဲ့၏ အသံက အေးအေးဆေးဆေးပင်။

" ဆိုစမ်းပါဦး ဒေါ်ရွှန်းလဲ့ရဲ့ "

" ဒီလိုပါ . . . ကိုကိုကောင်းရဲ့အချစ်ဦးဟာ နေခြည်နွေး မဟုတ်လား "

ကံကောင်းဆက်သာ သဘောကျစွာ ရယ်မောလိုက်ပြီး . .

" ရွှန်းလဲ့ က တော်တော် သိနေပါလား . . ."

" ရွှန်းလဲ့လည်း ဒီလောက်တော့ သိပါတယ် ကိုကိုကောင်းရဲ့"

" ဟုတ်တယ်လေ . . . အဲဒါ ဘာဖြစ်လဲ၊ ရွှန်းနဲ့ ဆိုင်လို့လား ပြောစမ်းပါဦး "

" ရွှန်းပြောတာလည်း ဆုံးအောင် နားထောင်ပါဦး . . ကိုကိုနဲ့ ရွှန်းရဲ့ စေ့စပ်တဲ့ကိစ္စကို ကိုကို့သဘော မပါဘဲ လူကြီးတွေက စီစဉ်ခဲ့ကြတယ် . . . ပွင့်ပွင့်လင်းလင်းပြောရရင် ရွှန်းလည်း ဒီကိစ္စမှာ ပါပါတယ်၊ ရွှန်းကိုယ်တိုင်က ကိုကို့ကို ချစ်မိသူကိုး "

ရွှန်းလဲ့၏အသံလေးက သနားစရာပင်။

သူမလည်း သူမ၏ခံစားချက်ကလေးနှင့် သူမပင်။

ဒါကို ကံကောင်းဆက်သာ စာနာမိပါသည်။

" ဟိုနေ့က ကိုကိုကောင်းနဲ့မနေခြည်ကို မြို့ထဲမှာ တွေ့လိုက်တော့ ရွှန်းလဲ့ရင်ဝကို မီးစနဲ့ ထိုးလိုက်သလိုပဲ အရမ်း ခံစားသွားရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် . . . အိမ်ရောက်တာနဲ့ ကိုကိုကောင်း မေမေ့ဆီကို ဖုန်းဆက်လှမ်းတိုင်လိုက်တယ် ”

ဒီတော့မှ မေမေ မန္တလေးမှ ရန်ကုန်သို့ ချက်ချင်းဆင်းချလာသည့်အဓိပ္ပါယ်ကို ကံကောင်းဆက်သာ သဘောပေါက်မိသည်။

ရွှန်းလဲ့ကို စိတ်တိုသွားမိပေမယ့် ငြိမ်၍ နားထောင်နေလိုက်သည်။

“ ကိုကိုကောင်း စိတ်ဆိုးသွားပြီ ထင်တယ် . . ရွှန်း ဆက်ပြောပါရစေ ကိုကိုရယ် . . . အဲဒီနောက်ပိုင်း ရွှန်း သေချာစဉ်းစားကြည့်မိတယ် ကိုကိုကောင်းနဲ့ မနေခြည်တို့ဟာ သိပ်ချစ်ကြတဲ့ချစ်သူတွေ။ ကိုကိုကောင်းကလည်း ရွှန်းကို မချစ်နိုင်ဘူးဆိုတာ ရွှန်းသိပြီးသား . . . ဒီတော့ ရွှန်းကြောင့် ချစ်သူနှစ်ယောက်စလုံးကို စိတ်မဆင်းရဲစေချင်တော့ဘူး မနေခြည် ထိခိုက်ဒဏ်ရာရတာတွေ ရွှန်း သိပြီးပါပြီ . . . ဒါ့ကြောင့် မနေခြည်ကို သနားလည်း သနားတယ် . . . ကရုဏာလည်း သက်မိတယ် ကိုကိုကောင်း ”

သူ့မှာ စောစောက ရွှန်းလဲ့ကို ဒေါသထွက်နေသောစိတ်သည် ယခုတော့ အံ့ဩစိတ်အဖြစ် ပြောင်းလဲနေပြီ ဖြစ်သည်။ ထို့ကြောင့် နားစိုက်ထောင်မိသည်။

“ ဒါ့ကြောင့် ရွှန်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ် . . ကိုကိုကောင်းနဲ့ မနေခြည်တို့ လက်တွဲနိုင်ဖို့ ရွှန်းကပဲ နောက်ဆုတ်ပေးမယ် . . . ကိုကို့ကိုလည်း အစ်ကိုအရင်းလိုပဲ သဘောထားပါမယ် ”



www.burmeseclassic.com

www.burmeseclassic.com



" ဒါဖြင့် စေ့စပ်ထားတဲ့ကိစ္စကရော . . ."

" လွယ်ပါတယ် . . . နှစ်ဦးသဘောတူ ဖျက်လိုက်ကျရုံပဲ ပေါ့ . . . "

" မေမေတို့နဲ့ ဖြစ်ပါ့မလား ရွှန်းရဲ့ . . ."

ရွှန်းက ရယ်မောလိုက်သည်။

" ရွှန်းက ကိုယ့်သဘောနဲ့ကိုယ် ဖျက်တယ်လို့ အန်တီတို့ကို ရှင်းပြပေးပါ့မယ် ကိုကို . . . မပူပါနဲ့ ကိုကိုနဲ့မနေခြည်တို့နှစ်ယောက် ချစ်ချစ်ခင်ခင် မြင်ရရင်ပဲ ရွှန်း ကျေနပ်ပါပြီ "

" ကျေးဇူးအများကြီးတင်ပါတယ် ရွှန်းရယ် . . . ကိုကိုလည်း ဒီကိစ္စနဲ့ စိတ်ညစ်နေတာ . . ."

" ဒါဆို အခုရော . . ."

သဘောထားကြီးကြီး နောက်ဆုတ်ပေးလိုက်သော ရွှန်းလဲ့ကို အံ့သြကျေးဇူးတင်မိပါသည်။

" အခုကတော့ ရွှန်းကျေးဇူးကြောင့် ကျွန်တော် စိတ်မညစ်ရ တော့ဘူးလေ . . ."

" ရပါတယ် . . . လိုအပ်တဲ့အကူအညီရှိရင် ပြောနော် . . . ရွှန်းက အဆင့်သင့်ပဲ "

" ကျေးဇူးကမ္ဘာပါပဲကွာ . . ."

တစ်ဖက်မှ ဖုန်းချသွားသည်။

သူ့စိတ်ထဲ အတော်လေး ပေါ့ပါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောအကြောင်းကြောင့် တကယ်ပင် ဝမ်းသာသွားရသည်။

ဤသို့ဆိုလျှင် . . .

မိမိနှင့်နေခြည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာနိုင်သည်။

ရွှန်းလဲ့က သဘောထားကြီးစွာနှင့် နောက်ဆုတ်ပေးနေပြီ မဟုတ်ပါလား . . .။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ထား လက်ထဲ၌ စာတစ်စောင် ကိုင်ထားသည်။

ထိုစာကို အခေါက်ပေါင်းများစွာ ဖတ်ပြီးနေပြီ ဖြစ်သည်။

စာဖတ်ပြီးသည့်နောက်ပိုင်း သူမ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းရိပ်များ ထင်ဟပ်လာသည်။

တွေဝေစွာ စဉ်းစားရင်းမှ ဘယ်နှစ်ကြိမ်မြောက် ဖတ်မိမှန်းမသိသောစာကို ထပ်မံ၍ ဖတ်လိုက်ပြန်သည်။

ဒေါ်တင်တင်ထား . . .

ဒီစာကို ရေးလိုက်တာ ဘာအပြစ်မှမရှိတဲ့ ကလေးတွေရဲ့ ငိုထဲမှာ ဆိုးရွားတဲ့ဝေဒနာကို ခံစားရမှာစိုးလို့ပဲ . . . ဒီတော့ ကျေးဇူးပြုပြီး ဒီစာကို ဆုံးအောင် ဖတ်ပေးပါ။

ကျွန်တော့်အနေနဲ့ ဒီတစ်သက် မပြောတော့ပါဘူးလို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာတွေကို အခုပဲ ဖွင့်ပြောပါရစေတော့ . . ။
ဒေါ်တင်တင်ထားရဲ့ ရင်ထဲက မကျေမချမ်းနိုင်သေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ရှင်းပြပါရစေ . . ။
ဒေါ်တင်တင်ထားရဲ့မိဘတွေက ချမ်းသာတော့ ကျွန်တော်နဲ့ လုံးဝ သဘောမတူခဲ့ဘူးလေ . . . သူတို့ သဘောတူခဲ့တာက ကိုငွေအောင်။ ဒါ့ကြောင့် ဒေါ်တင်တင်ထားရဲ့ ဖခင်ကိုယ်တိုင်က နောက်ဆုတ်ပေးဖို့ မေတ္တာရပ်ခံသွားတယ်။
ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်ချစ်သူကို မစွန့်လွှတ်နိုင်သလို ကိုယ့်ချစ်သူ ကောင်းစားရေးကိုလည်း လျစ်လျူမရှုနိုင်ခဲ့ဘူး။
ဒေါ်တင်တင်ထားရဲ့ဖခင်က ကျွန်တော့်ကို ပြတ်ပြတ်သားသားပဲ ပြောခဲ့တယ် . . ။
"ငါ့သမီးနဲ့ မင်း ယူရင် သူ့ကို အမွေဖြတ်ပစ်မယ်" တဲ့။
"သူ့အမေကလည်း မင်းတို့ကြောင့် အိပ်ယာပေါ်ရောက်နေပြီ" တဲ့ . . ။
ကဲ . . . ကျွန်တော် ဘာဆက်လုပ်ရမလဲ။
ဒါနဲ့ ကျွန်တော် နောက်ဆုတ်ဖို့ပဲ ဆုံးဖြတ်လိုက်တယ်။
ဒီကြားထဲမှာပြဿနာဖြစ်ရတာက ခက်ခက်ပဲ . . ။
ခက်ခက်ဟာ ကျွန်တော်တို့နှစ်ယောက်ကြား အောင်သွယ်ပေးလို့ နာမည်ပျက်ခဲ့ရရှာတယ်။
နောက်ဆုံး မိန်းမသားဖြစ်တဲ့ ခက်ခက်လည်း မနစ်နာရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နဲ့ ဒေါ်တင်တင်ထားရဲ့ ဇာတ်လမ်းကလည်း . . . ဒေါ်တင်တင်ထား ဖခင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရအောင် ခက်ခက်ကို ကျွန်တော် ခိုးပြေးခဲ့ရတာပါပဲ . . .။

ဒေါ်တင်တင်ထားရဲ့ အယူအဆတွေ မှားနေတယ်ဆိုတာ သိရလို့ ကလေးတွေအတွက် ဦးစားပေးပြီး ဒီစာကို ရေးရတာပါ။ ဒီစာဖတ်ပြီးရင်တော့ ဒေါ်တင်တင်ထား နားလည်မှု ရှိမယ်လို့ မျှော်လင့်ပါတယ် . . .

တစ်ချိန်က

ဝေလွင်

ဒေါ်တင်တင်ထား၏ လက်ဖျားများ တုန်ခါ၍ စာရွက်လေး တဖျပ်ဖျပ် လှုပ်ခါနေသည်။

တဖြည်းဖြည်းနှင့် သူမအမှားများကိုလည်း နားလည်လာမိသည်။

သူမ အထင်လွဲခဲ့မှုများနှင့် တယူသန် စိတ်ကြီးခဲ့မှုများကို ပြန်လည် မြင်ယောင်လာမိသည်။

ကိုဝေလွင်သည် သူမကို ချစ်ပါလျက် သူမ၏ဘဝရှေ့ရေးအတွက် တမင်ငဲ့ညှာပေးခဲ့ခြင်း ဖြစ်သည်ကို ဒေါ်တင်တင်ထား ယခုမှပင် နားလည် သဘောပေါက်မိလေတော့သည်။

" ဩော် . . . ဖြစ်မှဖြစ်ရလေ ကိုဝေလွင်နဲ့ခက်ခက်ရယ် . . . ဒီအကြောင်းတွေ ထား မသိခဲ့ရပါလား "



www.burmeseclassic.com

www.burmeseclassic.com



သူမ၊ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

စာရုက်လေးကို ရှိသေစွာ ပြန်ခေါက်လိုက်ပြီး စာအိတ်ထဲသို့ ထည့်လိုက်သည်။

" မေမေ "

ရုတ်တရက် အခန်းပေါက်မှ ခေါ်သံကြောင့် ဒေါ်တင်တင်ထား လှည့်ကြည့်လိုက်သည်။

သားတော်မောင် . . . ကံကောင်းဆက်သာပင်။

" လာလေ . . . သား "

ကံကောင်းက ခုံတစ်လုံး ယူ၍ ထိုင်သည်။

" မေမေ နေခြည်တို့အိမ်ကို သွားပြီး နေခြည်နဲ့ သွားတွေ့တယ်ဆို "

ဒေါ်တင်တင်ထားက ခေါင်းကို ဆတ်ရင်း . . .

" ဟုတ်တယ် သား ၊ ဘာဖြစ်လို့လဲ . . ."

" မေမေ သားတို့ကို သဘောမတူလို့ နေခြည်တို့အိမ်ထိ သွားပြောတာတော့ မကောင်းပါဘူး မေမေရယ် . . . နေခြည်ခမျာ ဘယ်လောက် စိတ်ဆင်းရဲနေရတယ်ဆိုတာ ကိုယ်ချင်းစာဖို့ ကောင်းပါတယ် . . ."

ဒေါ်ဘင်တင်ထား၏မျက်နှာက ကြည်လင်၍နေပြီ ဖြစ်ပါသည်။ သားဖြစ်သူကို ပြုံးလျှက် . . .

" ဪ . . . မေမေ့သားက အစွဲအလမ်း ကြီးလှပါလားကွာ



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မေမေ မျှားခဲ့တာတွေကို သဘောပေါက်နေပါပြီ သားရဲ့ ”

“ တကယ်လား မေမေ ”

ကံကောင်းဆက်သာ အားရဝမ်းသာလွန်း၍ ထခုန်မိမတတ် ဖြစ်မိသည်။

မေမေ့စိတ်တွေ ဘယ်လိုပြောင်းလဲသွားသလဲ ဆိုတာ မစဉ်းစား တတ်တော့ . . ။

“ ကဲ . . . ဒီတော့ . . နေခြည့်ကို သား ရအောင် သွားခေါ် ပေတော့ . . . သေသေချာချာ အကျိုးအကြောင်း ပြောပြနော် ”

“ ဟုတ်ကဲ့ မေမေ ”

ကံကောင်းဆက်သာ ထိုင်နေရာမှ ထပြီး အခန်းဝရောက်မှပင် ဒေါ်တင်တင်ထားမှာ တစ်စုံတရာကို သတိရသွားပြီး . . .

“ ဪ . . . သား ၊ ခဏ ”

ကံကောင်းက မိခင်ဖြစ်သူကို လှမ်းကြည့်လိုက်သည်။

ဒေါ်တင်တင်ထားက ဗီရိုအံဆွဲကို ဖွင့်ပြီး တစ်စုံတရာကို ထုတ် ယူလိုက်သည်။

“ ရော့ . . . သား ၊ မေမေ နေခြည့်ကို သွားတွေ့တဲ့နေ့က နေခြည် ပြန်ပေးလိုက်တဲ့လက်စွပ်လေး . . . မေမေကိုယ်တိုင်က ကြည် ကြည်ဖြူဖြူနဲ့ ပြန်ပေးလိုက်ပါတယ်လို့ ”

ကံကောင်းဆက်သာက မိမိလက်ထဲသို့ မိခင်ဖြစ်သူ လာထည့် ပေးသောလက်စွပ်လေးကို တယုတယ ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဂျွန်တော်တို့ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မေမေ "

မိခင်၏ ရုတ်တရက်ပြောင်းလဲသွားသောစိတ်ကို အံ့ဩဝမ်းသာမိသည်။

အပြောင်းအလဲကတော့ မြန်ဆန်လှ၏။

မိခင် ဘာကြောင့် ပြောင်းလဲသွားသလဲတော့ မသိ . . .။

ဘာပဲဖြစ်ဖြစ် သူ အရမ်း ဝမ်းသာမိသည်။

မောင်လာပြီ နေခြည်ရေ . . .

မောင့်ကို စောင့်ကြိုနေပေးပါနော် . . .။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဧည့်ခန်းထဲ၌ ဒေါက်တာကြည်ဖင်နှင့်ဒေါ်ခင်မိုးတို့ ယားနှစ်ယောက်အမြင် နေခြည်ပါ ရှိနေ၏။

အားလုံး မျက်နှာ မကောင်းကြ။

“ သမီး ဒီမှာ နေရတာ မပျော်တော့ဘူး ဘဘရယ် . . . ”

“ ဘာများဖြစ်လို့လဲ သမီး . . . အန်တီ့ကို ပြောစမ်း ”

ဒေါ်ခင်မိုးက ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်သည်။

“ အန်တီတို့နဲ့ နေရလို့တော့ မဟုတ်ပါဘူး . . . ရန်ကုန်မှာ တောကိုက စိတ်ထဲမှာ ပင်ပန်းလာလို့ပါ ”

ဒေါက်တာကြည်ဖင်ရော ဒေါ်ခင်မိုးပါ ဒေါ်တင်ဝင်ထား လာ သွားတာကို နေခြည် ပြန်ပြောထား၍ သိထားပြီးသား ဖြစ်သည်။

“ ဒါဆို သမီးလေးက ရန်ကုန်မှာ မနေတော့ဘူးလား ”



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်မျက်နှာလေး ညှိုးငယ်နေသည်။

" ဟုတ်တယ် အန်တီ . . . ရန်ကုန်မှာနေတာ စိတ်ဆင်းရဲလာပြီ။ မန္တလေးကနေ ပြင်ဦးလွင်မှာပဲ သွားနေတော့မယ် . . . ဟိုမှာ မေဖမ့်ညီမဝမ်းကွဲ ရှိတယ်လေ "

" မသွားလို့ မဖြစ်ဘူးလားကွယ် . . ."

" မဖြစ်လို့ပါ ဘဘရယ် . . . သမီး ဒီမှာနေရင် စိတ်ဆင်းရဲရလိမ့်မယ်၊ တခြားနေရာမှာဆိုတော့ ခံစားရတဲ့ဝေဒနာ လျော့သွားမလားလို့ပါ "

" ဟင်း . . ."

ဒေါက်တာကြည်ဖင် သက်ပြင်းချလိုက်သည်။

ပြီးနောက် ဒေါက်တာကြည်ဖင်နှင့် ဒေါ်ခင်မိုးတို့က နေခြည့်ကို ရန်ကုန်တွင် နေရန် အမျိုးမျိုး ချော့မော့ဖျောင်းဖျကြသည်။

သို့သော် . . .

နေခြည်ကတော့ ခေါင်းကိုသာ တွင်တွင်ခါနေသဖြင့် နောက်ဆုံး သူတို့ကပဲ လက်လျှော့လိုက်ကြရသည်။

" ကဲပါလေ . . . သမီးလေး စိတ်ချမ်းသာမယ်ဆိုရင်လည်း မတားတော့ပါဘူး . . . သမီးသွားချင်တဲ့ ပြင်ဦးလွင်ကို သွားတော့ပေါ့ကွယ် စိတ်ပြေလက်ပျောက်၊ ဒါပေမယ့် အကြာကြီး မနေနဲ့နော် ဟုတ်ပြီလား "

" ဟုတ်ကဲ့ပါ ဘဘရဲ့ "

" ဒါဖြင့် ဘယ်တော့သွားမယ် စိတ်ကူးလဲ "



www.burmeseclassic.com

www.burmeseclassic.com



နေခြည် လက်မှ နာရီလေးကို ငုံ့ကြည့်လိုက်သည်။

" ဒီနေ့ တနင်္ဂနွေဆိုတော့ . . . မနက်ဖြန် လက်မှတ်ရှင်းသွားမယ် "

ဒေါက်တာကြည်ဖင် စိတ်ထဲ မကောင်းဖြစ်သွားပြီး သက်ပြင်းချလိုက်မိသည်။

" ဟင်း . . . သွားမယ်ဆိုတော့လည်း ချက်ချင်းကြီးပါလား သမီးရယ် "

" ဟုတ်ကဲ့ပါ ဘဘ . . . သီတာ့ကိုလည်း အဖော်ခေါ်သွားမှာဆိုတော့ သိပ်တော့ စိတ်မပူပါနဲ့ "

" စိတ်မပူဘူးဆိုတာ ဘယ်ရှိပါ့မလဲ . . . "

ဒေါ်ခင်မိုးက စိတ်မကောင်းဟန်ဖြင့် ပြောသည်။

" သမီးမေမေတို့ကိုလည်း အသေအချာ ခွင့်တောင်းသွားဦးနော် . . . "

" ဟုတ်ကဲ့ပါ . . . ဒါဆို နေခြည် မေမေတို့ဆီသွားရင်း ရွှေတိဂုံဘုရားပါ ဝင်ဖူးဦးမှ . . . စိတ်ပင်ပန်းတာတွေများ လျော့သွားမလားလို့ "

" အေး . . အေး . . ဘုရား အရင်သွားမှာလား "

" ဟုတ်ကဲ့ ဘဘ "

" အေးလေ . . . မြန်မြန်သွားပြီး မြန်မြန် ပြန်လာနော် . . . လက်မှတ် ရတယ်ဆိုရင် ပစ္စည်းတွေ အဆင်သင့် ပြင်ရဦးမယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား . . .”

“ ရပါတယ် ဘဘရဲ့ . . . ပစ္စည်းကလည်း သိပ်မများပါဘူး၊ သမီး သွားလိုက်ဦးမယ် ”

နေခြည် အိမ်ထဲမှ ထွက်သွားတာကို လှမ်းကြည့်ရင်း ဒေါက်တာကြည်ဇင် ရင်ထဲ တော်တော်လေး မကောင်းဖြစ်မိသည်။

မိမိသမီးလေးလိုဖြစ်နေသော နေခြည်၏အချစ်ရေး ကံမကောင်းတာကိုလည်း တွေးကြည့်မိရင်း ပင့်သက်ချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည် ထွက်သွား၍ မကြာမီမှာပင် ကားတစ်စီးဝင်လာရပ်သံကြောင့် ဒေါက်တာကြည်ဇင် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်မိသည်။

နို့နှစ်ရောင် လန်ခရူဇာကားတစ်စီးကို တွေ့လိုက်ရသည်။

" ကံကောင်းဆက်သာ ထင်တယ် . . . ဘာကိစ္စနဲ့ လာပြန်ပြီလဲ မသိဘူး "

ဒေါက်တာကြည်ဇင် ညည်းညူလိုက်လိုက်မိသည်။

ကံကောင်းဆက်သာ အိမ်ထဲသို့ သွက်လက်စွာ ဝင်လာသည်။

" နေခြည် ရှိလား အန်ကယ် "

ကံကောင်းဆက်သာ၏ စကားကြောင့် ဒေါက်တာကြည်ဇင် မျက်မှောင်ကျုံ့သွားသည်။

" ဘာကိစ္စရှိလို့လဲ . . . မောင်ကံကောင်း "



www.burmeseclassic.com

www.burmeseclassic.com



" အရေးကြီးလို့ပါ အန်ကယ် "

ဒေါက်တာကြည်ဇင်က အေးစက်စွာ ပြုံးလိုက်ပြီး . . .

" မင်း သမီးလေးကို ထပ်နှိပ်စက်ဦးမလို့လား . . . အနည်ထိုင်စပြုနေတဲ့ သမီးလေးရဲ့ဘဝကို မင်း မဖျက်ချင်ပါနဲ့လားကွယ် "

" ဟာ . . . ဒီလို မဟုတ်ရပါဘူး ခင်ဗျ "

" ဟား . . ဟား . . .မင်းတို့ တော်တော်ရယ်ဖို့ကောင်းပါလား။ မင်းကြောင့် သမီးလေးနေခြည့်ခမျာ သိပ်ကို သနားစရာကောင်းနေပြီ။ စိတ်ပင်ပန်း လူနွမ်း ဖြစ်နေရပြီ . .ဒီတော့ . . .မင်းဆက်ပြီး မနှောင့်ယှက်ပါနဲ့လား "

ဒေါက်တာကြည်ဇင်က သူ့ကို ယဉ်ယဉ်လေးဖြင့် သူ့ကို နှင်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

အဖြစ်မှန် မသိသေးသောကြောင့် မိမိကို ဒီလို အထင်လွဲခြင်းဖြစ်ကြောင်း ကံကောင်းဆက်သာ သိသည်။

ထို့ကြောင့် . . .

" ကျွန်တော်က နှောင့်ယှက်တာ မဟုတ်ပါဘူး အန်ကယ် . . အခု အားလုံး အဆင်ပြေသွားလို့ ကျွန်တော် လာခဲ့တာပါ "

ဒေါက်တာကြည်ဇင် အံ့သြသွားသည်။

" ဘယ်လို . . . အဆင်ပြေသွားပြီ ဟုတ်လား "

" ဟုတ်ပါတယ် အန်ကယ် . . . ကျွန်တော့်မေမေက သူမှားတာတွေကို ပြန်မြင်ပြီး နောင်တရနေပါပြီ။ ဒါ့ကြောင့် မေမေက နေခြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာနိုင်းပါတယ်၊ အခု ကျွန်တော်တို့နှစ်ယောက်ကို မေမေက သဘော တူလိုက်ပါပြီ ”

ထိုစကားကြားရတော့ ဒေါက်တာကြည်ဇင်ရော ဒေါ်ခင်မိုးပါ အံ့သြသွားကြသည်။

သို့သော် ဒေါက်တာကြည်ဇင်က မျက်နှာ ခပ်တင်းတင်းနှင့်

“ ဒါဆို မင်းနဲ့ စေ့စပ်ထားတယ်ဆိုတဲ့ မိန်းကလေးကရော”

“ ဩော် . . ရွှန်းလဲ့က ကျွန်တော်နဲ့ နေခြည်တို့ရဲ့အကြောင်းစုံ ကို သိသွားပြီး သဘောထားကြီးကြီးနဲ့ နောက်ဆုတ်ပေးလိုက်ပါပြီ . . . အစေ့စပ်ကြောင်းလမ်းထားတာကိုလည်း သူ့ဘက်ကနေ ဖျက်ပေးပါ့မယ် တဲ့ . . .”

“ ဩော် . . ဒီလိုလား . . .”

ဒေါက်တာကြည်ဇင်က အခုမှပင် မျက်နှာထားရော လေသံပါ ပျော့သွားသည်။

ဒေါက်တာကြည်ဇင် ယခုမှပင် ဘဝင်ကျနိုင်တော့သည်။

“ ဟုတ်ပါတယ် . . . ဒီသတင်းပြောချင်လို့ အမြန်ဆုံးအပြေး လာခဲ့ရတာပါ အန်ကယ် . . . ဒါနဲ့ နေခြည်ရော . . .”

ဒေါက်တာကြည်ဇင်က ခပ်ပြုံးပြုံးပင် . . .

“ သမီးလေးက ပြင်ဦးလွင် သွားမယ်ပြောတာပဲ ”

“ ဒါဖြင့် နေခြည် . . နေခြည် သွားပြီပေါ့ ”

ကံကောင်းဆက်သာတစ်ယောက် ပျာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" မသွားသေးပါဘူး . . . ဒါပေမယ့် မနက်ဖြန် သွားဖို့တော့ သေချာနေပြီ "

" ဒါဖြင့် နေခြည် ဘယ်ကို သွားတာလဲ ခင်ဗျ "

ကံကောင်းဆက်သာ စိုးရိမ်တကြီး မေးလိုက်ပြန်သည်။

" အင်း . . . သမီးလေးက ရွှေတိဂုံဘုရားကို စောစောကတင် သွားတယ် ၊ အပြန် သူ့အမေအိမ် ဝင်မယ်တဲ့ "

" သူတစ်ယောက်တည်းလား ခင်ဗျ "

" အေး . . . "

" ဒါ . . ဒါဖြင့် ကျွန်တော် လိုက်သွားမှပဲ . . . ကျွန်တော် သွားပါဦးမယ် "

ဒေါက်တာကြည်ဖင်က သဘောကျစွာ ရယ်၍ . . .

" ဖြည်းဖြည်းပေါ့ကွာ . . . သိပ်မကြာပါဘူး . . ပြန်လာမှာ ပါ . . . အိမ်မှာပဲ အေးအေးဆေးဆေးထိုင်ပြီး စောင့်နေပါလား . . မောင်ကံကောင်းဆက်သာ "

ကံကောင်းဆက်သာ စောင့်မနေနိုင်တော့ . . ။

" မစောင့်တော့ဘူး အန်ကယ် . . . ကျွန်တော် အခုပဲ လိုက် သွားတော့မယ် "

ကံကောင်းဆက်သာမှာ အတင်းပင် သူ့ကားလေးရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားပြီး ကားလေးကို မောင်း၍ ထွက်သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည့်ဖင်ကတော့ ပျာယာခတ်နေသော ကံကောင်းဆက်သာ၏ ကျောပြင်ကို ကြည့်ပြီး ရယ်မောရင်း ကျန်ရစ်ခဲ့သည်။

စိတ်ထဲကတော့ . . .

အပြောင်းအလဲ မြန်လှသည့်အခြေအနေတစ်ခုကို အံ့ဩ၍ တောနှပ်နေမိပါတော့သည်။

❋ ❋ ❋

*dreams books*

www.burmeseclassic.com

www.burmeseclassic.com



ကားကို အပေါ်ဘက်ထိ ကွေ့ပတ်မောင်းလာပြီး တောင်ဘက်
မုခ် ဓါတ်လှေကားအနီး မရောက်တရောက်၌ ကားကို ကပ်ရပ်လိုက်သည်
လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။

" အင်း . . . ဘုရားပေါ်မှာ ရှိမှာတော့ သေချာပါတယ်

ဓါတ်လှေကားဖြင့် သူ ဘုရားပေါ်တက်ခဲ့သည်။

သူ့စိတ်ထဲတွင် အရာအားလုံးက နှေးနေသည်ဟု ထင်နေ
သည်။ အားလုံးကို မြန်မြန်ဆန်ဆန် ဖြစ်စေချင်သည်။

သူကိုယ်တိုင် နေခြည်ရှေ့သို့ ဘွားခနဲ ရောက်ချင်နေမိသည်

ဘုရားပေါ်ရောက်တော့ ခပ်သွက်သွက်လေး လျှောက်လာ
သည်။ ဘုရားရိပ်တရားရိပ်က အေးချမ်းလှသည်။ ရင်ထဲ၌ စိမ့်၍ အေး
သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို တွေ့လိုစိတ်က ပြင်းပြနေသည်။

စနေထောင့်။

ခပ်လှမ်းလှမ်းရှိ စနေထောင့်သို့ ရောက်တော့မည်။

သူ့ရင်ထဲ၌ ရုတ်တရက် ခုန်လာမိသည်။

နေခြည့်ကို တွေ့လို မြင်လိုစိတ်က ပြင်းပြလာသည်။

စနေထောင့် နီးလာသည်နှင့် ရုတ်တရက် သူ မကြည့်ရဲတော့။

ကျောက်ပြားဖြူဖြူလေးများပေါ်၌ နင်းလျှောက်ရသည်မှာ အေးမြလှသော်လည်း ရင်ထဲ၌ ပူလောင်နေမိသည်။

ထို့ကြောင့် မရဲတရဲ လှမ်းကြည့်လိုက်သည်။

ပန်းအိုးထဲ၌ ပန်းမျိုးရောင်စုံများ ၊ သပ္ပါယ်ဖွယ် ဘုရားဆင်းတုတော်ကို ရေသပ္ပါယ်နေကြသူများ။ ပြီးတော့ စနေထောင့်၌ဘုရားရှိခိုးနေကြသူများ။

ထိုလူများထဲတွင် ကျုံ့ကျုံ့လေး ထိုင်ကာ ဘုရားကန်တော့နေသူကို မြင်လိုက်ရရုံနှင့် သူ သိလိုက်သည်။

သူ့ရင်အစုံမှာ တဆတ်ဆတ် ခုန်နေမိသည်။

မိုးပြာရောင် အင်္ကျီဝမ်းဆက်နှင့် ချစ်ရပါသော နေခြည်။

နေခြည်နှင့် မလှမ်းမကမ်း၌ သူ ရပ်လိုက်သည်။ နေခြည့်ကို ချစ်မြတ်နိုးစွာ စိုက်၍ ကြည့်နေမိသည်။

ခဏအကြာ ဘုရားရှိခိုးပြီး ဦးချပြီးသည်နှင့် နေခြည် ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုက်တရက် ဘေးဘက်သို့ စောင်းငဲ့ကြည့်လိုက်ရာ . . .

" ဟင် . . ."

နေခြည် အံ့သြသွားမိသည်။

နှစ်ယောက်စလုံး ရုတ်တရက် တစ်ယောက်ကို တစ်ယောက် ကြည့်၍ ကြောင်နေမိသည်။ မည်သည့်စကားမျှ မဆိုနိုင်ကြ။

" မောင့်အချစ် "

နေခြည် ခေါင်းလေးငုံ၍ ရှောင်ကာ ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားသည်။

ကံကောင်းဆက်သာ နောက်မှ လိုက်သွားသည်။ ဘုရားပေါ်၌ ဖြစ်၍ သူ့အနေနှင့် ပြောရမှာ မလွယ်။ လူတွေကလည်းရှိနေ၍ စောင့်ထိန်း နေရသည်။

ကိစ္စလည်း သေချာရှင်းပြရမည်လေ . . .။

နေခြည် လုံးဝ လှည့်မကြည့်တဲ့ ခပ်သုတ်သုတ်လေး ပြေးသွား သည်။ တောင်ဘက်မုဒ်လှေကားထစ်များမှ နေခြည် ပြေးဆင်းသွားသည်။

ကံကောင်းဆက်သာ နောက်မှ ပြေးဆင်း၍ လိုက်သွားသည်။ နှုတ်ကလည်း . . .

" နေခြည် . . . မောင့်ကို စောင့်ဦးလေ "

နေခြည်က လှည့်မကြည့် . . .။

များပြားလှသော လှေကားထစ်များအတိုင်း ပြေးဆင်းနေသည်။

" နေခြည် . . . ခဏလေး နေပါဦး ၊ မောင့်မှာ ပြောစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိတယ် ”

ဘုရားပေါ်တက်လာကြသူတွေကလည်း ရုပ်ရှင်ရိုက်နေသည် ထင်၍လား မသိ။ အထူးအဆန်းသဖွယ် လှည့်ကြည့်ကြသည်။

ကြည့်ချင်လည်း ကြည့်ကြပါစေလေ . . . သူ့အနေနှင့် လုံးဝ ဂရုမစိုက်နိုင်တော့ . . .။

လှေကား တစ်ဆင့်ပြီးတစ်ဆင့် အပြေးလေး ဝဲ့ကိုလာခဲ့သည်။

နေခြည်ကို မှီခါနီးလေးမှာပင် မျက်နှာချင်းဆိုင်က တက်လာသော သစ်သားဗောင်တန်းကြီးထမ်းလာသူနှစ်ယောက်နှင့် ကံကောင်း ဆက်သာ တည့်တည့် တိုးတော့သည်။

ထမ်းလာသူကလည်း ရှောင်သည်။

သူကလည်း ရှောင်သည်။

ထို့ကြောင့် ကံကောင်းဆက်သာမှာလည်း အရှိန်နှင့် ပြေးဆင်း လာတာကြောင့် သစ်သားဗောင်တန်းနှင့် သူ့ပုခုံးစွန်းကို တည့်တည့် ထိုးမိသည်။

“ အား . . ကျွတ် . . ကျွတ် ”

“ ဟာ . . . ထိမိသွားပြီ ”

ဘေးမှ မြင်ရသူများက ထိတ်လန့်တကြား အော်ဟစ်လိုက်ကြ သည်။

ကံကောင်းဆက်သာ နေခြည်နောက်ကို ဆက်မလိုက်နိုင်တော့ဘဲ တိုက်မိသွားသော မိမိပုခုံးနေရာကို ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်သားစွန်းနှင့် ပွတ်၍ ခွဲခြစ်မိလိုက်သဖြင့် သူ့အပေါ်အင်္ကျီစ စုတ်ပြဲသွားပြီး သွေးများပင် စို့တက်လာသည်။

အော်သံများကြားတော့မှ နေခြည် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

ကံကောင်းဆက်သာကို သစ်သားဘောင်များနှင့် ဝင်တိုက်မိသည်ကို တွေ့လိုက်ရသည်။ သူ့ပုခုံးတစ်ဘက်၌ သွေးများရဲနေသည်ကို မြင်လိုက်ရ၍ မျက်လုံးလေး ဝိုင်းသွားမိသည်။ ပြီးနောက်က သူ့နားသို့ အပြေးသွားကာ ထိုင်ချလိုက်သည်။

" ဖြစ်ရလေ မောင်ရယ် . . ."

နေခြည်က လက်ကိုင်အိတ်ထဲမှ ပုဝါရှည်ကို ထုတ်၍ သူ့ပုခုံးမှ စီးကျလာသော သွေးများကို သုတ်ပေးလိုက်သည်။

သူ့ကိုတော့ မော့မကြည့်မိပါ။

သူ့ပုခုံးက ဒဏ်ရာကို စည်းနှောင်ပေးပြီးတော့မှ နေခြည် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ ဘေးနားတွင် ခပ်ငိုင်ငိုင်လေး ရပ်နေသည်။

" မောင့်အချစ် "

ကံကောင်းဆက်သာ ထိုင်နေရာမှ ထ၍ နေခြည့်အနား ကပ်သွားကာ . ...

" နေခြည့်ကို မောင် ပြောစရာတွေ အများကြီး ရှိတယ် "

နေခြည် ခေါင်းငုံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" မောင်ပြောတာကိုတော့ ဆုံးအောင် နားထောင်ပေးပါနော် နေခြည် "

" ဘာပြောမှာလဲ . . ."

နေခြည်က မပွင့်တပွင့် ပြန်ပြောသည်။

ကံကောင်းဆက်သာ ပုခုံးမှ ဒဏ်ရာကို လက်ဖြင့် အသာအုပ်လိုက်သည်။ နာကျင်မှုကြောင့် သူ့မျက်နှာ ပျက်သွားသည်။

" သိပ်နာသွားလားဟင် . . ."

" အဟင်း . . ဟင်း . . . ရင်ထဲက ဒဏ်ရာလောက်တော့ မနာပါဘူး ချစ်ရယ် "

" အို "

နေခြည့်မျက်နှာလေး ရဲသွားသည်။

လှေကားထစ်များအတိုင်း တဖြည်းဖြည်း ဆင်းလာရင်း သူက အကြောင်းစုံ ပြောပြလိုက်သည်။

" မောင့်အချစ်ကို ဝမ်းသာစရာသတင်း ပြောဖို့ ဒီအထိကို လိုက်လာခဲ့ရတာ ၊ တကယ်ကို ချစ် ဝမ်းသာရမှာပါ "

နေခြည်က မဲ့ပြုံးလေး ပြုံး၍ . . .

" ဟုတ်လို့လား . . ."

" ဟုတ်ပါတယ် မောင့်အချစ်ရယ် . . . အခုဆို မောင့်မေမေက သူ့အမှားတွေ ပြန်မြင်ပြီး နောင်တရနေပါပြီ . . . မောင်နဲ့အချစ်ကိုလည်း ဖူးစာဆက်ခွင့် ပေးလိုက်ပါပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဖူးစာဆက်ခွင့် . . ."

ကံကောင်းဆက်သာ ခေါင်းညိတ်လိုက်သည်။

" အို . . . တကယ်မှ ဟုတ်ရဲ့လား မောင်ရယ် "

" တကယ်ပေါ့ . . . အခု မောင့်မေမေက သူ့ချွေးမလေးကို ခေါ်လာခဲ့ပါ၊ ဟော့ဒီလက်စွပ်လေးကိုလည်း ဝတ်ပေးလိုက်ပါ ဆိုလို့ . . မောင့်မှာ ရှာလိုက်ရတာ "

မောင်က နေခြည့်လက်ကလေးကို ဆွဲယူ၍ လက်စွပ်ကလေးကို စွပ်ပေးရန် ပြင်လိုက်သည်။ နေခြည်က လက်စွပ် စွပ်ပေးရန်ပြင်နေသည့် မောင့်ကို လှမ်းတားလိုက်ရင်း . . .

" ရွှန်းလဲ့နဲ့ စေ့စပ်ထားတာရော . . ."

" ဪ ဒါလား ဒါလည်း ပြီးသွားပါပြီခင်ဗျာ ရွှန်းလဲ့က မောင်နဲ့ချစ်ရဲ့ဇာတ်လမ်းကို ကြားပြီး မောင်တို့နှစ်ယောက်တို့ စာနာပြီး သူ့ဘက်ကနေ စေ့စပ်ထားတာကို ဖျက်ပေးပါ့မယ်တဲ့၊ မောင်တို့ရဲ့ဖူးစာကိုပဲ ဆက်ပါတော့တဲ့ . . . "

" တကယ် "

နေခြည့်မှာ မထင်မှတ်သောစကားများကို ကြားလိုက်ရ၍ ဘာပြန်ပြောရမှန်းတောင် မသိ ဖြစ်သွားသည်။

" တကယ်ပေါ့၊ ဘာလဲ . . . ချစ်က မောင့်ကို မယုံလို့လား"

" မဟုတ်ပါဘူး မောင်ရယ် . . . ချစ်က ဒီလိုဖြစ်လာမယ်လို့ မထင်ထားလို့ပါ "



www.burmeseclassic.com

www.burmeseclassic.com



နေခြည်မျက်နှာလေး ကြည်လင်ပြုံးရွှင်လာသည်။

" ချစ် "

" ပြောလေ မောင်ရဲ့ "

နေခြည်က ခပ်တိုးတိုးလေး ပြန်ထူးသည်။

" မောင့်ကို ချစ်လား "

" အို . . . မောင်ကလဲ ဘုရားပေါ်မှာ "

" အောက်ဘက် ရောက်လာပါပြီ ချစ်ရဲ့ . . ပြောပါဦး . . . "

နေခြည့်လက်ကလေးကို မောင်က ခပ်ဖွဖွ ဆုပ်ပြီး မေးသည်။ နေခြည်က ပြုံးလျက် . . .

" မောင့်ကို ချစ်တော့ချစ်တယ်၊ ဒါပေမယ့် . . . မောင့်ထက် ပိုချစ်တဲ့သူ ရှိတယ် "

" ဟောဗျာ . . . မောင့်ကို ဒီလို မကျီစားပါနဲ့ အချစ်ရယ် "

" တကယ်ပြောတာ မောင်ရဲ့ . . . မောင်နဲ့ချစ်ကို ဖူးစာဆက်ခွင့် ပေးလိုက်တဲ့ မောင့်မေမေကိုပေါ့ . . . "

နေခြည်က ရယ်သံလွင်လွင်လေးနှင့် ပြောလိုက်လေတော့သည်။

" ဒီကောင်မလေး အခုကတည်းက ကြည့်စမ်း . . . "

မောင်က နေခြည့်ကို ခပ်ဖွဖွ ထုတ်လိုက်သည်။

" မောင့်ကို နောက်တစ်ခါ ပစ်မပြေးပါဘူး လို့ ကတိပေးစမ်း ပါ . . . "

" စိတ်ချပါ မောင်ရဲ့ . . . ကတိ . . ကတိ "



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က ပြောရင်း တစ်ချိန်က စိတ်ထဲမှ အတော်မျက်မိခဲ့သော ဒေါ်တင်တင်ထားကို မိခင်ရင်းသဖွယ် သဘောထားတော့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

" ဘာပဲဖြစ်ဖြစ် . . . မောင်နဲ့ ဖူးစာဆက်ခွင့်ရတဲ့အတွက် မောင့်မေမေရော ၊ ရွှန်းလဲ့ကိုပါ ကျေးဇူးတင်တယ် လို့ ပြောရအောင်နော် . . . မောင် "

နေခြည့်စကားကို မောင်က ခေါင်းညိတ်လျက် နေခြည့်လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်တော့သည်။

ချစ်သူနှစ်ယောက် ဖူးစာဆက်ခွင့် ရသည့်အတွက် ပြုံးပျော်ကြည်နူးလျက် . . .။

ပိုမိုသော သမုဒယဖြင့်
သမုဒယပိုမို



www.burmeseclassic.com